# ရခိုင်ဘာသာ

## စကားလမ်းညွှန်

အရှင်စက္ကိန္ဒ



အသျှင်စက္ကိန္ဒ

(ရခိုင်မြေ)

# ရခိုင်ဘာသာစကား လမ်းညွှန်

# ရခိုင်ဘာသာစကားလမ်းညွှန်


| | | |
|---|---|---|
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၆/၉၄(၉) |
| စာမူခွင့်ပြုချက် အမှတ် | - | ၁၈၉/၉၄ (၄) |
| စောင်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၆၀ ကျပ်တိတိ။ |
| ထုတ်ဝေသည့်အကြိမ် | - | ပထမအကြိမ် |
| ထုတ်ဝေသည့်လ | - | ၁၉၉၄-ခု၊ အောက်တိုဘာလ။ |

## - ပုံနှိပ်သူ -

ဒုရဲမှူး မြင့်လွင် (ယာယီ-၄၀၉)
ရဲတံခွန်ပုံနှိပ်တိုက်
ရန်ကုန်တိုင်း (ပ-ရ) မှူးရုံး။

## - ထုတ်ဝေသူ -

ရခိုင်လှမြင့်နှင့် ညီများ ကိုယ်စား
ဦးရဲမြင့် (၀၁၀၄၉)
တက်လမ်းစာပေ
၉၆၇၊ ပဒေသာရပ်ကွက်၊ စော်ဘွားကြီးကုန်း၊ ရန်ကုန်မြို့။

## - ဖြန့်ချိသူ -

ရခိုင်သားကြီးစာပေ
၈ -၂၃၊ ပိတောက်လမ်း၊ ဘုရင့်နောင်၊ ရန်ကုန်မြို့။
ဖုန်း - ၆၇၄၃၆


lu;pray



(စာပြုစုသူ)
ဆရာတော် အသျှင်စက္ကိန္ဒ (ရခိုင်ပြည်)
(၁၉၉၃-ခု၊ မေလ ၁၇-ရက်နေ့ ရိုက်ကူးသောပုံ)

# ဥယျောဇဉ်

ဤရခိုင်ဘာသာစကားစာအုပ်သည် ရခိုင်ပြည်နယ် ယဉ်ကျေးမှုနှင့် လူမှုရေး လမ်းညွှန်ကော်မတီမှစီစဉ်လျက်ရှိသော ရခိုင်ဝေါဟာရအဘိဓာန် ထွက်ပေါ်လာနိုင်ရေးကို ခရီးဦးကြိုပြုလျက် အောင်မြင်စွာ ထုတ်ဝေနိုင်ပါစေဟု ဆုတောင်းပတ္တနာ ပြုပါသည်။

ယင်းရခိုင်ဝေါဟာရအဘိဓာန် အဆောက်အအုံကြီးတွင် ဤစာစောင် ငယ်သည် အုတ်တစ်ခဲ သဲတစ်မှုန့်ခန့်မျှ အထောက်အကူပြုနိုင်ပါစေဟု ဆန္ဒပြုပါသည်။

**စာပြုစုသူ**

**အသျှင်စက္ကိန္ဒ**

**၂ - ၈ - ၈၈**

u;pay

# ဘာသာစကား

ဘာသာစကားသည် လူမျိုးတို့၏ မျိုးဆက်နွယ်လာ ဘိုးစဉ်ဘောင်ဆက် တစ်ဆင့်တစ်ဆင့် ထားခဲ့သော ကိုယ်ပိုင်အမွေအနှစ်ကြီးတစ်ခုဖြစ်သဖြင့် လူမျိုးတို့၏ ဇာတိသရုပ်ကို ကြေးမုံအလား ပေါ်လွင်စေကာ-

- လူမျိုးပီသမှုကို ပြသည်။
- လူမျိုးအင်္ဂါရပ်ကို သရုပ်ဖော်သည်။
- လူမျိုးစိတ်ဆန္ဒကို ပေါ်လွင်စေသည်။

ဇာကိစ္စရပ်တွင်မဆို ဘာသာစကားများကသာ ဆက်နွယ်ပေးသဖြင့် လူမှုဆက်ဆံရေးတွင် အဓိကမဏ္ဍိုင်တစ်ခုပင် ဖြစ်သည်။

- လူ့လောကတွင် လူမျိုးဟုပေါ်လာလျှင် ဘာသာစကားရှိရမည်။
- ဘာသာစကားပျက်ယွင်းက လူမျိုးလည်း ပျက်ယွင်းလာသည်။
- ဘာသာစကားပျောက်က လူမျိုးပါ ပျောက်မည်ကို သတိထားကြပါ။

ယင်းကြောင့် အမျိုးသားရေး ရပ်တည်မှု အဆောက်အအုံကြီးတွင် အာမခံတည်ရှိနေသော ဘာသာစကားကို သားစဉ်မြေးဆက် မတိမ်ကောရအောင် ထိန်းသိမ်းရန်လိုအပ်ကြပေသည်။

# ထုတ်ဝေသူ၏ အမှာစာ

(၃-၄-၉၄)နေ့ ရခိုင်သဟာယအသင်း(ရန်ကုန်)က ကြီးကြပ်ပြီး ဒေးဒရဲသို့ လေ့လာ ရေးပျော်ပွဲစားခရီးကို သင်္ဘောဖြင့် ထွက်ခဲ့ကြပါသည်။ ယင်းပျော်ပွဲစားခရီးတွင် ထူးခြားသော ပျော်ပွဲရွှင်ပွဲတစ်ခုပါခဲ့ပါသည်။ ထိုအစီအစဉ်မှာ မြန်မာဝေါဟာရ၊ မြန်မာ စကား၊ မြန်မာအကြောင်းများကို ရခိုင်ဝေါဟာရ၊ ရခိုင်စကားသို့ ဘာသာပြန်စေခြင်း ဖြစ်သည်။ သင်္ဘောတစ်စီးလုံးတွင် ရခိုင်အမျိုးသား အမျိုးသမီးများဖြစ်ကြပြီး လူပေါင်း ၃၀၀ကျော်ခန့် စီးနင်းလိုက်ပါခဲ့ပါသည်။ အားလုံးသော လူတို့သည် ထိုပွဲစဉ်တွင် ပါဝင်ကြသည်။ လိုက်ပါလာသူတို့တွင် တစ်ချို့ကား ရန်ကုန်မွေးရခိုင်များ၊ တစ်ချို့ကား ရန်ကုန်ရောက် သည်မှာ နှစ်အနည်းငယ်ကြာသူများ၊ နှစ်တော်တော်ကြာသူနှင့် တချို့ကား ရခိုင်မှ ရန်ကုန်သို့ ခေတ္တအလည်လာရောက်ကြသူများ၊ ရန်ကုန်တက္ကသိုလ်အသီးသီးတွင် ပညာ သင်ကြားနေကြသော ကျောင်းသား၊ ကျောင်းသူများ ပါဝင်ကြပါသည်။

ထူးခြားသည်မှာ ထိုပွဲစဉ်တွင် ပေးမှတ်ပေါင်းတစ်ရာအနက် ခြောက်ဆယ်ခန့်မျှ ရရှိသူမှာ အလွန်နည်းသည်။ တချို့ကား မဖြေနိုင်။ မရေးနိုင်သူတို့ကို တွေ့ရ၍ များစွာ ဝမ်းနည်းမိသည်။ မွေးရပ်ရခိုင်မြေသို့ အလည်တစ်ခေါက်။ ၁၉၉၃-ခုနှစ်အလယ်ပိုင်းက စစ်တွေမြို့သို့ရောက်ခဲ့စဉ်က (ပန်းချီ)ကိုထွန်းဝေအိမ်သို့ အလည်အပတ်ရောက်ခဲ့သည်။ ကိုထွန်းဝေအိမ်၌ "ရခိုင်သားကို ရခိုင်သားက ရခိုင်စကားပြောခြင်းဖြင့် ဂုဏ်ယူပါ" ဟု ရေးထားသောစာတန်းကို တွေ့ရသောအခါ များစွာတုန်လှုပ်ချောက်ချားမိခဲ့သည်။

o;lu;pay

7

# အသျှင်စက္ကိန္ဒ

ရခိုင်ပြည်နယ်၏မြို့တော်၌ ဤသို့ရေးထားရခြင်းသည် အဘယ်ကြောင့်နည်း။ ယင်းနေ့တွင် ကိုထွန်းဝေကို မတွေ့၍ မမေးမိ၊ ယနေ့တိုင်လည်း မမေးမိပါ။ သို့သော် အကြောင်းမဲ့ ရေးထားသည်ကား မဖြစ်နိုင်ပေ။ မည်သို့ပင်ဆိုစေကာမူ ရခိုင်အမျိုးသားတို့သည် မိမိတို့ဘာသာစကားကို အထင်သေးတတ်နေပြီမှာကား သေချာ၏။

စာပေစကားယဉ်ကျေးမှု ထုံးတမ်းစဉ်လာများသည် တစ်နေရာမှ တစ်နေရာသို့ စီးဆင်းဝင်တတ်၏။ သို့သော်လည်း မိမိလူမျိုး၏ အတိတ်နှင့် အနာဂတ်အတွက် တတ် နိုင်သမျှ ကာကွယ်တားဆီးရမည်။ ထိမ်းသိမ်းစောင့်ရှောက်ရမည်မှာ ထိုလူမျိုးတို့၏ တာဝန်ပင် ဖြစ်သည်။

ကမ္ဘာပေါ်ရှိ လူမျိုးအသီးသီးတို့သည် မိမိတို့ဘာသာစကား ဝေါဟာရများကို ကြီး ကျယ်ခမ်းနားအောင် ဆောင်ရွက်နေကြသည်။ ဥပမာ-အားဖြင့်ပြရလျှင် အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမနီ၊ ဂျပန်စသော လူမျိုးတို့သည် မိမိတို့စာပေဘာသာစကား၊ ယဉ်ကျေးမှုတို့ကို တစ်ကမ္ဘာလုံးက လက်ခံကျင့်သုံးနိုင်အောင် ကြိုးစားနေကြသည့်အချိန်တွင် ကျွန်ုပ်တို့အမျိုးသားများကား အလေးမထား၊ ဂရုမမူဘဲ မေ့ဟန်ဆောင်နေကြသည်။ မေ့ တတ်နေပြီ၊ မပြောတတ် မဆိုတတ်ဖြစ်နေကြပြီ။ တချို့ကား မိမိတို့ဘာသာစကား ပြောဆိုရမည်ကိုပင် ရှက်နေကြသည်။ အသံဝဲဝဲဖြင့် မပီကလာပြောရသည်ကို ဂုဏ်ယူနေကြသည်ကို တွေ့မြင်ရသည်။ ယင်းသို့ဆိုလျှင် ကမ္ဘာ့နိုင်ငံအသီးသီး၌ မိမိလူမျိုး၏ ဘာသာစကားကို ရှေ့တန်းသို့ရောက်အောင် ပြုပြင်နေကြသော ပညာရှင်များအမြင်တွင် ထိုလူ မျိုးများကို မည်သို့မြင်နေကြမည်ကို တွေးကြည့်စရာပင်။

လူတစ်ယောက် လူတစ်စု မိသားစုတစ်ခုသည် မိမိလူမျိုးစကား၊ ယဉ်ကျေးမှုတို့ကို မေ့ပစ်၊ မေ့ဟန်ဆောင်ရုံလောက်နှင့် ထိုလူမျိုးဘဝမှ ကင်းဝေးနိုင်ပြီလော။ အသွင်ကူးပြောင်းနိုင်ပြီလော၊ မိမိတို့၏ အသွင်ကိုစွန့်သွားလိုပါက ဒေါင်းယောင်ဆောင်နေသော ကျီးငှက်သာ ဖြစ်မည်။ မိမိကိုယ်မိမိ ဒေါင်းလော ကျီးလော ဆန်းစစ်စရာဖြစ်မည်။ သတ္တဗေဒပညာအရ မျိုးရိုးဗီဇသည် ထိုသို့ပြုပြင်ရုံမျှနှင့် မပြောင်းနိုင်ကြောင်း အတိအကျဆိုထားသည်။ ပညာတတ်များက ဟန်ပြုခြင်းလား၊ ပညာမဲ့များက မသိနားမလည်၍လား။

လူမျိုးတစ်မျိုး၏ ဘာသာစကားဆိုင်ရာ ဝေါဟာရများသည် စိန်ကျောက်၊ နီလာ၊ ပတ္တမြားကဲ့သို့ အဖိုးထိုက်ရတနာများဖြစ်ကြောင်း ဘာသာဗေဒပညာရှင်တို့ အဆိုအမိန့် ရှိသည်။ ရတနာဆိုသည်မှာ ထိုက်တန်သော လူမျိုးနှင့်သာ နေမည်မဟုတ်ပါလား။

&cio;lu

ဘာသာစကား ယဉ်ကျေးမှု ဓလေ့ထုံးစံများ ပျောက်လျှင် လူမျိုးပါ ပျောက်သွားနိုင်သည်။ လူမျိုးတစ်မျိုးသားလုံး ပျောက်ကွယ်သွားမည် ဆိုခြင်းမှာ ထိုလူမျိုးအတွက် ကောင်းမြတ်သော လက္ခဏာမဟုတ်ချေ။

အသိတကာ့ အသိစိတ်တွင် အမြင့်မြတ် အမွန်မြတ်ဆုံး အသိတစ်ခု ရှိသည်။ ဤရုပ်ခန္ဓာကိုယ်သည် အသက်ဝိညာဏ်မရှိပါက အချည်းအနှီးပင်၊ အသက်ဝိညာဏ်ရှိသော်လည်း၊ အသိတရားမရှိပါက အချည်းအနှီးပင်၊ အသိတကာ့အသိတွင် တိုင်းပြည်နှင့် လူမျိုးအကျိုးကို လိုလားမှုအသိကား အမြင့်မြတ်၊ အမွန်မြတ်ဆုံးအသိ မဟုတ်ပါလား။

ဤဘာသာစကားလမ်းညွှန်သည် မိမိလူမျိုးစကားကို မေ့ဟန်ဆောင်သူများ အတွက် လည်းကောင်း၊ မေ့နေသောလူများအတွက် လည်းကောင်း၊ လေ့လာနေသော သူများ အတွက် လည်းကောင်း၊ ခေတ်မီသော ရခိုင့်ဝေါဟာရ အဘိဓာန်စာအုပ် ပေါ်ထွက်လာ နိုင်ရေးအတွက် လည်းကောင်း အထောက်အကူတစ်စုံတစ်ရာ ဖြစ်နိုင် သည်ဆိုပါက ကျွန်ုပ်တို့ ဝမ်းသာမိပါသည်။

**“ရခိုင်ယဉ်ကျေးမှုစာပေ မြင့်မားနိုင်ပါစေ”**

**ထုတ်ဝေသူ**

**ရခိုင်လူမြင့်နှင့်ညီများ**
**တော်သလင်းလဆုတ် ၁၀/၁၃၅၆**
**၁၉၉၄-ခု၊ စက်တင်ဘာ(၃၀)ရက်၊ (၁၅:၀၀)နာရီ**
**(သောကြာနေ့)**

;lu;pay

# ပန်ကြားလွှာ

ကျွန်တော်တို့ ရခိုင်သားကြီးစာပေမှ ရခိုင်ရိုးရာ အမျိုးသားယဉ်ကျေးမှုစာပေ သမိုင်းနှင့် သက်ဆိုင်သော စာအုပ်စာတမ်းများကို ထုတ်ဝေလျက်ရှိရာ တစ်အုပ်ထက် တစ်အုပ် ပိုမိုကောင်းမွန်လာအောင် အမြဲတမ်းကြိုးစားအားထုတ်လျက် ရှိပါသည်။ သို့သော်လည်း အကောင်းဆုံး ဖြစ်မလာနိုင်သေးပါ။

ထို့ကြောင့် ရခိုင်အမျိုးသားစာပေကို လေ့လာလိုက်စားသူ စာပေဝါသနာရှင်များ ထံမှ ဝေဖန်အကြံပြု နည်းပေးလမ်းပြမှုများ ပေးပို့ကြပါရန် မေတ္တာရပ်ခံလျက်ရှိပါ သည်။

အကြောင်းအမျိုးမျိုးကြောင့် ဝေဖန်အကြံပြုလွှာများ ရေးသားရန် မအားလပ်ပါကလည်း (ရခိုင်အမျိုးသားစာပေကို လေ့လာလိုက်စားသူ စာပေဝါသနာရှင်များနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်လိုပါသဖြင့်) ရခိုင်အမျိုးသားစာပေကို စိတ်ပါဝင်စားသူ ဖြစ်ပါက ပူးတွဲပါ အကြံပြုလွှာပုံစံအား မိမိလိပ်စာအပြည့်အစုံဖြင့် ပြန်လည်ပေးပို့ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ရခိုင်သားကြီးစာပေ

&cio;lu

# (၁) စကားဆိုစွာ ဇာလဲ

စကားဟူသောဝေါဟာရကို တိတိကျကျ အဓိပ္ပာယ်ဖွင့်ဆိုရန် ခဲယဉ်းပေသည်။ ဘာသာစကားသည် ယုတ္တိဗေဒ (ျသါငနဲ) သဘောနှင့် ဆက်နွယ်နေသည်။ ယုတ္တိဗေဒတွင် ဆင်ခြင်တွေးတောခြင်းကို အသုံးပြုသောအခါ ဘာသာစကားကို အသုံးပြုကြသည်။

(ဥပမာ) စိတ်ထဲတွင် ငါဇာဖြစ်သည်။ ဇာပြုလုပ်မည်ဟု ဆင်ခြင်ခြင်းသည် စကား ကို စိတ်ဖြင့်တွေးတောခြင်းပင် ဖြစ်သည်။

ယင်းကြောင့် ဆင်ခြင်ခြင်းကိုပြုသောအခါ စကားဖြင့် အသုံးပြုရသည့် အတွက် ဆင်ခြင်ခြင်းပြုလုပ်ရန် ဘာသာစကားလိုအပ်လာသည်။ ဘာသာစကားမရှိလျှင် ဆင်ခြင်တွေးတောခြင်းကို မပြုလုပ်နိုင်ပေ။

လူတစ်ဦးနှင့်တစ်ဦးကို ဘာသာစကားကသာ ဆက်နွယ်ပေးသဖြင့် လူမှုဆက်ဆံရေးတွင် အဓိကမဏ္ဍိုင်တစ်ခုပင်ဖြစ်သည်။ ယင်းကြောင့် ဘာသာစကားအရေးကြီးပုံ ကို အားလုံးသောသုတေသီပညာရှင်များက အသိအမှတ်ပြုကြရပြီး ရှုဒေါင့်အမျိုးမျိုးမှနေ၍ ဘာသာစကား၏ အဓိပ္ပာယ်သဘောကို ကောက်ယူရှိခဲ့ကြလေသည်။

ယုတ္တိဗေဒသဘောအရ ဘာသာစကားဆိုသည်မှာ သင်္ကေတများကို စနစ်တကျဖွဲ့စည်းထားခြင်းပင် ဖြစ်သည်ဟု တိုတိုနှင့်အဓိပ္ပယ်သဘောကို ကောက်ယူရှိခဲ့ကြလေသည်။

lu;pay

# အသျှင်စက္ကိန္ဒ

ယင်းကြောင့် စကားနှင့်ပတ်သက်၍ စကားဟူသည် ဇာကြောင်းဇာသို့ ပေါ်ပေါက်လာသည်ကို ပြန်လည်သုံးသပ်ကြည့်ရန် လိုအပ်လာပေသည်။

ကမ္ဘာစဦး လူတို့သည် စကားမပြောတတ်ကြသေးမီ အချင်းချင်းမိမိတို့ တွေ့ကြုံခံစားရချက်များ၊ အတွေ့အကြုံများ၊ ပြုမူချက်များကို တခြားသူတို့ သိရှိစေရန်၊ လက်ဟန်ခြေဟန်တို့နှင့်သာ ပြနိုင်ခဲ့ကြပေလိမ့်မည်။

ယင်းမှတဆင့် ကာလစဉ်အတိုင်း အသိအမြင်များ တိုးတက်လာကြခါ ခံစားမှုတည်းဟူသော ပူသည်၊ အေးသည်၊ လှုပ်ရှားမှုတည်းဟူသော သွားလာစားအိပ်စသည်တို့ကို အမည်သညာများမှည့်ခါ စကားကိုထွင်လာခဲ့ကြလေသည်။ ယင်းပြီး နောက်တစ်ဆင့် သက်ရှိသက်မဲ့အရာများဖြစ်သော တော၊ တောင် ၊ ရေမြေ၊ မြစ်၊ ချောင်း၊ အင်း အိုင်၊ လူ၊ ခွေး၊ ကြောင်၊ ကျွဲ၊ နွား၊ ဆင်၊ မြင်းစသည်များကို တစ်စတစ်စ အမည်သညာများလားခါ မှည့်ခေါ်တတ်လာကြပြန်သည်။ နောက်တစ်ဆင့် ယင်စကား သင်္ကေတများ စနစ်တကျဝါကျအဖြစ်သို့တိုင် ဆက်စပ်ဖွဲ့စည်းပြောဆိုလာတတ်ကြသည်ကိုပင် စကားဟု ခေါ်ဆိုခြင်း ဖြစ်သည်။

ကမ္ဘာပေါ်တွင် နိုင်ငံအသီးသီး၊ လူမျိုးအရပ်ရပ် တစ်စတစ်စ များပြားလာသည်နှင့်အမျှ စကားများလည်း လူမျိုးဘာသာအလိုက် တီထွင်ပြောဆိုလာခဲ့ကြပြန်သဖြင့် ဘာသာစကားဟူ၍ ပေါ်ပေါက်ခဲ့လေသည်။ လူမျိုးအချင်းချင် ရောနှောခဲ့ကြခြင်းဖြင့် ဘာသာစကားများ ခေါ်တွင်လာခဲ့လေသည်။ ဥပမာ- ရခိုင်လူမျိုးတို့ ပြောဆိုသောစကားကို ရခိုင်ဘာသာစကားဟု ခေါ်သည်။

ယင်းနောက် တဖန် လူမျိုးတစ်မျိုးတည်းမှာပင် ရေမြေဒေသအလိုက် နီးစပ်ရာ သံယောင်လိုက်ခါ ပင်မစကားမှ အနည်းနှင့်အများ ကွဲလာကြသော ဒေသန္တရစကား ဟူ၍ ပေါ်ပေါက်လာပြန်ပါသည်။

ရခိုင်တွင် နယ်မြေဒေသအလိုက် ပြောဆိုကြသော အဝသား (စစ်တွေ)၊ ကျောက်ဖြူ၊ ရမ်းဗြဲ၊ မာန်အောင်၊ သံတွဲ၊ ချောင်းသား၊ အနောက်ပြည်သားများနှင့် ပုသိမ် မော်တင်တစ်ဝိုက်တွင် အခြေပြုနေကြသော အရှေ့ရခိုင်ဟူ၍ ဒေသန္တရစကား အများအပြားပင် ရှိပါသည်။ အဓိကအားဖြင့် မြောက်ပိုင်းစကားနှင့် တောင်စဉ် (ရမ်းဗြဲ) စကားဟူ၍ နှစ်မျိုးကွဲပြားသည်ဟု ဆိုကြသည်။

စကားအကြောင်းတွင် မူရင်းအခြေခံလာသည့် ဘာသာနှင့် ပတ်သက်၍သိသင့် သိထိုက်သည့် အချက်အလက်တချို့ကို အကျဉ်းသဘောဦးစွာ တင်ပြလိုက်ပါသည်။

&cio;l

# (၂) စဦး ရခိုင်စကား

ရခိုင်စကားမှာ ရခိုင်ဒေသတွင်နေကြသော ရခိုင်လူမျိုးတို့၏ ပြောသောစကား ဖြစ်သည်။ ရခိုင်စဦးလူတို့သည် ဇာစကားကို စတင်ပြောဆိုခဲ့ကြသည်ကိုကား အထောက်အထားပြည့်စုံစွာနှင့် တိတိကျကျတင်ပြရန် ခက်ခဲပါသေးသည်။

တချို့ သမိုင်းသုတေသီတို့က ရခိုင်စဦးလူတို့ ရခိုင်ဒေသသို့ စတင်ဝင်ရောက်ခဲ့ကြသည့် ရခိုင်မျိုးဆက် သမိုင်းကြောင်းရပ်များကို မှီငြမ်းပြုလျက် စဦးရခိုင်တို့ ပြောကြားခဲ့မည့် ဘာသာစကားကို မခန့်မှန်းခဲ့ကြသော်လည်း တိကျပြီဟူ၍ကား မဆိုနိုင်ကြသေးပါ။

ရခိုင်ပြည်အတွင်း တွေ့ရှိရသော ခရစ်အေဒီ လေးရာစုမှ ဆယ်ရာစုကျော်တို့တွင် ရေးထိုးခဲ့ကြသည်ဟု ခန့်မှန်းခဲ့ကြသော ကျောက်ကမ္ပည်းစာ၊ ကြေးနီစာ၊ ခေါင်းလောင်းစာစသည်များမှာ အိန္ဒိယမြောက်ပိုင်းတွင် ရှေးဦးဆုံး စာပေအက္ခရာ အရေးအသားဟု သတ်မှတ်ရှိသော ဒေဝနာဂရီခေါ် ဗြဟ္မီအက္ခရာမှတစ်ဆင့် ဆင်းသက်လာသော အိန္ဒိယနိုင်ငံမြောက်ပိုင်းသုံး အက္ခရာများနှင့်တူပြီး ဘာသာရပ်များအနေဖြင့်လည်း ယင်းနိုင်ငံတို့တွင် ပြောဆိုသုံးစွဲရှိခဲ့ကြသော သက္ကတဘာသာ၊ ပါဠိဘာသာ၊ ပါဠိသက္ကတ ရောယှက်ရှိသည်များကို တွေ့ရပါသည်။

အထူးသဖြင့် သက္ကတဘာသာမှာ အိန္ဒိယနိုင်ငံတွင် အစောပိုင်းကပင် ဝင်ရောက်ရှိသော ဦးစလူမျိုးဆိုသော အရီယန်လူမျိုးတို့၏ ရင်းမြစ်ဘာသာဟု ဆိုလေသည်။ တစ်ချိန်က ယင်းဘာသာမှာ အိန္ဒိယနိုင်ငံတစ်ဝန်းလုံးနီးပါး သုံးစွဲခဲ့သော ဘာသာစကား တစ်ခုပင်ဖြစ်သည်။

lu;pay

# အသျှင်စက္ကိန္ဒ

ခရစ်တော်မပေါ်မီ (ဘီဒီ- ၆၀၀)ခန့်တွင် ဝေသာလီတိုင်းပြည်၊ လိစ္ဆဝီအမျိုး၌ ဖြစ်သော ပုဂ္ဂိုလ်တစ်ဦးသည် မဟာဝီရဟူသော အမည်ကိုခံ၍ ဇိန(ဂျိန်း)ဘာသာကို တည်ထောင်ခဲ့သည်။ ယင်းဝါဒနှင့်ယှဉ်၍ ပြာကရိုက်ဘာသာစကား ထွန်းကားခဲ့လေသည်။

ယင်းမဟာဝီရ၏ ဇိန(ဂျိန်း)ဝါဒနှင့် ခေတ်ပြိုင် မဇ္ဈိမဒေသ၌ ဆတ်ကျားလူမျိုး မင်းမျိုးနွယ်မှ ဂေါတမမြတ်စွာဘုရား၊ ပွင့်တော်မူလာပြီးလျှင် ဗုဒ္ဓသာသနာကို ထူထောင်ခဲ့လေသည်။

ယင်းဇိနနှင့် ဗုဒ္ဓဝါဒတို့မှာ အရိယန်လူမျိုးတို့၏ စဉ်ဆက်အယူဝါဒများဖြစ်သော ဗြဟ္မဏဝါဒီများကို တော်လှန်ထွက်ပေါ်လာသော ဘာသာအယူဝါဒများပင်ဖြစ်သည်။

ဗုဒ္ဓသည် ဒေသနာတရားတော်တို့ကို မာဂဓတိုင်းသားများ ပြောဆိုကြသော (မာဂဓိ)ခေါ် ပါဠိဘာသာစကားဖြင့် ဟောပြောခဲ့ခြင်းဖြင့် ပါဠိဘာသာ ထွန်းကားခဲ့ပြန်သည်။

ရခိုင်မျိုးဆက်နှင့် ပတ်သက်၍ လေ့လာသုတေသနပြုချက်များအရ ရခိုင်နှင့် မာဂဓ ပြည်သားများ နွယ်ဆက်ရှိခဲ့ခြင်း၊ အိန္ဒိယနိုင်ငံတွင် ပျံ့နှံ့ရှိသော အရိယန်လူမျိုးတို့သည် ရခိုင်ပြည်တွင်းသို့ မာဂဓတိုင်းမှတစ်ဆင့် ဝင်လာသည်ဆိုသော အထောက်အထား ကြောင်းရပ်များနှင့် ရှေးခေတ်တစ်ချိန်က ရခိုင်တွင် ပါဠိဘာသာသည် အများသုံး ဂန္ထဝင်စာပေဖြစ်ခဲ့သည်ဆိုသော ကြောင်းရပ်များနှင့် ဆက်စပ်၍ ခန့်မှန်းခဲ့ကြခြင်းပင် ဖြစ်ပါသည်။

ရခိုင်တွင် တွေ့ရှိသော ရှေးကျောက်ကမ္ပည်းစာများမှာ သက္ကဋဘာသာနှင့် များပြီး ပါဠိဘာသာနှင့် အနည်းအကျဉ်း တွေ့ရှိရပါသည်။ ပြာကရိုက်ဘာသာနှင့်ကား မတွေ့ ရှိသေးပါ။

# ( ၃) ယနေ့ပြောဆိုနေကြသော ရခိုင်စကားများ

ရခိုင်စကားသံကို ရုတ်တရက်အားဖြင့် ကြားဖူးနားဝမရှိသော တိုင်းရင်းသား လူမျိုး တို့နားတွင် ဘိတ်၊ ထားဝယ်၊ မနေ၊ အင်းသားများ၏ စကားသံလိုလို ကြားကြရ သည်ဟု ဆိုပါသည်။ အမှန်မှာ-တစ်မျိုးတခြားစီသာ ဖြစ်ပါသည်။ တူရိပ်ရှိသလိုလို ကြားကြခြင်းမှာ ယင်းစကားသံတို့မှာ ရခိုင်စကားကဲ့သို့ အာသံလျှာရင်းကို အခြေပြု၍ ပြောကြရသည့်အတွက်ပင် ဖြစ်သည်။ ရခိုင်တို့အနေဖြင့် မြန်မာစကားကိုသာ နားလည် နိုင်ပြီး ယင်းတို့၏ စကားများကိုကား နားလည်ရန် ခက်ခဲသလို၊ ယင်းတို့အနေဖြင့်လည်း မြန်မာစကားကိုသာ နားလည်လွယ်ပြီး ရခိုင်စကားကိုမူ စိုးစိမှနားလည်မှုမရှိဟု ဆိုပါသည်။

ခေတ်ရခိုင်လူမျိုးတို့အနေဖြင့် ငယ်စဉ်ကပင် မြန်မာစာပေများကို သင်ကြားရှိခဲ့ ကြပြန်သဖြင့် မြန်မာပြည်သို့ တစ်ခါမှ မသွားဖူးသည့်တိုင်၊ မြန်မာစကားကို အနည်းနှင့် အများ နားလည်ကြပါသည်။ စကားပြောရာတွင်လည်း ပီပီသသ မပြောတတ်ကြ သော်လည်း ခပ်ဝဲဝဲပြောဆိုနိုင်ကြပါသည်။ ပြည်မတွင် နေထိုင်သော ရခိုင်သားများမှာ မူ မြန်မာလူမျိုးတို့နှင့်မခြား ပြောဆိုနိုင်ကြပါသည်။ ရခိုင်ပြည်တွင် နေထိုင်လျက်ရှိကြ သော မြန်မာလူမျိုးတို့အနေဖြင့်ကား ရခိုင်စကားကို ပြောတတ်မည် မဆိုထားဘိ တော် ရုံတန်ရုံနှင့် နားမလည်နိုင်ကြပေ။

u;play

# အသျှင်စက္ကိန္ဒ

ရင်းမြစ်ဘာသာစကားမှ ခွဲထွက်လာသော ဒေသန္တရစကားများမှာ တချို့လူမျိုးတို့တွင် တစ်ဒေသနှင့်တစ်ဒေသ လုံးဝမတူဟု ဆိုပါသည်။ တရုတ်ပြည်တွင် တရုတ်လူမျိုးချင်းဖြစ်သော်လည်း တချို့ဒေသတို့တွင် လုံးဝမတူဘဲ တခြားဘာသာရပ်တစ်ခုကဲ့သို့ ကွဲပြားသည်ဟု ဆိုပါသည်။

ကျွန်တော်တို့ တိုင်းရင်းသား ချင်းအမျိုးသားတို့တွင် သံတွဲ၊ မြေပုံနှင့် တစ်ခြားဒေသရှိ ချင်းအမျိုးသားတို့ပြောစကားနှင့် ပလက်ဝနယ်ရှိ ချင်းအမျိုးသားများသည် လည်းကောင်း၊ ပလက်ဝနယ်ရှိ ချင်းအမျိုးသားများနှင့် ဖလန်၊ ဟာကား၊ ကန်ပက်လက်ဘက်မှ ချင်းအမျိုးသားတို့သည် လည်းကောင်း၊ ကြားစကားအဖြစ် ရခိုင်၊ မြန်မာစကားတို့နှင့် ပြောဆိုကြသည်ကို တွေ့ရပါသည်။ ရခိုင်ဘာသာစကားသည် မြန်မာစကားနှင့် အရင်းအမြစ်တူသည်ဟု ဆိုကြသည်။ ရခိုင်လူမျိုးတို့တွင်လည်း ဒေသန္တရစကားများဖြစ်ကြသော ကုလားတန်မြစ်ဝ စစ်တွေဘက်(အဝသား)၊ မြစ်ညာဘက် ချောင်းသား၊ ယခင် အိန္ဒိယ၊ အရှေ့ပါကစ္စတန်၊ ယခုဘင်္ဂလားဒေ့ရှ်တွင် နေထိုင်ရှိကြသော အနောက်ရခိုင်များ၊ ကျောက်ဖြူ၊ ရမ်းဗြဲ၊ မာန်အောင်၊ သံတွဲ၊ အမ်း၊ ဒလက်ဘက်နှင့် ပုသိမ် မော်တင်တစ်ဝိုက်မှ ရခိုင်သားများ အစရှိသော ရေမြေဒေသအလိုက် ဒေသန္တရစကားများ ရှိသော်လည်း စကားပြောရာတွင် သံတွဲ၊ အမ်း၊ ဒလက်၊ ဂွ၊ တောင်ကုတ်မြို့နယ်မှ လူများမှာ နီးစပ်မှုအခြေအနေအရ မြန်မာစကားသံသို့ အနည်းအကျဉ်း တိမ်းပါးခါခပ်ဝဲဝဲပြောကြသည်မှအပ၊ တစ်ဒေသမှ တစ်စကား တစ်ဒေသ လွယ်ကူစွာ နားလည်ကြပါသည်။

အိန္ဒိယနိုင်ငံသို့ ကြောင်းရပ်အမျိုးမျိုးကြောင့် ပြောင်းရွှေ့နေထိုင်ရှိခဲ့ကြသော အနောက်ရခိုင်များအနေဖြင့် ထုံးစံ၊ ဘာသာစကား စသည်တို့ကို ယခုတိုင် စဉ်လာမပျက်၊ ထိန်းသိမ်းရှိကြောင်း တွေ့ရပါသည်။ ယင်းအိန္ဒိယနိုင်ငံ ရခိုင်နွယ်ဝင် ဖလံတောင်၊ ဖလံလူမျိုးတို့ ပြောစကားမှာ အနောက်ပြည်သားစကားသံတွင် ဘင်္ဂါလီလူမျိုးတို့၏ အသံ၊ လျှာသံ လေသံနှောပြောကြသဖြင့် ရခိုင်အနောက်ပြည်သားတို့သော်မှ တော်တော်နှင့် နားမလည်နိုင်ကြပါ။ ဖလံလူမျိုးတို့ ပြောစကားများမှာ သာမန်လူတို့ နားတွင် ရှုံ့ရင်းသည်ဟု ထင်မှတ်ကြပါသည်။

ယနေ့ခေတ် ရခိုင်လူငယ်တို့ ပြောဆိုနေကြသော ရခိုင်စကားမှာ ရှေးခေတ်ရခိုင်စကားကို မဆိုထားဘိ၊ လွန်ခဲ့သော နှစ်လေးငါးဆယ်ခန့်က ပြောရှိခဲ့ကြသည်များနှင့် တစ်စတစ်စ ကွဲလာပါသည်။ သာမန်ဝေါဟာရအခေါ်အဝေါ်များအနေဖြင့် ၇၀%

ရာခိုင်နှုန်းနီးပါး ပပျောက်သွားရှိပါပြီ။ လေယူလေသိမ်း အခေါ်အဝေါ်မှစ၍ တစ်စ တစ်စ ကွယ်ပျောက်ကြောင်း တွေ့ရပါသည်။ သံရသံပြည့်အောင် မပြောဆိုနိုင်သဖြင့် စစ်ကိုစိုက်၊ အိပ်ကိုအိုက်၊ စောင့်ကိုစုန့်၊ ရွာကို ရော်၊ လက်ကို လာ့၊ ကျော်ကို ကျွာ၊ ပျော်ကို ပျို့ စသည်ဖြင့် ပြောဆိုသံများလည်း ရှိခဲ့ကြသည်။

မိမိတို့ရခိုင်စကားကို ပီသစွာ သရုပ်ပေါ်လွင်ရှိစေလိုသော စေတနာဖြင့် သာခြင်း ဆရာကြီး တန်ခိုးဆရာထွန်းသည် ဥဒိန္နသာခြင်းတွင် ဥဇ္ဇေနီပြည် ရှင်ပဇ္ဇော တမင်းကြီး၏ သမီးတော် ဝါသုလကတ္တ မင်းသမီးအား ဆင်ဂါထာကိုသင်သည့် အခန်း တွင်၊ မင်းသမီးသည် ဆင်ဂါထာကို အလီလီအဖန်ဖန် ပို့ချသော်လည်း မပီမသရှိနေ သဖြင့် ဥဒိန္နမင်းသားသည် ဒေါသဖြစ်လာခါ ပြောဆိုသည့်စကားကို စီကုံးစပ်ဆိုထား သည်မှာ -

"ထိုသည်အခါ၊ ရှင်မင်းကျော်မှာ၊ ကလကာဘက်က၊ ဆင်ဂါထာကို၊ သင်ကာ ချကေ၊ နှုတ်ကမပီ၊ ကရိုဏ်းဌာန်လေ၊ အသံလွှတ်သော်၊ ညွှတ်မညီလို့၊ ဗြာရီကျွတ်မ၊ ဂုမ္ဘဆိုကေ၊ စဖိုပေါက်သည်။ အိုမျောက်မလေ၊ လျှာကထူကေ၊ စကားမပီ၊ ဗတားရီနှင့်၊ တူညီငြားလို့၊ သင်ကြားမတတ်၊ ကျောက်နှင့်သာလေ တိုက်ကာပွတ်မှ၊ ထူးမြတ်ကြီးကျယ်၊ ဆင်ဂါထာကို ၊ သင်ကာချကေ၊ ရတော့မေလေ"။

ယင်းစကားကြောင့် ဝါသုလဘတ္တမင်းသမီးလည်း ထောင်းခနဲ ဒေါသထွက် လာခါ ပြန်လည်ပြောစကားများကို စီကုံးစပ်ဆိုထားပြန်သည်မှာ-

"ရတော့မေလေ၊ ဆိုလေသောခါ၊ ဝါသုလှကေ၊ လှဘတ္တာက၊ ဟက္ကရာဟက္ကရီ ငဒုဿီကေ၊ ဤသည်ငနှံ့၊ ငါ့ကိုယုံလေ၊ ရုပ်ပုံမပြ၊ ငါပိုင်ပြင်ကို၊ မမြင်ရကေ ဂုမ္ဘာသာ မှတ်၊ ငါ့ရုပ်သွင်ကို၊ မြင်ပြန်လတ်ကေ၊ ဖဖတ်တီမောထွေ၊ အလိုလိုလေ၊ ပြိုင်မရအောင်၊ ဝါသုဘတ္တ။ အလှကျော်ကေ၊ ငါမဟုတ်လေ့" ဟူ၍ ရခိုင်တို့တွင် လတ်တလောဒေါသ ထွက်လာလျှင် ပြောလေ့ပြောထ ရှိသော စကားများဖြင့် သရုပ်ဖော်ရေးစီခဲ့ပါသည်။

ရခိုင်တွင် တစ်ချိန်က ကွယ်ပျောက်လုနီး၊ ကွယ်ပျောက်သွားပြီဟုပင် ဆိုရ လောက်မည့် အခြေအနေတိုင် ကျရောက်ရှိနေသော ရှေးယဉ်ကျေးမှုရေးရာများ၊ အနု ပညာရပ်များ၊ စာပေအက္ခရာများကို သုတေသီတချို့သည် စုဆောင်းသုတေသနပြုခါ ဖော်ထုတ်ရှိ နေကြပါသည်။

ပြီးပြီ

ယင်းသို့ တစ်ဖက်က ထိန်းသိမ်းဖော်ထုတ်နေကြချိန်တွင် မပျောက်မပျက်ရှိနေသေးသော ဘာသာစကားကိုသော်မှ လေယူလေသိမ်း အခေါ်အဝေါ်မှစ၍ ပြောင်းလဲပြောဆိုနေကြသည်ကို တွေ့ရပါသည်။

လူမျိုးတစ်မျိုး၏ အရေးအကြီးဆုံးဖြစ်သော ဘာသာစကား ကွယ်ပျောက်သွားပါက လူမျိုးပါ ကွယ်ပျောက်နိုင်ကြောင်း သတိပြုစေလိုပါသည်။

အနောက်ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကုလားလူမျိုးများအကြောင်း နေထိုင်ရှိကြသေးသည့် ရခိုင်များသည်လည်းကောင်း၊ ပုသိမ်မော်တင် တစ်ဝိုက်မြန်မာများကြားနေထိုင်ရှိကြသေးသော ရခိုင်များသည်လည်းကောင်း၊ ယနေ့တိုင် ရိုးရာယဉ်ကျေးမှုဘာသာစကားကို ထိန်းသိမ်းစောင့်ရှောက်ပြောရှိနေကြသည်များကို အတုယူပြီးခေတ်လူငယ်တို့ အနေဖြင့် မိမိတို့ဒေသရိုးရာအလိုက် ကိုယ့်မျိုးရိုးစဉ်လာ အလေ့အလာပြောဆိုရှိကြသော စကားများကို မပျောက်မပျက်ရအောင် ထိန်းသိမ်းရန် လိုအပ်ကြပါသည်။

# (၄) ရခိုင်စကား အသံနေအသံထားများ

ရခိုင်စကား ပြောဆိုပုံ အသံနေအသံထားကို မြန်မာစကား ပြောဆိုပုံအသံနေအသံထားနှင့် ယှဉ်တွဲ၍ တင်ပြလိုက်ပါသည်။ စကားအလိုက် မိမိတို့ ကိုယ်ပိုင်ဉာဏ်နှင့်တွေးဆယူနိုင်ကြပါသည်။ လေ့လာပါက နားလည်နိုင်ပါသည်။ အထူးခက်ခဲသော စကားမဟုတ်ပါ။

ဖော်ပြပါများမှာ ကုလားတန်မြစ် အဝသားစကားသံများအရ တင်ပြခြင်း ဖြစ်ပါသည်။ တခြားရခိုင်ဒေသန္တရ စကားမျိုးစုံနှင့် ဖော်ပြနေပါက ရှည်လျားပြီး ရှုပ်ထွေးသွားနိုင်ပါသည်။

**ရခိုင်မြန်မာ ကာရန်ကိုက်ကွဲသော စကားသံတို့မှာ–**

| | | | | | | | |
|---|---|---|---|---|---|---|---|
| မြန်မာ | - | အု၊ အာ | ကာရန်ကို | ရခိုင် | - | အ- | ကာရန် |
| ။ | - | အေ | ကာရန်ကို | ရခိုင် | - | အီ- | ကာရန် |

။ - အည် ကာရန်ကို ရခိုင် - အိုင်-ကာရန်
။ - အစ် ကာရန်ကို ရခိုင် - အိုက်- ကာရန်
။ - ယပင့်သံကို ရခိုင် - ရရစ်သံဖြင့်
ပြောဆိုကြပါသည်။

**အာ၊ အ့ ကာရန် ဥပမာများ**

| **မြန်မာသံ** | **ရခိုင်သံ** |
|---|---|
| လူပျို၊ လူပျင်း၊ လူရှူး | လပျို၊ လပျင်း၊ လရှူး |
| သူခိုး | သခိုး |
| နွားထီး၊ နွားမ | နထီ၊ နမ |
| ပါးစပ် | ပဇာ့ |
| နားရွက် | နရွက် |
| ဒါးမ၊ ဒါးပြ | ဒမ၊ ဒမြ (ဒမရ) |
| ရေးအိုးခွက် | ရဝခွက် |

စကားများ ယှဉ်တွဲသုံးသည့်အခါတွင်လည်း ရှေ့စကားသံကို “အ” ကာရန်သံဖြင့် ပြောပါသည်။

| **မြန်မာသံ** | **ရခိုင်သံ** |
|---|---|
| ကောင်းကောင်းမွန်မွန် | ကကောင်းမမွန် |
| ကျန်းကျန်းမာမာ | ကျကျန်းမမာ |
| ကျယ်ကျယ်ပြန့်ပြန့် | ကျကျယ်ပြပြန့် |
| သောင်းသောင်းဖြဖြ | သသောင်းဖဖြ |
| အေးအေးချမ်းချမ်း | အအီးချချမ်း |
| သာသာယာယာ | သသာယယာ |
| တိုးတိုးတိတ်တိတ် | တတိုးတတိတ် |
| လှလှပပ | လလှပပ့် |
| ရှူးရှူးမိုက်မိုက် | ရရှူးမမိုက် |
| သွေ့သွေ့ခြောက်ခြောက် | သသွိ့ခခြောက် |

(19)

# အသျှင်စက္ကိန္ဒ

| | |
|---|---|
| ဖြူဖြူဖွေးဖွေး | ဖဖြူဖဖွေး |
| ဆူဆူညံညံ | ဆဆူညညံ |
| နီနီရဲရဲ | နနီရရဲ |
| ကျိုးကျိုးနွံနွံ | ကျကျိုးနွနွံ |
| သန့်သန့်ရှင်းရှင်း | သသန့်ရှရှင်း |
| ဆင်းဆင်းရဲရဲ | ဆဆင်းရရဲ |
| ချမ်းချမ်းသာသာ | ချချမ်းသသာ |
| ကြွယ်ကြွယ်ဝဝ | ကြွကြွယ်ဝဝါ့ |
| ပျော့ပျော့ပျောင်းပျောင်း | ပပျော့ပပျောင်း |
| ခက်ခက်ခဲခဲ | ခခက်ခခဲ |
| ထထကြွကြွ | ထထော့ကကြွ |
| ဆူဆူဝဝ | ဆဆူဝဝါ့ |
| ပိန်ပိန်ပါးပါး | ပပိန်ပပါး |
| စွဲစွဲမြဲမြဲ | စစွဲမမြဲ |

စသည်ဖြင့် ပြောဆိုကြပါသည်။

**အောကာရန် ဥပမာများ**

| **မြန်မာသံ** | **ရခိုင်သံ** | **မြန်မာသံ** | **ရခိုင်သံ** |
|---|---|---|---|
| လေ | လီ | သွေး | သွီး |
| ရေ | ရီ | ပေး | ပီး |
| ဈေး | ဈီး | ပြေး | ပြီး |
| အေး | အီး | မြေး | မြီး |
| ခွေး | ခွီး | ဆေး | ဆီး |
| နေ | နီ | မြွေ | မြွီ |
| နေတယ် | နီရေ | ပလွေ | ပလွီ |
| နေ့ | နိ | စာပေ | စာပီ |

**အည်ကာရန် ဥပမာများ**

| **မြန်မာသံ** | **ရခိုင်သံ** |
| --- | --- |
| လည်ဖင်း | လိုင်ဖင်း |
| ချည်နှောင် | ချိုင်နှောင် |
| ပျည်ပြား | ပျိုင်ပြား |
| စဉ်းစား | စိုင်းစား |

**အစ်ကာရန် ဥပမာများ**

| **မြန်မာသံ** | **ရခိုင်သံ** |
| --- | --- |
| စစ် | စိုက် |
| လစ် | လိုက် |
| ပစ် | ပိုက် |
| တစ် | တိုက် |

**ယပင်း ဥပမာများ**

| **မြန်မာသံ** | **ရခိုင်သံ** |
| --- | --- |
| ကျွားဝါ | ကြွားဝါ |
| ကျွက် | ကြွက် |
| ကျွေကျတယ် | ကြွေကျရေ |

တခြားအသံနေအသံထားများကို ဆက်လက်တွေးယူကြပါလေ။

တစ်နည်းမှတ်သားရန်မှာ-

**အ သရသံကို ရခိုင် အိ သရသံသို့ ပြောင်းပြောသည်။**

**-စ် သံကို ိုက်သံသို့ ပြောင်းပြောသည်။**

**မြန်မာ အေ၊ အေ့၊ အေး ကို ရခိုင် အီ-အိ-အီး ထွက်သည်။**

**အယ်၊ အယ့်၊ အဲ့ အသံကို အေ-အေ့-အေးဟု ထွက်သည်။**

**အော်၊ အော့၊ အော အသံကို ရခိုင်တောင်စဉ်(ရမ်းဗြဲ)စကားဖြင့် အို-အို့-အိုး ထွက်သည်။**

ay

# အသျှင်စက္ကိန္ဒ

တောင်စဉ် စကားသုံးဝေါဟာရအချို့မှာလည်း မြောက်ပိုင်းသုံး ဝေါဟာရများ စွာ ရှေးကျဖွယ်ရှိသည်ဟု ယူဆကြသည်။

| **မြောက်ပိုင်းစကား** | **တောင်စဉ်စကား** |
|---|---|
| အမိ (အမေ) | အီးယောင်၊ အီးယေ |
| အဘာ (အဖေ) | ဘားဘား |
| အခင်ကြီး (အမိ၏ မောင်) | မန်းကြီး |
| အယွေ (အမိ၏ညီမ) | ယေးယေ |
| အဘုသျှေ (ကလေး) | အစိတ်ကေ |
| ဒယော (လုံချည်) | ခတောင်း၊ ခယောက် |

အသံထွက်များအနေဖြင့် လည်းကောင်း၊ လေယူလေသိမ်း အပြောအဆို များမှာ၊ တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုစ်ဆန်းဆိုဘိသို့ ရခိုင်ဒေသန္တရ စကားများမှာလည်း လေယူလေသိမ်း၌သော်လည်းကောင်း၊ ဝေါဟာရအခေါ် အဝေါ်အသုံးအနှုန်း၌ သော်လည်းကောင်း၊ အနည်းအကျဉ်း ကွဲပြားခြားနား ရှိပါသည်။ သံတွဲ၊ တောင်ကုတ်၊ ရခိုင်တို့ပြော ဝေါဟာရစကားများမှာ မြန်မာ ဝေါဟာရများနှင့်အတူ များပါသည်။

ရခိုင်စကားတွင် ကြိယာနောက်ဆက်စကား၊ နာမ် နောက်ဆက်စကားစသည် စကား နောက်ဆက်ကလေးများသည် ရခိုင်စကား၏ ထူးခြားချက်တစ်ရပ် ဖြစ်သည်။ ကေ၊ ကေ့ရခိုင်အသုံးအနှုန်းသည် မြန်မာအချိန်ပြ နောက်ဆက်တွဲများ ဖြစ်သော လျှင်၊ ပြီးလျှင်၊ သော်တို့နှင့် အဓိပ္ပာယ်တူသည်။

**စားပြီးကေ - စားပြီးလျှင်**

တစ်ဖက်က၊ ကေ့ ဆိုသည်မှာ မြန်မာ ညွှန်ကြား၊ ဟန့်တား၊ တားမြစ်ခြင်း အဓိပ္ပာယ်ဆောင်သော 'နှင့်' သဘောသက်ရောက်ပေသည်။

**မလားပါကေ့ - မသွားပါနှင့်**

ရခိုင် ခ-ဆိုသောစကားမှာ နောက်ဆက်စကားအဖြစ်နှင့်လည်းကောင်း၊ ကာလစဉ်အလိုက် ပြောဆိုရာတွင်လည်း အသုံးပြုလေ့ရှိသည်။

&ci oး!

**"ခ" မှာ မြန်မာ "ခဲ့" နှင့် တူပါသည်။**

**အတိတ်ကာလပြ ခယာ၊ ခဗျာယ် - ခဲ့ပြီး**

**ထာခပါမေ၊ထားပါခမေ - ထားခဲ့ပါမည်။**

**အိမ်ကိုယူခ - အိမ်သို့ယူခဲ့။**

**ငါ့နောက်ကလိုက်လတ် - ငါ့နောက်ကလိုက်ခဲ့။**

ရခိုင်စကား 'ခီ'သည် မြန်မာကြိယာထောက် 'ချေ' သဘောရှိသည်။ မြန်မာစကားတွင် သဘောလေးနက်စေလိုသဖြင့် 'ကြ' ကိုသုံးဘိသို့ ရခိုင်တွင် ခီ-ကို သုံးပြုသည်။

**လားလုပ်ခီ - သွားလုပ်ချေ။**

ရခိုင်စကားတွင် 'ဖောင်' နောက်ဆက်တွဲကို 'ရန်' သဘော သက်ရောက်သည်။

**ရီခပ်ဖောင်လားကတ်ဖို့ - ရေခပ်ရန်သွားကြမယ်။**

'ထိုကဲ့သို့' ဟူသော မြန်မာညွှန်ပြစကားကို ရခိုင်တွင် ယဖောင်၊ ယယှောင်၊ ယပိုင်၊ ယင်းပိုင်ဟူ၍သုံးသည်။

ရခိုင်စကား တိ၊ ဒိန်၊ သည်၊ မြန်မာနောက်ဆက်ဖြစ်သော 'များ' အများတို့နှင့် အဓိပ္ပာယ်တူသည်။

**သတ္တဝါတိ၊ သတ္တဝါဒိန် - သတ္တဝါအများတို့**

အရေအတွက် အတိအကျကို မဖော်သော စကားများတွင် မြန်မာ 'တို့' 'များ' ဆိုသည်ကို ရခိုင်တွင် 'ရို့၊ တိ၊ ဒိန်' ဟူ၍ သုံးသည်။

**သူရို့ - သူတို့၊ လူတိ၊ လူဒိန် - လူများ**

**ယာ၊ ဗျာယ်စကားသည် မြန်မာ 'ပြီ' နှင့် အဓိပ္ပာယ်ချင်း တူသည်။**

**စားပြီးယာ၊ စားပြီးဗျာယ် - စားပြီးပြီဟူ၍ ဖြစ်သည်။**

နောက်ဆက်တွဲ စကားစပ်၊ စကားဆက်၊ စကားသတ်များအကြောင်း နောက်သက်ဆိုင်ရာအခန်းများတွင် ဖော်ပြထားရှိပါသည်။

u;pay

# (၅) ရခိုင်ဝေါဟာရ အခေါ်အဝေါ်များ

ယခုဖော်ပြပါ ဝေါဟာရများသည် ရခိုင်ဝေါဟာရ စကားများအနက်၊ မဖြစ်စလောက်မျှသာ ဖြစ်ပါသည်။ ရခိုင်စကားတွင် အောက်ပါကဲ့သို့သော ကိုယ်ပိုင်စကားအသုံးအနှုန်းများ ရှိကြသည်။

| **ရခိုင်** | **မြန်မာ** | **ရခိုင်** | **မြန်မာ** |
|---|---|---|---|
| ဘေးစ | နံစောင်း | ကုပ်ဆက် | လည်ကုပ် |
| အဘာ | အဖေ | အမင် | အမေ |
| တန်းပျင်း | ရေသုံးခန်း | ပဒကာသီး | သဘော်သီး |
| ရှက်ပင် | ထိကရုံးပင် | ရိုးလှသန္တာ | ဆိတ်ဖလူးပင် |
| ငကုံသား | ကဘီလူး | အင်းကျီတလုံး | အင်္ကျီတစ်ထည် |
| ထီးတဆောင် | ထီးတစ်လက် | အိမ်တစ်လုံး | အိမ်တစ်ဆောင် |
| ပုဆိုး | စောင် | ဒယော | လုံချည် |
| အင်္ကျီဖွပ် | အင်္ကျီလျှော် | ခတောင်း | လုံချည် |
| ပန်းဆွတ် | ပန်းခူး | ခယောက် | လုံချည် |
| ပရုန်းနရုန်း | ကမန်းကတန်း | ဆန်ဖွပ် | ဆန်ထောင်း |
| သက်သီ | သက်သေ | လျှာရေကျ | သွားရေကျ |
| အမေရော်ကာ | သဘောလောက် | ပယာနယာ | သုတ်သီးသုတ်ပြာ |
| အထက်ပေါ်ရီ | အပေါ်ယံ | ရသိ | ရသေ့ |

(အပေါ်ယံ)

ထို့ပြင် ဘာသာပြန် မွေးစားစကားများလည်း ရှိခဲ့ကြသည်။
ဥပမာ- ခရာဝ (အသံချဲ့စက်)၊ ဓာတ်တောင့် (လက်နှိပ်ဓာတ်မီး)၊ ဓါတ်မီးကိုက် (လျှပ်စစ်မီးပူ) စသည်တို့ ဖြစ်သည်။ တောက်လီယာ၊ ဒက်တင်၊ ဖောင်တော်စသော အသံလှယ်မွေးစားစကားများလည်း ရှိလေသည်။

၁၉၇၄-ခုနှစ်၊ ဇန်နဝါရီလက ရခိုင်ပြည်နယ်သို့ ရောက်ရှိလာခဲ့ကြသော မစ္စစ် မဒမ်ဘေးလ်နီး (မြန်မာစာပါမောက္ခ၊ အရှေ့ဖျားနိုင်ငံဆိုင်ရာ ပါရီတက္ကသိုလ်)နှင့် မစ္စတာဘီလ်းနီတိုင်းနှင့် (ဂျပန်စာ ပါမောက္ခ၊ အရှေ့ဖျားဆိုင်ရာ ဘာသာဌာန၊ ပါရီ တက္ကသိုလ်) ဇနီးမောင်နှံနှစ်ဦးတို့ လာရောက်ခဲ့ရာတွင် ရခိုင်ရှေးဟောင်းသမိုင်း

&cIio;lu;p

ယဉ်ကျေးမှု ဓလေ့ထုံးစံများနှင့် ရခိုင်ဝေါဟာရများကို လေ့လာခဲ့ကြရာ အနည်းငယ်မျှ ရရှိခဲ့ကြသဖြင့် ရခိုင်ဝေါဟာရအဘိဓာန်တစ်ခုကို အမြန်ပြုစုသင့်ကြပါသည်။

ယခုစာပြုသူ စုဆောင်းတင်ပြသော ဝေါဟာရများမှာ ကုလားတန်မြစ်ဝဒေသ စစ်တွေဘက်၌ ပြောစကား ဝေါဟာရများပင် ဖြစ်ပါသည်။ ရခိုင်ဒေသန္တရစကား ဝေါဟာရအခေါ်များကို မှန်ကန်စေစုံနိုင်မည် မဟုတ်ပါ၍၊ အမှားအယွင်းများလည်း ရှိနိုင်ပြီး၊ အလွန်ရှည်လျားမည် ဖြစ်ပါသဖြင့် ဒေသန္တရစကားတစ်မျိုးတည်းနှင့် တင်ပြလိုက်ခြင်း ဖြစ်သည်။

တခြားဒေသန္တရစကားများကို အလေးမပြု၊ အရေးမစိုက်၍မဟုတ်ကြောင်း ကြိုတင် သိကြားအပ်ပါသည်။

# လူပုဂ္ဂိုလ်နှင့်စပ်ဆိုသော ဝေါဟာရများ

| မြန်မာ | ရခိုင် | မြန်မာ | ရခိုင် |
|---|---|---|---|
| မြန်မာလူမျိုး | ပြု၊ အောက်သား | တူရိယာ | ဒူရိယာ |
| မျက်နှာဖြူ | ဖလောင်း၊ဖရင်ဂျီ | ချစ်တီး | စတီ၊ နဗက်ကျယ် |
| လူမျိုး | | ဟိန္ဒူ | ဟိန်းဒုတ် |
| ပေါ်တူဂီ | ဂျိတ်ကေ | ဟိန္ဒူဇာတ်ညှံ့ | ဒုန်း |
| အင်္ဂလိပ် | ဂူရာ | ဘုံဘေသား | နာခေါ်ဒါ |
| သင်္ဘောသား | | ပန်ချာဘီ | ပင်ဂျာဘီ |
| ကုလား | ခလာချိတ် | ကာကာကုလား | စူရိယာ |
| သင်္ဘောသား | | ဘင်္ဂါလီလူမျိုး | မရမာကြီး |
| ခေါ်တော | ဗင်္ဂါလီ | ကပ္ပလီ | ကလမဲ |
| ကုလား | | ဂျာမဏီ | ဇာမဏီ |
| စစ်တကောင်းသား | စာရကန်ညာ | အင်္ဂလိပ်ကပြား | ကြက်ချိုး |
| မဒရာဇီ | မင်ဇရာဇ် | ဇေတာဘာရီ | ကလပျက် |
| ကပြား | လူဘန်ဒတ် | | |

u;play

## အသျှင်စကြာနွှ

# အလုပ်အကိုင်နှင့် စပ်ဆိုင်သော ဝေါဟာရများ

| မြန်မာ | | ရခိုင် |
|---|---|---|
| တံငါသယ် | = | ဗိုက်သေ |
| ငါးရောင်းသူ | = | ငဖောက်သေ |
| ဆံပင်ညှပ်သူ | = | ဆတ်ဒါ၊ လက်သာ |
| လယ်လုပ်အငှားခံ | = | ခေါင်းတလာ |
| မြေများပိုင်ရှင် | = | သျှိတ်ရှင်၊ သော်တလီ |
| | = | ပြုစုကောင်း |
| လူချမ်းသာ | = | လရတတ် |
| အနှိပ်သည် | = | အနှိပ်တတ်၊ အဖျစ်တတ် |
| နတ်ကတော် | = | နတ်ကောင်းမ |
| ဗေဒင်ဆရာ | = | ဝှရတတ် |
| တိုလီမိုလီရောင်းသူ | = | ဝန်နုကသျှေသေ |
| စက်ချုပ်သမား | = | မဲဆိုးစား၊ ဒရာဇီ |
| ခဝါသည်၊ လျှော်ဖွတ်သူ | = | လက်ပန်ဖွတ် |
| လက်သည်မ | = | မွီးသည်မ |
| အိမ်စေ(ကျား) | = | အငှားသား |
| အိမ်စေ(မ) | = | အငှားသမှ |
| ပွဲစားကြီး | = | ဒဘာချိတ် |
| ပွဲစားငယ် | = | ဒလာ |
| ကားမောင်းသမား | = | ဒရိုင်ဘာ |
| ပိုက်ဆံကောက်သူ | = | ဆပေယာ |
| သောင်းကျန်းသူ၊ သူပုန် | = | ပြောက်ကျား |
| ရက္ကန်းသယ် | = | ရက်သေမ၊ ယိုင်သေ |
| ရွာဆော် | = | အဟောတော် |

&cIio;lu;p

| | | |
|---|---|---|
| ကပ္ပိယ | = | ကရက၊ ဆွမ်းတကာ |
| ပန်းချီဆရာ | = | ပဂျီဆရာ |
| ပန်းတိမ် | = | ပန်းထိမ် |
| ပန်းဖဲ | = | ပန်းဖဲ |
| ပန်းရံ | = | ပရံဆရာ |
| ပန်းပု | = | ပပုဆရာ၊ ရုပ်ထုဆရာ |
| သာမဏေ | = | မောင်သျှင် |
| ဦးပဥ္စင်း | = | ပန်းဇင်း |
| ဘိုးသူတော် | = | သူတော် |
| သီလရှင် | = | သူတော်မ |
| ဧည့်သည် | = | အာဂန္တု |
| လူရွှင်တော် | = | လပျက် |
| မင်းသားကြီး | = | မင်းကြမ်း |
| နတ်ကတော် | = | ပွဲဦးနင်းမ |
| တပင်တိုင်မင်းသမီး | = | တပါးသွားမင်းသမီး |
| မင်းသား | = | မက်သား၊ မန့်သား၊ မင့်သား |
| မောင်းမမိဿံ | = | ကျွန်မဂုမ္ဘ |
| အတီးသမား | = | နောက်ထိုင် |
| ရုပ်ရှင်မင်းသား | = | ဇာတ်လိုက်မင်းသား |
| ရုပ်ရှင်မင်းသမီး | = | ဇာတ်လိုက်မင်းသမီး |
| လူကြမ်း | = | လူဆိုး |

## အသျှင်စက္ကိုန္ဒ

# ရာထူးအလိုက်

| မြန်မာ | | ရခိုင် |
|---|---|---|
| အရာရှိကြီး | = | ဆာဘော |
| ခရိုင်ဝန် | = | အရီးပိုင် |
| ခရိုင်ရဲဝန် | = | ကတ်တင် |
| ရဲအုပ် | = | ဒါရဂါ၊ ဌာနာ |
| ရဲကြပ် | = | သရဇင် |
| ရဲ | = | ရဲသား |
| ယစ်မျိုးအုပ် | = | အပ်ပါကာရီ၊ ဘိန်းသရဇင် |
| ယစ်မျိုးရဲ | = | ဘိန်းပျာတာ |
| မြို့ပိုင် | = | မြို့အုပ် |
| လက်ထောက်မြို့ပိုင် | = | ဒပြုသီးမြို့အုပ် |
| စာရေး | = | စာချီ၊ စာကိုင် |
| မင်းစေ | = | ဆပြာသီး |
| စာပို့လုလင် | = | ဒက်ပျာတာ |
| စာတိုက်မှူး | = | ဒက်ကရင်နီ |
| သင်္ဘောစာရေး | = | သင်္ဘောကရင်နီ |
| သင်္ဘောဦးစီး | = | သိုက်ရင်း |
| ဆရာဝန် | = | ဒက်တင် |
| သူနာပြုဆရာမ | = | နာစ်ဆမ |
| ဆေးစပ်သမား | = | ကွန်ဘောင်ခါ |
| သူနာပြု (ကျား) | = | သွေဒေါ် |
| ရှေ့နေ | = | ရှိတော်ခံ၊ အောက်ကျို |
| ငွေကိုင်စာရေး၊ ငွေတိုက်စိုး | = | ခဒင်သီး |
| အခွန်ငွေကောက်ခံသူ | = | ဒေဝန်းကြီး |
| စကားပြန် | = | ဖွဲဒါကြီး |

| | | |
|---|---|---|
| စကားတတ် | = | ကလူတတ်၊ ကာနူတတ် |
| နယ်ပိုင် | = | ခွင်ဆရာ |
| မြေတိုင်းစာရေး | = | တိုက်စာရွီး |
| လူတော် | = | အာဂ့ါသား၊ အာဂ့ါလူ |
| စစ်သည် | = | ဆဖာအိပ် |

# အကျင့်စာရိတ္တ၊ ပိုပန်းသဏ္ဍာန်၊ သွင်ပြင်ရုပ်ရည်လက္ခဏာများအရ တင်စား၊ ခဲရဲရှိ့ချ ခေါ်ဝေါ်ခြင်းများ

| မြန်မာ | | ရခိုင် |
|---|---|---|
| ခါးပိုက်နှိုက် | = | အိပ်နှိုက် |
| အရက်သမား | = | ယစ်ဖွေ |
| သူတောင်းစား | = | အလှူခံစား |
| တေလေဂျပိုး | = | ဆလယာဟက္ကရီ |
| လူလိမ်လူကောက် | = | ဂလိမ်ဒါ |
| ကျွန်မျိုး | = | ဂုမ္ဘသား၊ စဖိုပေါက်မသား |
| အသိအမြင်မရှိသူ | = | ဗုန်းဒါး |
| အနှစ်သာရမရှိသူ | = | ဖောင်းကာ၊ ဗောဒါ |
| လူအ- လူန | = | ဗောဒီဗောဒါ၊ နဂိုနဂျာ |
| တစောက်ကန်း | = | ထိုးကန်း၊ တစူးထိုး |
| လူပြောက်လူသွမ်း | = | အာဂျာ၊ အသွန့်သူ |
| သားဆိုးသားယုတ် | = | ဗူးဂြင့်သား၊ ဗွိဂြမ်းသား |
| လူလယ်လူလွင့် | = | မြင့်ဂါ |
| ဂျပိုး | = | ဆပွတ်၊ ဆလာယာ |
| လူဂွစာ | = | ဂန်းဒူး |
| လူပျင်း | = | ဖျိုင်းဇီခတ်၊ ငပျင်းထွီ |

u;play

# အသျှင်စက္ကိန္ဒ

လူလယ် = ပင်ကာ၊ ဗက်ကာ၊ ဂျင်

သစ္စာဖောက် = လူတည်ကျင်

လူကပ်စေးနည်း = ဂေါ်ဇီညာ၊ လပွန်

ဘုကျကျပြောသူ = လူဂလန့်

စကားစပ်စုပြောတတ်သူ = ဘောက်ကတတ်

စကားအဆီအငေါ်မတည့် ပြောတတ်သူ = ကိုင်းဖြတ်

လူပေါ = သုံးပွာ

လူနု = အာဒါ

လူမွဲ = ဖွဲ့ရာ၊ ဖြာရိကျ၊ ဖွတ်တောင်း

တကျွန်းပြန် = ဘောင်ဒူပြန်၊ ဘောင်ဒူပါ

မိန်းမလျှာ = မယူမ၊ နတ်ကောင်း၊ ငတုံးပွတ်

အစဉ်မကျန်းမာသူ = နာကြီးကျ

ကိုယ့်အားမကိုးသူ = လူဂိုင်းတုတ်

လူနင်းပြား = တာယာ

အဖေမပေါ်သား = ယျောက်သား

ဖောက်ပြားသူ = ယျောက်ခိုး

မိန်းမလိုက်စားတတ်သူ = မရတရှူး

အော်ကျယ်အော်ကျယ်ပြောသူ = ဗူရောင်၊ ရောင်ရင်

လူချော = လူခန့်

ပြည်တန်ဆာမ = လင်းပြန်မ

မိန်းမရှင်၊ မိန်းမပေါ့ = ဘဘီမ၊ဟတ်ကာဘီမ၊ကဘွာရာမ

ကမြင်းမ = လွှမ၊ ဗီချပ်တရာမ

ငမွဲမ = ဖြာရိကျမ၊ ဖွတ်တွင်းနှိုက်မ

အသုံးမကျတဲ့မိန်းမ = ဘဘားရီမ

ဖာခေါင်း = ဘရဝါ

လူသတ်တရားခံ = ဖင်ချိတ်ဝလာ

အရပ်ရှည်သူ = လင်းဘား

| | | |
|---|---|---|
| အရပ်ပုသူ | = | ဘုဒိုသျှေ၊ ဒေါင့်ဒိုသျှေ |
| မျက်စိစွေစောင်းသူ | = | ကာနာ |
| အသားမည်းသူ | = | ကာလာ၊ အင်းပုတ် |
| လူဝလူသန် | = | ဘော်လီ၊ ကျင်သန်၊ ဘုတ်ဖား |
| အလွန်ပိန်ချုံးသူ | = | လီတမော်၊ ပင်လက်ခြောက် |
| လူအ | = | ဘဘော |
| နားပင်း | = | ဇွန်းကျ |
| မျက်မမြင် | = | အကန်း |
| မယားငယ် | = | အမျှောင်မ |
| ယိမ်းတိမ်းယိုင်တိုင်သွားသူ | = | ဖြားသီးဖြာသတ် |
| ခြေခွင်ခွင်သွားသူ | = | ဂွာယာ |

မှတ်ချက်။ ။ ရှေးကရခိုင်များ တစ်ဦးကိုတစ်ဦး၊ တင်စားဆဲရဲခြင်းများကိုသာ ပြုကြသည်။ ညစ်ညမ်းစွာ ဆဲရဲမှုကို မပြုကြပါ။

# အရွယ်အလိုက်

| **မြန်မာ** | | **ရခိုင်** |
|---|---|---|
| မွေးစကလေး | = | ပေါက်စသျှေ၊ အဘုသျှေ |
| ရှင်လိုင်ပြန်ရွယ် | = | ဖောင်းဒင်သျှေ |
| ကလေး | = | အသျှေ |
| ယောကျ်ားကလေး | = | ကွလေသျှေ |
| မိန်းကလေး | = | ကွလေမသျှေ |
| ကာလသား | = | လူပျို |
| မိန်းမပျို | = | အပျို |
| အပျိုဟိုင်း | = | ငေါင်းမ |
| လူပျိုဟိုင်း | = | အငေါင်း |

u;pay

## အသျှင်စက္ကိန္ဒ

| | | |
|---|---|---|
| လင်ရှိမိန်းမ | = | မင်းကျွန်မ |
| မယားရှိယောကျ်ား | = | မင်းကျွန် |
| မုဆိုးမ | = | မဆမ၊ လင်သီမ |
| တစ်ခုလပ် | = | လင်ကွာမ |
| အဘိုးအို | = | သက်ကြီး၊ ဝါကြီး |
| အဘွားအို | = | ဝါကြီးမ၊ ဒါအိုမ |
| ကျောင်းသားသူငယ် | = | စာသင်သား |

# ဆွေမျိုးတော်စပ်ခြင်းများ

| **မြန်မာ** | | **ရခိုင်** |
|---|---|---|
| ဆွေမျိုးတော်စပ်တယ် | = | အမျိုးတော်ရေ |
| ဆွေမျိုးဆက်တယ် | = | ဆွေမျိုးစပ်တေ |
| အဖေ၊ | = | အဘ၊ အဖ၊ ဘားဘာအဘာ၊ အဖသျှင် |
| အမေ | = | အမိ၊ အမိသျှင်၊ အမင်၊ အီးယေ၊ အီးယောင် |
| အဘိုး | = | အဖိုးသျှင်၊ အဖိုး၊ ဖိုးယေ |
| အဘွား | = | အဘောင်သျှင်၊ အဘောင်၊ ဒဒါဘောင်၊ ဘောင်ဘောင် ဒိုးဒို၊ အဒါ၊ အဒါသျှင် |
| မောင်ကြီး | = | မောင်ကြီး၊ မောင်ကြီးသျှင်၊ မောင်းမောင်ကြီး |
| မောင် | = | အကို၊ မောင်းမောင် |
| အစ်ကိုကြီး | = | အကိုကြီး၊ ဂိုးဂိုကြီး၊ ဂိုးကြီး |
| အစ်ကိုလေး | = | အကိုသျှေ၊ ဂိုးဂိုးသျှေ |
| အဖေ၏အစ်မ | = | အရီးကြီး |

| | | |
|---|---|---|
| အဖေ၏အစ်မလင် | = | အခင်ကြီး၊ မင်းကြီး၊ မင်းမင်ကြီး |
| အမေ၏အစ်မကြီး | = | အကြီးသျှင်၊ ကြီးကြီး |
| အမေ၏ညီမ | = | အယွေကြီး ယေးယေကြီး |
| အမေညီမလင် | = | အဘေကြီး၊ ဘေးဘေကြီး |
| အမေ၏မောင်ကြီး | = | အခင်ကြီး၊ မင်းကြီး |
| အဖေ၏အစ်ကို | = | ဘဂျီး၊ ဘကြီး၊ အဘာကြီး |
| ခဲအိုကြီး | = | ယောက်ဖကြီး၊ ခအိုကြီး |
| ဦးလေး | = | အခင်၊ မင်းမင် |
| အဒေါ် | = | အရီး၊ ယေးယေ |
| အဘေအရွယ် | = | အဗေ၊ အခင်၊ ခင့်ခင် |
| အစ်မကြီး | = | အမျေကြီး၊ မကြီး၊ မေကြီး |

မှတ်ချက်။ ။ အရွယ်လိုက်ခေါ်ရာတွင် စဉ်ငယ်လိုက် ကြီး၊ လတ်၊ သျှေ၊ထွီး စသည်ဖြင့် ခေါ်ကြပါသည်။

| | | |
|---|---|---|
| **နင်တို့** | = | **အယိုးရို့** |
| **ခင်ဗျား** | = | **ခင်ဖရား** |
| **မင်းတို့** | = | **အဝေရို့** |

ဆွေမျိုးဆက်နှင့် ပတ်သက်၍ အသျှင်ဝါသဝ(နတ်မြစ်မာယ)ထံမှ ရရှိသော ကြောင်းရပ်တစ်ချို့ကို တင်ပြလိုက်ပါသည်။

**အဆက်ခုနှစ်ဆက်အဘမျိုး**

| **မြန်မာ** | | **ရခိုင်** |
|---|---|---|
| အဖေ၊ အဘိုး၊ အဘေး၊ | = | အဖေ၊ အဖိုးသျှင်၊ အဖီးသျှင် |
| အဘွေး၊ အဘဲ၊ အဘီ | = | အဇူသျှင်၊ အဇာသျှင်၊ အနူသျှင် အဘော် အနာသျှင် |

:lu;pay

# အသျှင်စက္ကိန္ဒ

## အထက်စုနှစ်ဆက်အမိမျိုး

| မြန်မာ | | ရခိုင် |
|---|---|---|
| အမေ၊ အဖွား။ အဘေးမ | = | အမိ၊ အဘောင်သျှင်မ၊ အဖိုးသျှင်မ |
| အဘွေးမ၊ အဘဲးမ၊ အဘီမ | = | အဇူသျှင်မ၊ အဇာသျှင်မ၊ အနုသျှင်မ |
| အဘော်မ | = | အနာသျှင်မ။ |

## အောက်ဆက်သားသမီး စုနှစ်ဆက်

| မြန်မာ | | ရခိုင် |
|---|---|---|
| သား၊ မြေး၊ မြစ် | = | သား၊ မြီး၊ မြစ် |
| တီ၊ မြွေး၊ ကျွတ် | = | တီ၊ ကြွတ်၊ ဂျွတ် |
| ဆတ် | = | ချွတ်။ |

(ဆောင်ပုဒ်လင်္ကာ) ဝတီလေးဆိုင်၊ ရိုးရခိုင်၏၊ မျိုးစဉ်သနစ်၊ ခုနှစ်ဆက်စီ၊ စဉ်တာရှိသော်၊ ပိတာအဖ၊ ဖိုးကအဖိုး၊ တသီးဇူဇာ၊ နုအနာလျှင်၊ အသျှင်ပင်မှတ်၊ မိခင် ဘောင်သျှင်၊ ဖိုးသျှင်ဇူဇာ၊ နုနာသျှင်မ၊ သိမှတ်ကြ၏။ ထိုကနောက်တွင်၊ သားသျှင် မြီးမြစ်၊ တလှစ်တီ ကြွတ်၊ ဂျွတ် ချွတ် ခုနစ် ဤသို့ဖြစ်သည်။ ။ နွယ်စစ်ထုံးစံလာသတည်း။ ။

**(နတ်မြစ်-နခေါင်းချောင်းကျောင်း ဦးနာဂိတ**
**(ကောဇာ- ၁၂၄၂-၁၃၂၅) ဆရာတော်၏ မှတ်စုစာအုပ်မှ)**

## ရခိုင်ဘာသာစကားလမ်းညွှန်

# အထောက်ခံနှစ်ဆောက်အဘာမျိုး

| မြန်မာ | | ရခိုင် |
|---|---|---|
| ဦးခေါင်း | = | အဂေါင်း |
| ထိပ် | = | ငယ်ထိပ် |
| ဦးနှောက် | = | ဝှနှောက် |
| နှာခေါင်း | = | နခေါင်း |
| နားရွက် | = | နရွက် |
| ပါးစပ် | = | ပါးဇော့ |
| လည် | = | လိုင်ဖက်၊ လိုင်ဖင်း |
| လည်မျို | = | ရမျို |
| ပခုံး | = | ပက်ကုန်း |
| ချိုင်းကြား | = | ယက်ကတိ၊ လက်ကတိ |
| ရင် | = | ရင်ဖတ် |
| ဆီးစပ် | = | ဆိပ်စ |
| သားမြတ် | = | နို့သီး |
| ဗိုက် | = | ဝမ်း |
| အစာအိမ် | = | ချထုတ် |
| ကျောကုန်း | = | နောက်ကုန်း |
| တင် | = | တင်သား၊ တင်ပျဉ် |
| ခါးရိုး | = | ချေငါင်းရိုး |
| ကြွက်သား | = | ခသလုံး |
| အရေ | = | အရီပြား |
| အမွှေး | = | အမွိး |
| မုတ်ဆိတ်မွှေး | = | ဘရမ်း |
| နှုတ်ခမ်းမွှေး | = | မဆွိး |
| ခြေ | = | ခထောက်၊ ခြီထောက် |

## အသျှင်စက္ကိန္ဒ

# ရောဂါဝေဒနာများ

| မြန်မာ | | ရခိုင် |
|---|---|---|
| မကျန်းမာဖြစ်နေတယ် | = | မချိဘဲဖြစ်နီရေ |
| အသည်းအသန် | = | အသည်းတပြင်း |
| အချိန်ကြာမြင့်သည့်ရောဂါ | = | နာတာရှည် |
| ကိုက်ခဲတယ် | = | အီးရေကြင်ရေ |
| နှာရည်ယို၊ အအေးမိ | = | ဆောင်းမွိရရေ |
| တုတ်ကွေးဖျား | = | အအီးမိဖျား |
| ငန်းဖျား | = | ငန်းလိုက်တေ |
| ငှက်ဖျား | = | ငှက်ဖျားလိုက်တေ |
| ခေါင်းမူးတယ် | = | ဂေါင်းမွိရေ |
| ခေါင်းကိုက်တယ် | = | ဂေါင်းခဲရေ |
| မူးနောက်နောက်တွေ့တယ် | = | ဂေါင်းယိုင်ရေ၊ ဂေါင်းညီးရေ |
| ဗိုက်နာတယ် | = | ဝမ်းခဲရေ |
| ဗိုက်အောင့်တယ် | = | ဝမ်းခြင့်ရေ |
| ဝမ်းကိုက်ရောဂါ | = | မြင်းသရိုက် |
| ကာလဝမ်းရောဂါ | = | ကာလနာ |
| ချောင်းဆိုးသွေးပါရောဂါ | = | သနာရှပ် |
| ပန်းနာ | = | ပင်နာ၊ ခါချိုး |
| ပလိပ်ရောဂါ | = | ခွီးပဇီနာ၊ လိုင်ဂျိတ်နာ |
| ဆုံဆို့ရောဂါ | = | လိုင်ဆို့နာ၊ လိုင်ဂျီနာ |
| နားပြေယိုရောဂါ | = | နပုတ်ယိုနာ |
| သွားနာတယ် | = | သွားအီးရေ |
| သွားဖုံးပြေယိုရောဂါ | = | သရိုးသပင် |
| ကာလသားရောဂါ | = | လပျိုနာ၊ ဖလောင်းဂျီနာ |
| အူကျရောဂါ | = | ဗေတက်တေ၊ ဗေကြီးရေ |
| အသည်းရောင်ဂေါဂါ | = | အဖျိုင်းကြီးရောဂါ |

# ရခိုင်ဘာသာစကားလမ်းညွှန်

| | | |
|---|---|---|
| ကိုယ်ရည်ရောဂါ | = | နူနာတိုနာ |
| မျက်ခမ်းစပ်ရောဂါ | = | မျက်စိနာရေ |
| မျက်သားဘုရောဂါ | = | မျက်စိစွန်ရေ |
| သွက်ချပါဒရောဂါ | = | ဝက်ချုပ်နာ၊ မာဒရာ |
| လေဖြတ်တယ် | = | လီလိုက်တေ၊ လီရိုက်တေ |
| နှာခေါင်းပုတ်ရောဂါ | = | နှာပလုပ်စားရေ |
| ဒူလာရောဂါ | = | ပါဒါရက်ထရေ |
| မီးယပ်ရောဂါ | = | မရပ်နာလိုက်တေ |
| သွေးစုနာ | = | အမွီးတပင်နာ |
| အနာပုတ် | = | ကမ်းထောက်ကမ်းပြို |
| ခြေပိုးစားတယ် | = | သဲစားရေ |
| မိတ်ထွက်တယ် | = | မြိတ်ပေါက်တေ |
| ညှင်း | = | ညှင်းထရေ |
| တင်းတိတ် | = | တန်းဆိတ် |
| ဝက်ခြံ | = | ဝက်ချွတ် |
| ဝက်ခင် | = | ဝက်ခြင် |
| နှင်းခူ | = | ခူကျရေ |
| ပွေး | = | ပွီး |
| ကိန္နရီနာ | = | ကျတ်ပေါက်တေ |
| ဆင်ခြေထောက် | = | ခြီဂူဒါလိုက်တေ |

u;pay

## အသုံးဝင်စကားနှင့် ဝေါဟာရများ

# သစ်သီးဝလံများ

| မြန်မာ | | ရခိုင် |
|---|---|---|
| နာနတ်သီး | = | နံ့ဒရာသီး |
| ငှက်ပျောသီး | = | ဘီလတ်ဝချိုင့်သီး |
| ဒူးရင်းသြဇာ | = | ဘီလတ်ပနဲ့သီး |
| သဘော်သီး | = | ဘဒဂါးသီး |
| မာလကာသီး | = | ဂေါ်ယိုင်သီး၊ ဂယိုင်သီး |
| သစ်တော်သီး | = | ကာပူဇသီး |
| ဥသျှစ်သီး | = | ဝရာဇ်သီး |
| ကြက်မောက်သီး | = | စုတ်ဖွားသီး၊ လီဇူသီး |
| ရုံးပဒေသာသီး၊ ရုံးပဒီသီး | = | ဂေါင်းခင်မျှော်သီး၊ ချောဒေါင့်သီး |
| မန်ကျည်းသီး | = | မှင်းဂျိုးသီး |
| ဇီးဖြူသီး | = | ချချားသီး |
| ဇီးသီး၊ မရမ်းသီး | = | ဈသီး၊ မညှင်းသီး |
| ရှောက်သီး | = | ယှောက်ချိုသီး |
| ဗုတ်သီး | = | အုံနီသီ၊ အူနီသီး |
| ဗုံသီး | = | ယှောက်ခုံကောက်သီး |
| ကျွဲကော်သီး | = | ခချိုးခချဉ်သီး |
| ကြက်ဟင်းခါးသီး | = | ဂြင့်ခါးသီး |
| ငှက်ပျောသီး | = | နပျိုးသီး |
| ရခိုင်ငှက်ပျော | = | ကလားနပျိုး |
| ဖီးကြမ်းငှက်ပျော | = | မောင်မဲသီး |
| သပြူသီး | = | ဒဖြုတ်သီး |
| ငှက်ပျောချည် | = | မကာလီသီး |

| | | |
|---|---|---|
| စွန်ပလွန်သီး | = | ဇံဗလောင်သီး |
| သပြစ်သီး | = | ဇဖျိုက်သီး |
| သပြေသီး | = | မိုးသဘီသီး |
| ဒူးရင်းသီး | = | ဒိုးယိုင်းသီး |
| ဗူးသီး | = | ဘွသီး |
| ဖရုံသီး | = | ကျောက်ဖရုံသီး |
| ဒညင်းသီး | = | အညင်းသီး |
| ဗုံသာသီး | = | ကနစိုသီး |
| ပေသီး | = | ပီသီး |
| ခနီသီး | = | ရှီအုန်းသီး |
| ပဲလင်းမြွေသီး | = | မြီခွယ်သီး၊ မြီယေသီး |
| ပဲတောင့်ရှည် | = | ပဲလုံးသီး၊ ဘိုလုံးသီး |
| ကုလားပဲ | = | မြင်းစားပဲ |
| ကုလားပဲကြမ်း | = | ဒန့် |
| စတော်ပဲ | = | ပဲစာအု |
| ဗိုလ်စာပဲ | = | တရုတ်ပဲသီး |
| မြေပဲ | = | ပဲဒေါင့် |
| ခရမ်းချဉ်သီး | = | ခရမ်းချိုင်သီး |

တခြားသော သရက်သီး၊ ပိန္နဲသီး၊ ဩဇာသီး၊ လိမ္မော်သီး၊ သံပရာသီး၊ ရွှေဖရုံသီး၊ ခဝဲသီး၊ ဖရဲသီး၊ သခွားသီး၊ ခရမ်းသီး၊ သလဲ့သီး၊ တန်းသီး၊ အုန်းသီး၊ ကွမ်းသီးတို့မှာ အခေါ်တူသည်။

u;psay

အသျှင်စက္ကိန္ဒ

# ကောက်ပဲသီးနှံ

| မြန်မာ | | ရခိုင် |
|---|---|---|
| လူးဆက် | = | ဆတ်နှံ |
| ရွှေကြို | = | ဆူကြို |
| မင်းဒုံးဆန်အမျိုးအစား | = | ကြောမ်သီး |
| ငစိန်ဆန်အမျိုးအစား | = | လက်ရုံး |
| ဆန်နီ | = | အာဘောင်နီ |
| ငချိတ်ဆန် | = | အင်းပုတ်ဆန် |
| ဖွဲနု | = | ဆန်မုန့် |
| မှျစ် | = | ဝတုတ်၊ နှူတ်ဟင်း |
| ပလောပီနံဥ | = | ကပ္ပလီမြောက်ဥ |
| ကစွန်းဥ | = | မြောက်ဥ |
| အာတာလွတ်ဥ | = | ဝမြောက်ဥ၊ သီဟိုမြောက်ဥ |
| စိမ်းစားဥ | = | လွှမ်းစရာဥ |
| ကစွန်းပင် | = | ကင်းစွန်းပင် |
| ချဉ်ဘောင် | = | ချိုင်ဘောင်၊ ချိုင်ပို |
| ကပွန်းချဉ် | = | ကင်းပွန့်ချိုင် |
| မဲဇလီ | = | မှိုင်းဇရီ |
| ငှက်ကြီးတောင် | = | မှိုဟင်း၊ မွဟင်း |
| ဒန့်ဒလွန် | = | ဒန့်သလွန် |
| ဂျင်း | = | ချင်း၊ ချင်းစိမ်း |
| ဆနွင်း | = | နနွင်း |
| ဆွမ်းမွှေး | = | ဆန်မွှီးရှက်၊ ကွမ်းလင် |

# ပန်းမာလ်များ

| မြန်မာ | | ရခိုင် |
|---|---|---|
| ခရေပန်း | = | ချရားပွင့် |
| ဗုဒ္ဓသရဏံ | = | သဲတော် |
| ဇော်မွှား | = | ဆတောက်ပန်း |
| တရုတ်စကား | = | အင်ကြင်း၊ အင်ဂရား |
| ပုဏ္ဏရိပ်ပန်း | = | ဘောင်းဒလုပ်ကေ |
| ခတ္တာပန်း | = | ခဒါပန်း |
| ဆိတ်ဖလူး | = | ရိုးလှုသန္တာ |
| ပိတောက်ပန်း | = | ပဒေါက်ပွင့် |
| မိုးဆန်းပန်း | = | ပန်းအေး |
| ခြောက်လွှမ်း | = | သုံးဖန်လှ |
| ညမွှေးပန်း | = | ဂလန်ဒါ |
| အထပ်တစ်ရာ | = | အချစ်တစ်ရာ |
| ဂန္ဓမာပန်း | = | စက္ကူပန်း |
| စိန်ပန်း | = | ပကာသနီ |
| နေကြာပန်း | = | နီကြာပွင့် |
| ချယ်ရီပန်း | = | ရန်ကုန်ပန်း |
| ခေါင်းလောင်းပန်း | = | ဖလောင်းပွင့် |
| ပေါက်လဲပန်း | = | ပေါက်ပွင့် |
| နှစ်သစ်ကူးပန်း | = | သနပ်ခါးပွင့် |
| မျည်းတန်ရှည် | = | ကြောင်မဒုံး |
| ဇီဇဝါ | = | ဇီသဝါ |
| ပုန်းညက် | = | ခဒက်ချိုင် |
| ဗေဒါပန်း | = | ကောက်စရိ |
| မျည်းတန်တို | = | ကြွက်နား |

u;pay

## အသုံးစကားနှိုင်းယှဉ်ချက် (အသျှင်စကားနှိုင်း)

# သစ်ပင်ပန်းပင်များ

| မြန်မာ | | ရခိုင် |
|---|---|---|
| ထိကရုန်းပင် | = | ရှက်ပင် |
| ပိန်းပင် | = | ပြိန်းပင် |
| ဂျုတ်မှန်ပင် | = | ကြွက်ကျဟာပင် |
| ဂုံဒလိုင်း | = | ဂျာမဏီပင် |
| ကလိန် | = | ဆွလွှိပင် |
| ဂုံညင်း | = | ဒိုး |
| ဓနိပင် | = | ရိအုန်းပင် |
| ထင်းရှူးပင် | = | ပန်လင်ပင် |
| ပျဉ်းကတိုး | = | ပြိုင်း |
| ပျဉ်းမ | = | ခမောင်း |
| ကညင် | = | ကန်းကျင် |
| သပြေ | = | သပြိ |
| သစ်ရာ | = | ကုလားမသွီး |
| မျှော့သစ်များ | = | ကပိုင်၊ သီလာ |
| ကြိမ်သေး | = | ဖိုးခေါင်ကြိမ် |
| ကြိမ်ခြမ်း | = | နပက် |
| ကြိမ်တုတ် | = | ဂြတ်ဒုတ် |
| ဝါးဘိုးဝါး | = | ကသောင်းဝါး |
| ဝါးသေး | = | ပျောက်တန် |

# တိရိစ္ဆာန်ကျေးငှက်များ

| မြန်မာ | | ရခိုင် |
|---|---|---|
| တောင်ဆိတ် | = | ရှား |
| တောကြောင် | = | ဘာဟုန်၊ ဘက် |
| မျောက်လွဲကျော် | = | ချတိုးချတာ |
| ခွေးအ | = | ခဲဝါ |
| ဖျံ | = | ဖန် |
| တိလိပ်ချော | = | ဂျင်လိပ် |
| မြွေ | = | မြွီ |
| မြွပေါ | = | မြွီပါ |
| ကြွက် | = | ကြွရော့ |
| ရှည့် | = | ချိုင့် |
| ခွေး | = | ခွီး |
| ရေဝမ်းဘဲငယ် | = | ကရကြက် |
| ပရွှက်ကြီး | = | ကရင်နီ |
| တောက်လူမ | = | ကလူကွက် |
| ငှက်ပျင်း | = | ကုတ်ကလောင် |
| ခင်ပုတ်ငှက် | = | ကြက်ချီးစား |
| ဇီးကွက် | = | ကြက်ချီးစားခုန်ဗုတ် |
| ကြက်ဖ၊ ကြက်ထီး | = | ကြက်ဖား |
| ဆက်ရက်ငှက် | = | ဇရက်ငှက် |
| ခွေးထီး | = | ခွတီး |
| ကင်းလိပ်ချော | = | ဂျင်လိပ် |
| ဇင်ယော်ငှက် | = | စိုင်ဒရားမင်းခွာ |
| ငှက်ကြီးဝန်ပို | = | ငှက်ကြီးဝေပု<br>ငှက်ကြီးဝေပို |

u;pay

## အသျှင်စက္ကိုနှ

| | | |
|---|---|---|
| ဥဩ | = | ဝေါ |
| ငှက်ကျား | = | ဘာဆီ၊ ခြည်ခင်စွပ် |
| လင်းဆွဲ | = | ဘာဒလီ |
| လင်းနို့ | = | လင်လုပ် |
| သစ်တောငှက် | = | လောင်းဆရာ |
| ဂျိုး(ချိုး) | = | ငြိုး (ခြိုး) |
| ကြိုးကြာ | = | ငြိုးဖြာ |
| ယောက်ဖခွေးခေါ် | = | ဝက်သားခြောက်ပေါင် |
| ခို | = | ခွာ |
| စာကလေး | = | စာသျှ |
| ကျီးအ | = | ကျီးကန်း |
| သိန်းငှက် | = | ဝန်လက် |
| တောစာ | = | ပန်းစိတ်ကသျှ |
| မောက်ထောင် | = | ဇရက်မောက်တင် |
| မိုးဇီငှက် | = | ဇင်ရော် |
| ပဇင်း | = | ရိပန်းဇင်း |
| တောဘဲငယ် | = | တန်းဆိတ်၊ ဆိတ်ဆရိ |

## ပိုးမွှားများ

| **မြန်မာ** | | **ရခိုင်** |
|---|---|---|
| ပဇင်းကောင် | = | ပဇိန်း |
| နှံ့ပြိစုတ် | = | နှံ့စိမ်းကောင် |
| ပိုးစုန်းကြူး | = | ပဒမြား |
| ပလူ | = | ပလီပလာ၊ ပလီပတာ |
| လိပ်ပြာ | = | ဖလံ/လဖြာ |
| ဂျပိုး | = | ကြမ်းပိုး |
| ဒီပိုး | = | ပလုပ် |
| ပိုးနသန့်ကောင် | = | ဗဗန်း |

# သားငါးများ

| မြန်မာ | | ရခိုင် |
|---|---|---|
| ပုစွန်ကြား | = | ကုလားပဇွန် |
| ပုစွန်ဆိတ် | = | ပဇွန်ဒက် |
| ပုစွန်ပြား | = | ဗဇွန့်ဖြူ |
| ရွှေပုစွန် | = | ဗဇွန်ရင်နီ၊ ပိုက်ဗဇွန် |
| လက်မကူ | = | ခေါက်ခက်၊ လက်မကြွယ် |
| ပုစွန်တုတ် | = | ပဇွန်ဒုတ် |
| ပြည်ကြီးငါး | = | ရကြက် |
| မျှင် | = | မျိုင်သျှေ |
| ကျောက်ခရု | = | မရွှတ် |
| ကဏန်းကောင် | = | ကလန့် |
| ဂန်းမ | = | ဒုံဂျာ |
| ကယုကမာ(ကမာမောင်) | = | ကယု |
| ဝင်စွပ်ကောင် | = | ပင်လယ်ပင်စွပ် |
| ပင်လယ်လိပ် | = | ပြင်သာ |
| လင်းဖန် | = | လင်းချူ |
| ကကတစ် | = | သေတစ်၊ သေဒိုက် |
| ငါးဒလွယ် | = | ငဒရှည် |
| ငါးရွှေ | = | သဘော်ာထိုး |
| ငစင်းပြား | = | မျက်ဆံကျယ်၊ မျက်ချိုင်ကျယ် |
| ကက္ကူရန် | = | လက်ခွာ |
| ငဖောင်ရိုး | = | ငတောင်ညှင်း |
| ငါးလက်ဝါး | = | ငခင်ပါး |
| ကဘီလူး | = | ငကန်ကျိုင်း၊ ငကန့်ပျိုင် |
| ငဗဒူး | = | ငဝမ်းပူ |

ay

# အသျှင်စက္ကိန္ဒ

| | | |
|---|---|---|
| ငှူ | = | ပင်လယ်ငှူ |
| ပင်လယ်ငပြေမ | = | ငပသွန်၊ ငပသုန် |
| ငါးလျှာ | = | ခွချာ၊ ခွီးချာ |
| ငါးရှည့် | = | ငစွယ်၊ ငယှင်း |
| ပန်ဇင်း | = | ဒါးမနိုင် |
| ငါးရောင် | = | ကျွဲမတုံး၊ ငပျင်းခတ် |
| ငါးပြား | = | ငပယှား၊ ငပြီယှား |
| ငါးပုတ်သင် | = | ငပုံ့သွင် |
| ငပိုင်း | = | ငရုံး၊ ငမုတ် |
| ငါးလိပ်ကျောက် | = | လကျောက် |
| ကျောက်ငါး | = | ငတောက်တူ |
| ငါးနှပပ် | = | ဘရေးဂါး၊ ဘဒဂါး |
| ငါးဇင်ရိုင်း | = | ငစရိန့်၊ ငစရိုင်း |
| ငမဲ | = | ဒေါင်းဒနာ |
| ငတံခွန်၊ ငါးသန်ရှည် | = | ငသရွဲး |
| ငါးပြေမ | = | ငပြီ |
| ငါးကွမ်းရှပ် | = | ညို့ |
| ငါးပါးနီ | = | ငဝက်ပနီ |
| ငါးဂုံး | = | ကယုတ်ခဲ |
| ငါးကြိုးဝါ | = | ဝါမရှိ |
| ကတ်သမျှင် | = | ဆာဖာ |
| ငါးပုလွေ | = | အောက်စဖို |
| ငါးမြွေထိုး | = | ပင်လယ်ငစနု |
| အာပြဲခြောက် | = | ငဒမူခြောက် |
| ငါးဆမာ | = | ငါးဆားထိုး၊ ဆားပွတ် |
| ငမုတ် | = | ရှူးဇနား |
| ပိန္နဲစေ့ | = | ငကုန်းညို |

&c|ioa;lu

# အိမ်အဆောက်အဦးနှင့် စပ်ဆိုင်ရာများ

## အိမ်အစိတ်အပိုင်း

| မြန်မာ | | ရခိုင် |
|---|---|---|
| ကွင်း | = | ပြင် |
| အိမ်ရာမြေ | = | ဇဂါ |
| အိမ်ဝင်းခြံမြေ | = | ဟင်းခြင်း |
| ဝင်ပေါက် | = | လမ်းဝ |
| ဝင်းထရံ | = | တပ် |
| အိမ်ပန္နက်ရိုက်တယ် | = | အိမ်သမိုင်းရေ |
| အိမ်မိုးခေါင် | = | အမိုးခေါင် |
| ခနိမိုး | = | အုန်းမိုး |
| သွပ်မိုး | = | သံဖြူမိုး |
| ရေလျှောက် | = | တန်းဒေါက် |
| ပန်းဆွဲ | = | ပန်းယတ်၊ ပန်းဒတ် |
| အောက်ထပ် | = | အောက်ဆင့် |
| နှစ်ထပ်တိုက် | = | နှစ်ဆင့်တိုက် |
| လှေကား | = | လှကာ့ |
| ဘိနပ်ချွတ် | = | လှကဇင် |
| လသာဆောင် | = | ဗရံဒါ၊ သရဲပြီး |
| အပေါ်အိမ်ဦးခန်း | = | ပျော့ထက်၊ ပြော့ဦး |
| ညှိခံခန်း | = | ဒန်ခံ |
| အိမ်ခန်း | = | အထဲ၊ အိမ်ထဲ |
| ခန်းလွတ်နေရာ | = | ယောင်ပြင် |
| ဘုရားဆောင် | = | ဖရဇင် |
| အိမ်ရှေ့ခန်းမ | = | ဆင်ဝင် |

Cpaay

## အသျှင်စက္ကိန္ဒ

| | | |
|---|---|---|
| အဖီ | = | မောင်းဂါ၊ အယတ် |
| မီးဖိုချောင် | = | စဖိုထောင့်၊ ထမချက်ခန်း |
| ရေချိုးခန်း | = | အတွင်းခန်း၊ ရချိုးခန်း |
| အိမ်သာ | = | ချဖောင်သာ၊ ရအိမ် |
| ပြတင်းပေါက် | = | ပတင်းပေါက် |
| ဝါးကြမ်းခင်း | = | ဒေါင်ဒမာ |
| မျက်နှာကြက် | = | ဗုံပိတ် |
| မီးဖို | = | ဆဖို၊ စဖို |
| အိမ်နံရံ | = | ထရံ |
| မင်းတုန်း | = | မိုးကျောက်၊ ဂလန့် |
| ယက်မ | = | ပုန်းယား |
| ဆင့် | = | ပုန်းဖိ၊ ကုန်းဖိ |
| ဒိုင်း | = | ကတ်ကျိတ် |
| ထရံတန်း | = | ရံတန်း၊ ကွက်ယှောက် |
| ဖား | = | ပက်ကျို၊ တောက်တဲ့ |
| အုန်းလက် | = | ငမန်းစွယ် |
| ထုတ်၊ ယောက်ပတ် | = | နတ်ရကန် |
| ရေနုတ်မြောင်း | = | နာလာ |
| ရေအိုးစင် | = | ရဖုံးစင် |
| တံစက်မြိတ် | = | တန်းစက်အောက် |

# အိမ်ဆောက်ပစ္စည်းများ

| **မြန်မာ** | | **ရခိုင်** |
|---|---|---|
| ပတ္တာ | = | ကပိဇာ |
| အိမ်မိုးသွပ် | = | သံဖြူ |
| ခနိ | = | အုန်း |

| | | |
|---|---|---|
| ရိုက်သံ | = | သံမှို |
| လေးမြှောင့်မှိုကြီး | = | ငယက်ဂေါင်းသံမှို |
| မူလီ | = | ဝက်အူ |
| ခွဲသစ် | = | ဗီလတ်လီ |
| သစ်ညှံ့ | = | သစ်ဖြူ သစ်ပုတ် |
| ဘိလပ်မြေ | = | ဇမ်းဗွက် |
| အင်္ဂတေကိုင်တယ် | = | ဇမ်းဗွက်သတ်တေ |
| ကွန်ကရိတ် | = | ကွင်ကရိတ် |
| သဘော်ဆေး | = | ရှောင်ဆီ |
| အင်တွဲ | = | ပွိုးရွှက်၊ ပိုတိန် |
| ကတ္တရာစေး | = | ဒုံနာ |
| ရေနံချေး | = | ကြက်ချိုးရနံ |
| သစ်ရောင် | = | ပေါ်လိတ် |

# အိမ်ဆောက်ကိရိယာများ

| မြန်မာ | | ရခိုင် |
|---|---|---|
| လွှ | = | ရွှ |
| လွှန် | = | လွှန်ပူ |
| လွှန်ကြီး | = | လွှန်စူး |
| ရေဘော် | = | ကိုက် |
| ရေဘော်ချောတယ် | = | ကိုက်တိုက်တေ |
| ရဲဒင်း | = | တရုတ်ပေါက်ဆိန် |
| မှိုနှုတ်ညှပ် | = | ညှပ်စိမ်း၊ ဇီးကွက်နခန်း |
| ဆောက် | = | ဆောက် |
| ဆောက်သေး | = | ဆောက်သျှေ |
| ဆောက်ပိုင်း | = | ဆောက်ကောက် |
| သစ်စို့ဝက်အူလှည့် | = | ဒုံးကလား |

u;pay

| | | |
|---|---|---|
| သံရိုက်တူ | = | မာတူ |
| ပေတန် | = | မျဉ်းကြောင်း |
| တံစဉ် | = | တန်းဆက် |
| တံစဉ်ကြမ်း | = | ကျားယှာ |
| ကော်ပတ်စက္ကူ | = | မှန်စက္ကူ စံပေပါ |
| ပြဒါးချိန် | = | ရှိချိန်၊ ယင်မနား |
| တူးရွင်း | = | တရွင်း |
| ကတ်ကြေး | = | ကတ်ကျိုး |

# အဆောက်အဦများ

| မြန်မာ | | ရခိုင် |
|---|---|---|
| တဲငယ် | = | တဲကုတ်သျှေ |
| ရွက်ထည်တဲ | = | တင်းဂူ |
| ဆေးရုံ | = | သိတ်လှိုင် |
| စာတိုက် | = | ဒက်ရုံ |
| ကြေးနန်းရုံး | = | သံကြိုးရုံး |
| ရဲဌာန | = | ဂါရာ |
| ရဲတန်းလျား | = | ဂါရာတန်း |
| အကောက်ရုံး | = | ကစင်တင်း |
| ရုံး | = | အဖိတ် |
| ရုပ်ရှင်ရုံ | = | ဘိုက်စကုတ်ရုံ |
| ကုန်လှောင်ရုံ | = | ဂူဒင်၊ ဂဒင် |
| ပြသဒ်ဆောင် | = | ဇေတဝန်ဆောင် |
| ဗလီ | = | ကုလားမသိတ် |
| အုဋ္ဌတိုက် | = | တိုက်အိမ် |
| ဆိပ်တံတား | = | ဖောင်တော် |
| ရေဘုံဘိုင် | = | ရီစက်၊ ရစက် |

&cio;lu;p

## ရခိုင်ဘာသာစကားလမ်းညွှန်

| | | |
|---|---|---|
| လူသွားလမ်း | = | ဇင်းခြင် |
| ကတ္တရာစေးလမ်း | = | ဒုံနာလမ်း |
| လမ်းဆုံ | = | ခွဆုံ |
| လမ်းကြား | = | လက်ကြား |
| စာတိုက်ပုံး | = | ဒက်ဂေါင်း |
| အမှိုက်ပုံး | = | အညှက်ဆိုးဘုံး |
| ရေတွင်း | = | အုတ်တွင်း |
| ဈေးဆိုင်တန်း | = | ဇီးဒန်း |
| အလုပ်သမားတန်းလျား | = | ကူလီဒန်း |

# လှည်းနှင့်ဆိုင်ရာများ

| **မြန်မာ** | | **ရခိုင်** |
|---|---|---|
| လှည်း၊ ရထား | = | ယိုင်၊ ဂါရီ |
| မြင်းရထား | = | မြင်းဆွဲယိုင်၊ မြင်းဂါရီ |
| မြင်းလှည်း (ဒေါက်ကတ်) | = | ကလန့်ခွန်၊ တောင်တောင်ဂါရီ |
| ကြာပွတ် | = | တပုတ်၊ စာပုတ် |
| အသုဘယာဉ် | = | မသာဂါရီ |
| နွားလှည်း | = | နွားစက်သီး၊ နွားဂါရီ |
| လှည်းဘီး | = | စက်သီး |
| မိလ္လာသိမ်းကား | = | အညှက်ဆိုးမော်တော် |
| ဘိုင်စကယ် | = | စက်သီး |
| မော်တော်ဆိုင်ကယ် | = | မော်တော်ဘုတ် |

အသျှင်စက္ကိန္ဒ

# လှေနှင့်ဆိုင်ရာများ

| မြန်မာ | | ရခိုင် |
|---|---|---|
| လှေ | = | လောင်း |
| တံငါလှေ | = | ပိုက်လောင်း |
| ငှက် | = | သံပိုင်၊ သမ္ဗာန် |
| ကတ္တူ | = | ဘုတ် |
| ကတ္တူကြီး | = | ဇာလီဘုတ် |
| စက်လှေ | = | မော်တော်ဘုတ် |
| ကုန်ရောင်းလှေ | = | ကျွန်းစိုင်ပတ်လောင်း |
| လှေထိုးသား | = | လောင်းသမား |
| လှေသူကြီး | = | သိုက်ရင်း |
| ပဲ့နင်း | = | တက်မကိုင်၊ မာစီ |
| တက် | = | တက်မ |
| ကျောက်ဆူး | = | ကျောက်ဟက် |
| ပေါင်းမိုး | = | ပေါင်းခေါင် |
| ရွက်လွှင့်တယ် | = | ရွက်တိုက်တေ |
| ရေခွဲ့ | = | ရပိုက်ခွက် |
| သစ်ထွင်းလှေ | = | တူးလောင်း |
| လှော်တက်ခုန် | = | ပင်းထွန်းခုန် |
| ဦးပဲ့ရှေ့ကထိုင်ခင်း | = | မာဒင်ခုံ |

&cio

# သဘာဝဆိုင်ရာများ

| မြန်မာ | | ရခိုင် |
|---|---|---|
| လေတိုက်တယ် | = | လီထရေ |
| လေပွေ | = | လဗွီ |
| လေပွေကြီး | = | တော် |
| လေမုန်တိုင်း | = | လီလိုက်တေ |
| လေငြိမ်နေတယ် | = | လီတိုင်းနီရေ |
| အနောက်မြောက်လေ | = | ကတ္တရံ |
| အရှေ့တောင်လေ | = | ဆင်ခေါင်းလီ |
| အနောက်လေ | = | ရမ်းပေါက် |
| မြောက်လေ | = | စုန်လီ |
| သဲသောင်လှိုင်း | = | ဒါလီ |
| လှိုင်းဆူသံ | = | ယက်အူသံ |
| လှိုင်းဆူတယ် | = | လှိုင်းကြီးရေ |
| လှိုင်းထန်တယ် | = | လှိုင်းပြင်းရေ |
| ဝဲဂယက် | = | ရပတ် |
| ဒီရေကြီးတယ် | = | ဖြားကြီးရေ |
| ဒီရေအတက် | = | ဖြားတက် |
| ဒီရေအကျ | = | ဖြားကျ |
| ရေစုန် | = | ဖြားသင့် |
| ရေဆန် | = | ဖြားဆန် |
| ရွှံ့နွံ | = | ဗိတ်၊ ကျုတ်မန့်၊ တမန့်သား |
| သဲသောင်ပြင် | = | ပြင်ရှည် |
| ပေါ်ကျွန်း | = | ပြားကျွန်း |
| ဒီရောက်တော | = | ပြားတော |
| ဒိုက် | = | ဖုံးဆိုး |

ı;psay

# အသျှင်စက္ကိန္ဒ

| | | |
|---|---|---|
| ပင်လယ်ကွေ့ | = | ဂျိုင်၊ တာလောင် |
| ကျွန်းဆွယ် | = | မော်၊ မော်ထုတ် |
| တောရွာ | = | ကျွန်း |
| တံငါရွာ | = | ပိုက်ဆိပ် |
| တောင်ခြေရင်းရွာ | = | တောင်းရင်းကျွန်း |
| ရေတံခွန် | = | တံရှင် |
| တောင်ကြားလမ်း | = | ခင်ဇိုင်း |
| ဥယျာဉ် | = | ဟင်းခင်း |
| မိုးတောင် | = | နဂါးတောင် |
| မြစ်ညာ | = | ချောင်းဖျား |
| လယ်ကန်သင်း | = | ကာရီ |
| လယ်ကွင်း | = | လယ်ပြင် |
| သစ်ပင်ခြောက် | = | သစ်ရောင်း |
| ရေကန် | = | ကန်ဘောင် |
| မိုးတိမ် | = | မိုးရိပ် |
| မိုးသားကြုံးတယ် | = | မိုးရိပ်တက်တော |
| မိုးချုံးတယ် | = | မိုးကြိုးရေ |
| မိုးဦးကျ | = | မိုးသီးကျ |
| မိုးဖွေးကျနေတယ် | = | မိုးသီးပေါက်ကျနီရေ |
| လျှပ်စစ်ပျက်တယ် | = | တိမ်ခွတ်တော၊ လျှပ်ပြက်တော |
| သက်တန့် | = | သတင်းရှိသောက်၊ ပဇင်းရှိသောက် |
| မြူခိုးဆိုင်းနေတယ် | = | မှိုင်းချုပ်နီရေ |
| မြူနှင်းဝေနေတယ် | = | နှင်းချုပ်နီရေ |
| လသာတယ် | = | လပရေ |
| ပဲ့တင်သံ | = | တောင်ရိုက်သံ၊ ပြန်ဟပ်သံ |

# ရိုးရာအကာ၊ ပွဲလမ်းသဘင်၊ နေ့ကြီးရက်ကြီးများ

| မြန်မာ | | ရခိုင် |
|---|---|---|
| နပမ်းပွဲ | = | ကျင်ပွဲ |
| လှေပြိုင်ပွဲ | = | ပြိုင်လောင်းပွဲ |
| လွန်ဆွဲပွဲ | = | ရထားပွဲ |
| ပြေးခုန်ပစ်ပွဲ | = | အပြီးပြိုင်ပွဲ |
| သီတင်းကျွတ်ပွဲ | = | ဝါကျွတ်ပွဲ |
| တန်ဆောင်တိုင်ပွဲ | = | ဝက်ဘာပွဲ |
| အတာရေသဘင်ပွဲ | = | သင်္ကြန်ရီလောင်းပွဲ |
| ဘုန်းကြီးပျံပွဲ | = | ဒုံးပွဲ |
| ဘုန်းကြီးပျံတွင် ကသောယိမ်း တောရွာများတွင် | = | ဒုံးက |
| ကသောယိမ်းအဖွဲ့ ရုပ်ကလပ်ကိုထမ်း၍ | = | ဟန် |
| ကွက်နင်းကသောအက | = | သိုင်း |
| ရုပ်သေးဇာတ် | = | ရုပ်သီးပွဲ |
| ရုပ်ရှင် | = | အရိပ်ပွဲ၊ မျက်စိကလန်တန်၊ ဘိုင်စကုတ်။ |
| ဆက်ကပ်ပွဲ | = | ဘား၊ ဆာ့ကာ့ |
| ကျေးရွာတွင်ကသောဇာတ်ပွဲ အခမ်းအနားမှာ | = | ကြည့်ချင်ပွဲ |
| ကသောဇာတ် | = | မဏ္ဍပ်ဝင်ပွဲ |
| ရုံဝင်လက်မှတ် | = | တိတ်ကတ် |
| ဝါဆိုလပြည့် | = | ဝါဦးသတင်း |
| မူစလင်အစ်နေ့ | = | ကရပင်နိန့် |

play

| | | |
|---|---|---|
| နာတာလူးပွဲ | = | ခရစ်စမန်နိန့်၊ အင်္ဂလိပ်နှစ် သစ်ကူး |

# မုန့်ပဲသရေစာများ

| မြန်မာ | | ရခိုင် |
|---|---|---|
| သရေစာ | = | ပိုင်စရာ |
| မုန့်ဆန်း | = | မုန့်သန်း |
| ဆနွင်းမကင်း | = | စောလှိုင်မုန့် |
| ကျောက်ကြောမုန့် | = | ရွှေရင်အီး |
| ဇီးယို | = | ဇဘိယို၊ ဇဘိချို |
| ရေခဲမုန့် | = | အိုက်စကရိန် |
| ချိုချဉ် | = | သကြားလုံး၊ မျက်ချို |
| ပူတင်း | = | ပိုတိန် |
| ဘီစကွတ်မုန့် | = | မုန့်ခြောက်၊ ဘီစကူမုန့် |
| လက်ထိုးမုန့် | = | ဟာလဝါ |
| မုန့်လဆောင်း | = | မုန့်ဆောင်း |
| ကောက်ညှင်းပေါင်း | = | ကောက်ညှင်းထမင်း |
| မီးပွေ့ကျည်၊ ခဲတန်ချောင်း | = | ကောက်ညှင်ကျိုင်ဒေါက် |
| မုန့်လုံးရေပေါ် | = | ရပေါ်မုန့်၊ လပေါ်မုန့် |
| မုန့်ဆီကြော် | = | ဆီပါမုန့် |
| အိုးကင်းကပ်မုန့် | = | ဝကင်းကပ်မုန့် |
| တောက်တောက်ကြော် | = | ကိုဘိန်းကျော် |
| နို့ဒိန် | = | မက်ခေါင်၊ မောက်ခေါင် |
| နို့ဒိန်ရေ | = | ဒွိုင် |
| ဖာလူဒါ | = | ဆနပတ်ရေ |
| ခနိရည် | = | အုန်းရေ |
| ချလကာရည် | = | ဗနီကာရေ |

| | | |
|---|---|---|
| ဘိလပ်ရည် | = | ပုလင်းရီ |
| ရေနွေး | = | ရပူ |
| အကြမ်းရေ | = | အဖန်ရေ |
| ဟင်းချို | = | ဟင်းရေ |
| ဟင်းချိုမှုန့် | = | အချိုမှုန့် |
| ရေမှော် | = | ကျောက်ကြော |

# ကိုးကွယ်မှုဆိုင်ရာများ

| **မြန်မာ** | | **ရခိုင်** |
|---|---|---|
| ဘုရား | = | ဖရား |
| စေတီ | = | ဇာတီ |
| သဲပုံစေတီ | = | သဲဇာတီ၊ ကိုးနဝင်းဇာတီ |
| တံခွန် | = | တင်းခွန် |
| တံခွန်လွှင့် | = | တံခွန်ရွှား၊ တံခွန်ရွှင့် |
| ပလ္လင် | = | ပန်လင် |
| နဖူးသင်္ချပ် | = | နဖူးစည်း |
| မျက်နှာကြက် | = | စန်းတော်၊ စွန်းတော် |
| ရေချမ်းအိုး | = | ညောင်ရီအိုး |
| ဓါတ်တော်ကွန့်မြူးတယ် | = | ဓါတ်တောက်တေ |
| ကမ္မဝါရွတ်တယ် | = | ကမ္မော်ညွတ်တေ |
| မီးပုံး | = | မလုံး |
| စိပ်ပုတီး | = | အနိစ္စပဒီး |
| အိမ်စောင့်နတ် | = | အိမ်သျှင် |
| ရွာစောင့်၊ မြို့စောင့်နတ် | = | ရွာသျှင်၊ မြို့သျှင် |
| အိမ်စောင့်နတ်ပသခြင်း | = | အချိုပွဲ၊ အချိုင်ပွဲတင်ရေ |
| ရွာစောင့်နတ်ပသခြင်း | = | အိမ်သျှင်တက်တေ၊အချိုတက်၊ ရွာသျှင်တက်တေ |

pıay

| | | |
|---|---|---|
| ချောင်းစောင့်နတ်ပသခြင်း | = | ချောင်းခွတ်တေ |
| တောစောင့်နတ်ပသခြင်း | = | တောတင်ရေ |
| နတ်ကွန်း | = | နတ်စင် |
| နတ်ရဲတယ် | = | နတ်ကြမ်းရေ |
| ကြေးစည် | = | သံစည်း |
| ဘုရားကျောင်းလှည့်ပတ်သည် | = | ပဒက်သာလှည့်ရေ |
| ကြေးစည်ထိုးတယ် | = | သံစည်တီရေ |
| | | သံစည်ခတ်တေ |

# မင်္ဂလာဆောင်နှင့် စပ်ဆိုင်ရာများ

| **မြန်မာ** | | **ရခိုင်** |
|---|---|---|
| မင်္ဂလာဆောင် | = | သမက်တက်၊ မယိမ်တက် |
| မင်္ဂလာဆောင်ဖိတ်စာ | = | ဆောင်းပါးစာ |
| မင်္ဂလာအခမ်းအနား | = | မင်္ဂလာမြှောက်တေ |
| သတို့သမီးအား ရွှေငွေပေးခြင်း | = | အသွင်းပီးရေ |
| စေ့စပ်ကြောင်းလမ်းခြင်း | = | အခါဆိုရေ |
| ပေးစားတယ် | = | ပဇပ်တေ |
| လက်ဆုံစားတယ် | = | လက်ဆောင်စားရေ |
| လက်ထပ်မင်္ဂလာပြုတယ် | = | မြားရေ |
| မင်္ဂလာလက်ဆုံစား ကြိမ်ခုံ | = | ပွဲတင် |
| တီးသောစည် | = | ပန်တျင်း၊ ပန်းကျင်း |
| စည်တီးသူ | = | ပန်းတျင်းသယ် |
| သတို့သမီး | = | သမီးသျှင်၊ ခြမသျှင် |
| သတို့သား | = | သမက်သျှင်၊ သမက်သစ် |
| သတို့သမီးညှော်ခံပွဲ | = | သမီးစောင့် |
| လက်ဆောင်ရပစ္စည်း | = | လက်ဖွဲ့ဝန် |
| လက်ဆောင်ရငွေ | = | လက်ဖွဲ့တန်းကား |

&cioa;lu

| | | |
|---|---|---|
| ခဲဖိုး | = | ရှာဝင်ခ |
| မင်္ဂလာဆောင်သွားတယ် | = | သမက်တက်လိုက်တေ |
| သတို့သားအိမ်သို့ သတို့သမီး | | |
| ဦးဆုံးအလည်သွားခြင်း | = | အိမ်ပြန်လယ် |

# အသုဘနှင့်ဆိုင်ရာများ

| မြန်မာ | ရခိုင် | |
|---|---|---|
| အသုဘ | = | မသာ |
| အသုဘသွားတယ် | = | မသာပို့လိုက်တေ |
| အလောင်းစင် | = | ခတ် |
| ပြဿဒ်လုပ်သူ | = | သင်္ဂဇာ |
| အသုဘစည် | = | မသာစည် |
| အသုဘတီးဝိုင်း | = | မသာဆိုင်း |
| အသုဘယာဉ် | = | မသာဂါရီ |
| အလောင်းတင် | | |
| ထမင်း-ဟင်းများ ထားရှိခြင်း | = | ခွပဇာထမင်း |
| အရိုးအိုး | = | အရိုးတိုက် |
| ညပရိတ်နာခြင်း | = | ညဝါပောရေ |
| ရက်လည်ဆွမ်းသွတ်ခြင်း | = | သပိတ်ဖြည့်ရေ |
| သုဘရာဇာ | = | သင်္ချိုင်းစောင့် |

u;pay

### အသျှင်စက္ကိန္ဒ

# ဒါဓ်သုံးပစ္စည်းနှင့် တခြားအသုံးအဆောင်များ

| မြန်မာ | | ရခိုင် |
|---|---|---|
| ထမင်းစားပန်းကန် | = | ဖျိုင်း၊ လောင်ဗွန်း |
| ပန်းကန်ပြား | = | ပျာလာ |
| ပန်းကန်လုံး | = | ဟင်းဇား |
| ဇလုံ | = | ဇရုံ |
| လက်ဖက်ရည်ပန်းကန် | = | လက်ဖက်ရည်ပျာလာ |
| ကရား | = | ဘဲ |
| ထမင်းချိုင့် | = | ဆွဲဒုံ၊ ဒက်ဆင့် |
| ထွေးခံ | = | ထွီးအိုး၊ လက်ဆီးခံ၊ လက်ဆီးအံ |
| ဇျတ် | = | ဇျ |
| ဇျတ်ကြီး | = | ဒေါက်လန်း |
| စဥ့်အိုး | = | စိုင့်အိုး |
| စဥ့်ခွက် | = | အင်ဒုံ |
| စဥ့်ခွက်ငယ် | = | အင်သား |
| မြေအိုး | = | နာဂူအိုး၊ မြီအိုး |
| မြေအိုးငယ် | = | အာဏာ၊ ဇအိုးသွေ |
| ရေအိုးခွက် | = | ရဝခွက်၊ ရခွက် |
| စလောင်းဖုံး | = | ခွက်၊ ချောရာ |
| ငရုပ်ဆုံ | = | ကျောက်သား |
| မြေထမင်းစားပန်းကန် | = | ကလခွက်၊ မြီလောင်ဗွန်း |
| ခရင်း | = | ဇီးပယိုင့် |
| ယွန်းခရင်း | = | ကျောက်ကာပယိုင့် |
| ယွန်းဖလား | = | ခွက်ဖလား |
| ယွန်းကွမ်းအစ် | = | နှီးကွမ်းကြုတ် |

| | | |
|---|---|---|
| ကျည်ပွေ့ | = | ကျမ္ဗိ့ |
| လက်နှိုး | = | လက်ခုတ် |
| ရေဆွဲပုံး | = | ဗာလဒိန်၊ ဗက်လဒိန်၊ ဗာဒလီ |
| ဖန်ဖလား | = | ဂျလက်၊ ဖန်ခွက် |
| မီးပြောင်း | = | ပြောင်းကျယ် |
| ခက်ရင်း | = | စူး |
| တောင်း | = | ခရင်း |
| ဒန်အိုး | = | သွတ်အိုး |
| ရေမှုတ် | = | ခတို၊ ခတော် |
| ရီတကောင်း | = | ရီကဒေါင်း |
| ဒယ်အိုး | = | အိုင်အိုး |
| အိုးကင်း | = | သံဖရာပိုင်း |
| သားလှီးဓား | = | ဒပါးသျှေ |
| မီးပူ | = | မဂိုက် |
| မီးအိမ် | = | မှန်အိမ် |
| ဖျာ | = | သဘောက် |
| မှန်ပြောင်း | = | စိန်မနီ |
| ဗီရို | = | အံတမာရီ |
| လက်နှိပ်ဓာတ်မီး | = | ဓာတ်တောင့် |
| မီးသီး | = | ဗားသီး |
| ဓါတ်ခဲ | = | ဗတ်ထရီ |
| ပုဆိန် | = | ပေါက်ဆိန် |
| ဆေးတံ | = | ပန်းဒူ |
| ကြိမ်ခွေးခြေ | = | ခွီးခထောက်ခုံ |
| ပစ္စည်း | = | ဝန် |
| သော့ခလောက် | = | လက်ခုတ်သီး |
| ဘီး | = | ဝဖြီး |
| သေတ္တာ | = | တိုက်တာ |

play

| | | |
|---|---|---|
| ထင်းရှူးသေတ္တာ | = | ဆောင်းဒူ |
| တံမျက်စည်း | = | အိမ်လှဲ၊ ခက်ခရာ |
| မီးခြစ် | = | မဆွဲ၊ မကြူတ် |
| ခမောက် | = | မက္ကလာ |
| ခမောက်ငယ် | = | ဂေါင်းချုပ် |
| တံဆိပ်ခေါင်း | = | ဒက်ခေါင်း၊ တိတ်ကတ် |
| မုတ်ဆိတ်ညှပ် | = | ဇာဂနာ |
| ပုခက် | = | ပခွက် |
| ဒန်း | = | ယိုင်း |
| ကျောက်တံ | = | ကန့်ကူစိ |
| စာအုပ် | = | ဘွဲ့အုပ် |
| မှင်တံ | = | ကလောင် |
| ခဲတံ | = | ခဲကကလောင် |
| မှင် | = | မှင်ဆီ |
| ဖောင်တိန်ပန် | = | မှင်ကလောင် (မှင်ထွက်ကလောင်) |
| ခါတ်စက် | = | စက်တေးခြင်း |
| ခါတ်ပြား | = | ခါတ်ချက် |
| အော်လံ | = | ခရဝ၊ ခလဝ |
| သွားပွတ်တန် | = | ဖြုတ် |
| စက္ကူဖြူ | = | ဘလာစက္ကူ |
| ယမင်းရုပ် | = | ညမင်းရုပ် |
| ဖိုးဝရုပ် | = | ပေါင်တုတ်ကသျှော |
| ဆေးပြင်းလိပ် | = | ကလောင်ဂျီ |
| ဆေးပေါ့လိပ် | = | ဖက်ဆလိပ် |
| ဆီးကာရက် | = | ဆီးကလိပ် |
| ပြွန် | = | ပိုက်လုံး |
| ရေပြွန် | = | ရစက်ပိုက် |

| | | |
|---|---|---|
| ကြော်ငြာ | = | ဆောင်းပါး |
| ထ | = | လောင်ပေါ် |
| ဇာတာ | = | ရက်ချုပ် |
| မန္တာန် | = | မန္တရား၊ မန်ဒရား |
| စပါးကျီ | = | ရှိုင်၊ ပုတ် |
| ချိန်ခွင် | = | ဖလီ၊ ကတ်ပယ် |
| ဂုန်နီအိတ် | = | ဆလားအိပ်၊ ဘောက်သာ |
| စွန် | = | လီတံခွန် |
| ရဟတ် | = | ယက် |
| ကျည်ဆံ | = | ယမ်းဒေါင့် |
| သေနတ် | = | ဗြောက် |
| ခြောက်လုံးပြူး | = | ဗြောက်တို |
| အင်္ဂလန်လုပ် | = | ဘီလတ်တီ |
| ရွှေရည်စိမ် | = | ဓါတ်အိုးနှိုက် |
| ပြဒါးတိုင် | = | အပူတိုင်း |
| ဆပ်ပြာ | = | သပုံ |
| ယင်း | = | လမု |
| ထွန်အပ် | = | ဖလဝါ |
| ထွန်တုံး | = | အပ်ကိုင်း |
| နွားပလုံး | = | နှုရှုပ် |
| တံစဉ် | = | စက်ကရေ |
| ပေါက်ပြား | = | ချယက်ပေါက်တူး |
| ကုလားဦးထုပ် | = | ကုလားတောက်ကျာ |

ကြွေရည်သုတ် ပစ္စည်းများကို သံဟူ၍သုံးသည်၊ သံလောင်ပွန်း၊ သံဟင်းဇား စသည်ဖြင့် ခေါ်ဆိုလေသည်။

psay

အသျှင်စက္ကိန္ဒ

# အဝတ်တန်ဆာများ

| မြန်မာ | | ရခိုင် |
|---|---|---|
| မျက်နှာသုတ် | = | တောက်လျာ၊ တံဗက် |
| ဦးထုပ် | = | တောက်ကျာ၊ ဝထုတ်၊ မွ |
| လုံချည် | = | ဒယော၊ ခတောင်း၊ ခယောက် |
| အင်္ကျီ | = | ဘာဇူ |
| ရှပ်အင်္ကျီလက်တို | = | မောင်းပိုင်း |
| ရှပ်လက်ရှည် | = | ကာမိတ် |
| တိုက်ပုံအင်္ကျီ | = | ပြင်ခံ၊ ဘရတ်စတာ |
| ကွတ်အင်္ကျီ | = | ဘလေဇာကုတ် |
| စွပ်ကျယ် | = | ဂင်ဇီဘရာ၊ တိုးအင်္ကျီ |
| ဂါဝါန် | = | ဇာဂရာ၊ ခရှည် |
| ဇာဘော်လီ | = | ဘော်ဒလီ၊ အတွင်းခံ |
| ခြုံပဝါ | = | ပဆိုးပိုင်း၊ တံဗက် |
| လက်ကိုင်ပုဝါ | = | ပဝါသွေ |
| ထဘီအထက်ဆင် | = | နတ်အုပ် |
| အနှီးစ | = | ချနှီးဟပ် |
| သိုးမွေးစွယ်တာ | = | ဂရောင်စွတ်တာ |
| စွယ်တာ | = | စွတ်တာ |
| ပိုးလုံချည် | = | ပိုးတုံး |
| ချည်လုံချည် | = | ခြည်တုံး |
| စောင် | = | ပဆိုး၊ ကုံဘောင် |
| ခြည်ဖြူစောင် | = | ပုဆိုးစွပ် |
| ခြေအိပ် | = | ခအိပ်၊ ခြီစွပ် |
| အပ်ခြည်လုံး | = | ခြည်သီး |
| ကော်ဇော | = | သတရာဇိန် |

| | | |
|---|---|---|
| ဘွတ်ဘိနပ် | = | ဘုတ်ဖနန့် |
| ခန်းဆီး | = | ကလကာ၊ လှစ်ကာ |
| နဖူးစီး | = | မျက်နှာကြက် |
| ရှေးခေတ်မိန်းမကြီးဝတ်အကျႌ | = | ထိုင်မသိမ်း |
| ငှင်းထပိန် | = | နောက်စထပိန် |
| လူကြီးဝတ်လုံချည်ရှည် | = | ကရလိုင်၊ ပင်ရှည်ဒယော |
| အထည်ပါး | = | မာဒရာဖက်၊ လင်တရီ |
| ခြည်ကြမ်းထည် | = | ဘုံဘိုင် |
| ဂွမ်းထည် | = | ဖာလာလီ၊ ဂွမ်းထိုး |
| သက္ကလပ်ထည် | = | ဆားယှာ |
| သိုးမွှေးထည် | = | ဂရောင်ယှာ |
| ပိတ်ကြမ်း | = | ဂါဒါ |
| ပိုးတုထည် | = | ယော့်သား |
| ပင်နီထည် | = | အမျိုးသားယှာ |
| ရွက်ထည် | = | တင်းဂူယှာ |
| မဲထည် | = | မဲယှာ |
| လင်ကွတ်တီ | = | ဘဒရီ |
| လွယ်အိတ် | = | ဒက်အိပ် |
| ခါးပတ် | = | ခပန်း |
| ဘောင်းဘီ | = | ပေါင်ဖီ |

# ရက်ကန်းရက်လုပ်ငန်းနှင့် စပ်ဆိုင်ရာများ

| **မြန်မာ** | | **ရခိုင်** |
|---|---|---|
| ရက်ကန်းရက်လုပ်သောမိန်းမ | = | ယိုင်သည် |
| ရက်ကန်းကျွမ်းကျင်သူ | = | ရကန်းတတ် |
| ရက်ကန်းထည်ရောင်း မိန်းမ | = | ဒလာမ |

Cpsay

# အသျှင်စက္ကိုန္ဒ

| | | |
|---|---|---|
| ချည်လိပ်ချား | ။ | လက်တား၊ လုပ်တား |
| ချည်ချား | ။ | ချသွေ့ |
| ချည်ရှည်ခုံ | ။ | ချခုံ၊ ရှည်ခုံ |
| ချည်ရှည်ရာတွင် သုံးဝါးငယ် | ။ | လက်လံတုတ် |
| ချည်ရှည်ရာငုတ်တိုင် | ။ | လက်လံတိုင် |
| ရစ် | ။ | ရဟတ် |
| ရစ်ဖောက် | ။ | ရွန်းသီး |
| ယက်ဖောက် | ။ | ရွန်းသီးခွံ |
| လွန်း | ။ | ရွန်း |
| ဗိုင်းငင်တယ် | ။ | ခြည်ပတ်တေ |
| ကော်စာတင် | ။ | ခြည်နယ်ရေ<br>အစာတင်ရေ |
| ချည်ပူးတယ် | ။ | ခြည်ဖျက်တေ<br>လက်ယှက်ငင်ရေ |
| လက်ခတ်ဆင် | ။ | လက်ခတ်ညှိရေ |
| ယက်ဖောက်တယ် | ။ | ရွန်းသီးယောက်တေ |
| ကော်စာတင်ပြီးလျှင် | | |
| ပြန်ရှည်ခြင်း | ။ | ခြည်တန်းရေ |
| ရက်ကန်းစင် | ။ | ယိုင်စင် |
| နယ်ဂန် | ။ | နွယ်ဂန် |
| နယ်စူး | ။ | နွယ်စူး |
| အထည်သားလိပ် | ။ | လက်လိပ် |
| စီး | ။ | ကျော့ |
| ယဉ်ဘောင် | ။ | ယိုင်ဘောင် |
| ယဉ်သွား | ။ | ယိုင်သွား |
| ပန်းဖော်ပျဉ်ပြား | ။ | ရက်မ |
| ချည်တစ်ပင် | ။ | ခြည်တမျှင် |
| ချည်လေးပင် | ။ | ချည်တမျက် |

| | | |
|---|---|---|
| ချည်တစ်ထုံး | = | ချည်တခင် |
| ခြည်နှစ်ထုံး | = | ခြည်တပူး |
| ပင်တိုင်ချည် | = | အတိုင်ခြည် |
| ရက်ဖောက်ချည် | = | အဖောက်ချည် |
| ချည် | = | ခြည် |
| ချည်မည်း | = | ရှား၊ မဲခြည် |
| ချည်နီ | = | မကာ |
| ချည်ဆိုးဆေး | = | ဆာဖာဆိုးဆေး |
| ပန်းရောင် | = | ဆာဖာရောင် |
| အညိုရောင် | = | ဒုဋ္ဌာရောင် |
| မီးခိုးရောင် | = | အာကာရောင် |
| အနီရောင် | = | မူကာဆီး |
| တရောင်တည်းအဆင် | = | ဘိန်း |
| အကွက်ကြီးအဆင် | = | ဘဘောက်ပြက်ဆင် |
| အကွက်သေးအဆင် | = | ကွက်စိပ်ဆင် |
| မန္တလေးပိုးထည်ဆင် | = | ချပ်မတတ် |
| ဗန်ကောက်ဆင် | = | ဘယ်လိမ်ညာလိမ်ဆင် |
| အချိတ်ဆင် | = | ပန်းဖော်၊ ရက်မထောင် |

# ရခိုင်ရိုးရာ အထည်အဆင်များအမည်

ခြောက်လပန်း၊ ငါးလပန်း ဘေဒါကန်ဘောင်ပင်ဖြုတ်၊ မောင်တော်တမ်းအလွမ်း ဖြေ။ သဘောက်ပြုတ်၊ ကယုကမာ၊ စိန်တစ်ပွင့်၊ လိပ်ခွန်၊ မာလဖုံ၊ ကျူထရုံ၊ ကွက်စိတ်၊ ကွမ်းသီးခွံ၊ ဘယ်လိမ်ညာလိမ်၊ စက်ဝိုင်း၊ ယောဆင်၊ စက်ဝိုင်းကြီး၊ မင်းတိုင်ပင်၊ ပင် လိပ်၊ ဘုံကြီးဆင်၊ စစက်ယို၊ ဖလားတင်၊ ကြောင်နခေါင်း၊ မှင်းကျိုးပွင့်၊ ပိုးဝါသန်း၊ တောင်လုံးကျော်၊ စိန်နဘန်၊ ဆင်မျက်ကွင်း၊ ဒေါင်းမျက်စိ၊ ခွာမျက်စိ၊ ပန်းမြိုင်လေ၊ မတ်တတ်မှိုင်၊ မတ်တတ်ဆင်၊ ဒုတ်တန်စီ၊ ကဒါပျောက်၊ ဒေါင်းရွှိဆိုင်၊ မင်းမျက်ချစ်၊

# အသျှင်စက္ကိန္ဒ

မှန်ဘောင်၊ ပလဲပေါက်၊ ပန်းစကြာ၊ ရှိပင်းကူ၊ မောင်ချစ်မယ်ချစ်၊ ဒေါင်းဒေါင်၊ ပန်းတစ်ဆုတ်၊ တိုက်တာမုန့်၊ မဟာနွယ်၊ ပန်းတစ်လုံး၊ ဆင်ရုပ်သျှေ၊ ဆင်ရုပ်၊ ဘဲရုပ်၊ ချိုင်ဘောင်ပွင့်၊ အပေါင်းလက္ခဏာ၊ မာယာထောင်ချောက်၊ လေးမယ်ဆင်၊ လေးပွင့်ဆိုင်၊ ဒေဝီနား၊ ငွေမျက်နှာ၊ စိန်လက်စွပ်၊ လက်ထိုးပန်း၊ စိန်စာရံ၊ ဖလံသျှေ၊ ဆင်ခရာ၊ ဂြိုဟ်တု၊ ရထားပန်းယိုင်၊ ကျောက်စာ ရွှေခြည်ထိုး၊ တော်ဝင်သူ၊ သာစွလေ၊ မြို့လုံးတောက်၊ ပိုးဝါဆင်၊ အယသမင်္ဂီ၊ နဘီရွှက်ကုံး၊ ဂန်ဝေါက်ချိတ်၊ ရိုးရိုးချိတ်၊ ဂန္ဓမာချိတ်၊ ပန်းအိုးချိတ်၊ ဂမုန်းချိတ်၊ ရာသက်ပန်ချိတ်၊ မယ်တော်ချိတ်၊ မောင်တော်ချိတ်၊ သဇင်နွယ်ချိတ်၊ ဘယတ်ချိတ်၊ ဒေါင်းပြောက်ချိတ်၊ ဘောလုံးဆင်၊ ဘမော်မျက်နှာ၊ သဇင်ချိတ်၊ ရပ်စောက်ချိတ်၊ မူးစိမတ်စိ အခြားအမည်များလည်း ရှိနိုင်ကောင်းသေးသည်။

# သတ္တုများ

| မြန်မာ | | ရခိုင် |
|---|---|---|
| ကြေး | = | ကြိး |
| ခဲမဖြူ | = | ခဲမဲပုတ် |
| သံမဏိ | = | သံခဲ၊ မခွတ်သံ |
| ငွေ | = | မွီ၊ ငွီ |
| ဒါန် | = | သွတ်၊ ဘင် |
| ရွှေ | = | ရွှီ |
| ပေါင်ခတ်ရွှေ | = | ဂီနီ |
| နီလာ | = | ကျောက်နီ |
| ငရဲမီး | = | လောင်ဆီး |
| အရက်ပျံ | = | ဆပေရိတ် |

&cio

# ဘာယဆေး

| မြန်မာ | | ရခိုင် |
|---|---|---|
| ဘာယဆေး | = | ဖရဆိုး |
| ဗိန္ဓောဆီ | = | ထက်ဖော်ဆီး |
| ဒုတ္တာ | = | အမြဂျဝါ |
| ဆေးထန်း | = | ချထန်းချဝါ |
| သိန္ဓော | = | ဆပုတ် |
| ပွေးကိုင်း | = | ချနားမတီ၊ စူလာမာကျီ |
| လေးညှင်း | = | လေးညှင်းပွင့် |
| ရှိန်းခိုး | = | ဟိန်းဂို၊ ဟိန်းဂြို |
| စမုံ့နက် | = | စမနက် |

# နေ့ရက်အချိန်သတ်မှတ်ခြင်းများ

| မြန်မာ | | ရခိုင် |
|---|---|---|
| လွန်ခဲ့တဲ့တစ်နေ့က | = | ထိုတရက်နိန့်က |
| မနေ့က | = | ညဇက၊ ယမနိန့်က |
| ဒီနေ့ | = | ဒေနိန့်၊ အေနိန့်၊ ဂနိန့် |
| မနက်ဖြန် | = | နှက်ဖြန်ခါ၊ နှက်ဖြန် |
| သဖက်ခါ | = | သံဖက်ခါ၊ သံဖက်၊ သဖက် |
| ဖိုးနေ့ | = | ဖိုးခါ၊ ဖိုးနိန့် |
| နံနက်စောစော | = | မိုးသောက်စဇောသျှ |
| မွန်းလွဲ | = | မွန်းဇောင်း |
| ညနေစောင်း | = | ညဇာဘက် |
| ညီအစ်ကိုမသိတသိအချိန် | = | နီနဘိုခတ် |
| နေဝင်ဆည်းဆာ | = | နဝင်ဒရှူး |
| မိုးချုပ်တယ် | = | နီဝင်ရေ |

;pay

## အသျှင်စက္ကိန္ဒ

| | | |
|---|---|---|
| ညမှောင်လာတယ် | = | ညဥ့်နက်လာရေ |
| တစ်နေ့ | = | တရက် |
| တစ်မိနစ် | = | တမိနိ |
| ရက်တစ်ပါတ် | = | တသတင်း |
| အဖိတ်နေ့ | = | သတင်းဖိး၊ အဖိတ် |
| ဥပုသ်နေ့ | = | သတင်းနိန့်။ ဝပုသ်နိန့် |

# ကစားခြင်းများ

| **မြန်မာ** | | **ရခိုင်** |
|---|---|---|
| ကစားကြတယ် | = | ကစားကြတ်တေ |
| တူတူပုန်းတမ်းကစားခြင်း | = | ဝှက်တမ်းပုန်းတမ်း |
| စိမ်ပြေးတမ်း | = | လိုက်တန်းပြေးတမ်း |
| သစ်ပင်ပေါ်စိမ်ပြေးတမ်းတစ်မျိုး | = | ဒုံဂျာလိုက်တမ်း |
| တုတ်ဆီးဘမ်း | = | အောင်လူဆိန်းတမ်း |
| ဂုံညှင်းထိုးတမ်း | = | ဒိုးကစပ်ကြတ်တေ |
| ထုတ်ဆီးပစ်တမ်း | = | ခတ်ကျောက်သီးကစပ်တမ်း |
| ဖန်ခုန်တမ်း | = | ဒေါင်းပြောက်ခုန်တမ်း |
| စကားထာဝှက်တမ်း | = | ပန်းဝှက်တမ်း |
| ကြက်ဥ ဥကစားတမ်း | = | ကွမ်းသီးကောက်တမ်း |
| ဘုတ်မတောက်တဲ့ | = | ငါးစမ်းတမ်း |
| အမည်ဝှက် | = | ပုဏ္ဏားတရားဟောတမ်း |
| စွန်လွှတ်ကစားတမ်း | = | လီတံခွန်တင်ကြတ်တေ |
| ခြင်းကစားတမ်း | = | ခလုံးခတ်တေ |
| ရွှဲကစားတယ် | = | ဘဒလုံးခတ်တေ |
| ဘောလုံးကန်တယ် | = | ဘောလုံးကျောက်တေ |

ရခိုင်တွင် ရှေးက ကစားကြရာ၌ အပုတ်သွေ့ အပုတ်ချခံရသည်ကို ရွေးရန် ရေတွက်ပုံမှာ-

တစ်ကေ၊ နှစ်ကေ၊ ကေလီကေလောင်၊ ဆင်ဂေါင်း၊ ငရပေါက်၊ တောက်ကျာ၊ မောလာ၊ ပန်းဖဲ ပန်းလာ၊ ကြိမ်ကြွတ်၊ ကျွတ်၊ ၁-မှ ၁၀ထိကို ရေတွက်ခြင်းပင် ဖြစ်သည်။

# အတီးအမှုတ်တူရိယာနှင့် စပ်ဆိုင်ရာများ

| **မြန်မာ** | | **ရခိုင်** |
|---|---|---|
| ပလွေ | = | ပလွီကျော်၊ ပလွီ၊ ခြခေါင်း |
| နှဲ | = | နှဲ |
| စည်း | = | စီး၊ စီးခတ် |
| လင်းကွင်း | = | လင်းခ၀၊ လင်းခွက် |
| ဝါး | = | လက်ခုတ် |
| ပတ် | = | ပတ်မ |
| ပတ်ငယ် | = | စခွန်း |
| ဗုံ | = | ဗုံသာ |
| ဒိုးပတ် | = | ပတ်သာ |
| အိုးစည် | = | စည်အိုင်၊ တဖက်ပိတ်စည် |
| ရခိုင်သမက်တက်စည် | = | ပန်းတျင်း၊ ပန်းကျင်း |
| ကြေး | = | ကြီးဝိုင်း |
| မောင်းဆိုင်း | = | ကိုးလုံးမောင်း |
| ဘင် | = | ဘန်း |
| ဘင်ငယ် | = | ဒေါက်ကရောက်၊ ခရာမြွာ |
| ခရာ | = | ပြွတ်ကောက်၊ ခရာကောက် |
| ခရာဝိုင်းတွင် မှုတ်ပလွေ | = | ပြီရှည် |
| ဘန်ဂျို | = | ဗျတ်စောင်း |

# အသျှင်စက္ကိန္ဒ

ဟိန္ဒူစည်အဖွဲ့ = ဒေါက်ကရောက်

ကုလားဘင်ခရာအဖွဲ့ = ဘေဘတီဘာဂျာ

ရခိုင်တွင် သီးခြားတူရိယာများရှိရာ၊ အထက်ဖော်ပြပါ ဝေါဟာရများမှာလည်း တိကျနိုင်မည် မဟုတ်ဟူ၍ ထင်မိပါသည်။

**ရခိုင်အတီးအမှုတ် တူရိယာများမှာ—**

**(၁) ကြေးဖြင့်လုပ်သော တူရိယာများ**

ခွက်ခွင်း၊ စည်းစုပ်၊ မောင်း၊ ကြီးစည်၊ ပတ်တလား။

**(၂) ကြိုးကို အသုံးပြုသောတူရိယာများ**

စောင်း၊ စောင်းကောက်၊ အုံးမှုတ်၊ တရော၊ ကြောင်ရီ ၊ မီးကျောင်း၊ ဒူးလောင်း။

**(၃) သားရေကြက်၍ တီးရသောတူရိယာများ**

တစ်ဖက်ပိတ်စည်၊ နှစ်ဖက်ပိတ်စည်၊ မြောက်စည်(ဗဟိုစည်)၊ သံလွင်စည်၊ မရိုးစည်၊ စည်ပုတ်၊ စည်ကြီး(ရှန်းစည်)၊ စည်ပန်းတောင်း၊ စည်ဝန်း၊ တဖက်စည်၊ နှစ်ဖက်စည်၊ စည်ရှည်၊ စည်အိုင်(အိုးစည်)၊ ဒုပ္ပာ၊ ဒုံ့မင်း၊ ပတ်သာ(ဒိုးပတ်)၊ ပတ်မ၊ ဗုံသာ၊ စကွန့်၊ ပန်းတျင်း။

**(၄) လေနှင့်မှုတ်သော တူရိယာများ**

ခရာကောက်၊ ခရာမြွှာ၊ ပြွတ်ကောက်၊ ပြွတ်ရှည်၊ ဖူးမှုတ်၊ လက်တံတို၊ လက်တံရှည်၊ ဘော၊ ညှင်း၊ ဒြီခေါင်းဖက်လိပ်၊ နှဲ၊ ခရုသွင်း၊ ပလွေကျော်၊ ဝါးမှုတ်။

**(၅) လက်ခုပ်တူရိယာ**

ဝါးလက်ခုပ်၊ သစ်လက်ခုပ်၊ လက်ညှပ်ခုပ်၊ လက်ပြောက်၊ လက်ခုပ်၊ လက်ကြားခုပ်၊ ကျောက်လက်ခုပ်။

အထက်ပါအတိုင်း ငါးမျိုး ငါးစား ရှိကြလေသည်။

တေးများနှင့်ပတ်သက်၍ ရခိုင်မြန်မာမတူပါသဖြင့် ရခိုင်တေးသက်သက်ကို ဖော်ပြ လိုက်ပါသည်။

ဇမ်းခြင်း၊ တေးခြင်း၊ အိုင်ခြင်း၊ သာခြင်း၊ နတ်ခြင်း၊ ပတ်ခြင်း၊ ယိုင်းသာခြင်း၊ ပင့်ကူခြင်း၊ ငစွယ်ခြင်း၊ ပတ်တိုက်နတ်ခြင်း၊ ဒုံးခြင်း၊ သိုင်းခြင်း၊ ကာခြင်း၊ လွမ်းခြင်း၊

အနံ့ခြင်း၊ လုံးတီးလုံးတားခြင်း၊ မေတ္တာစာ၊ အထောက်စာခြင်း၊ ဓခြင်း၊ မဏ္ဍိုဦးပြည့်ချ ရတု၊ လေးလုံးပိုဒ်စုံရတု၊ ရကန်၊ ရွှန်းလိုက်ရတု၊ ပို့၊ လင်္ကာ၊ မော်ကွန်း၊ ဟန်စီလေ၊ သာစွလေ၊ ပြိုင်းလောင်းသံချပ်၊ ရထားသံချပ်၊ ဒုံးသံချပ်၊ ကျင်စည်ခြင်း၊ ရှင်စည်ခြင်း၊ ဘွဲ့သံ၊ သိုက်စာ၊ မှာတမ်း၊ နတ်သံ၊ ပသီးသံ၊ လောင်းလျှော်သံ၊ ပန်းတျင်းခြင်း၊ ကျိတ်ကေ ခြင်း (ပေါ်တူဂီခရာသံအလိုက်) ဗုဒ္ဓပူဇနိယတေးခြင်း။

# အခြင်အတွယ်

| မြန်မာ | | ရခိုင် |
|---|---|---|
| တစ်တင်း | = | နှစ်တောင်း |
| တစ်ပြည် | = | နှစ်သိုက် (၈ ဗူး) |
| ၆-ပြည် | = | တစ်တောင်း(၁၂ သိုက်) |
| ၄-ဘူး | = | တစ်သိုက် (လေးပွား) |

ရခိုင်တွင် ပြည်၊ တင်း မသုံးပါ။ တစ်တင်းသည် ရခိုင်နှစ်တောင်းနှင့် ညီမျှသည်။

# ပုလင်းချိန်

## (၄၀-သားကို အခြေခံပါသည်။)

| မြန်မာ | | ရခိုင် |
|---|---|---|
| ၄၀ ကျပ်သား | = | တစ်ပုလင်း |
| ၂၀ ကျပ်သား | = | တစ်အာဒါ (½ ပုလင်း) |
| ၁၀ ကျပ်သား | = | တစ်အာဒီ (¼ ပုလင်း) |
| ၅ ကျပ်သား | = | တစ်အာစိတ် (၁/၈ ပုလင်း) |
| ၂½ ကျပ်သား | = | တစ်အာခြမ်း |
| ၁ ပိဿာ | = | ၂-ပုလင်းနှင့် တစ်အာဒါ |
| ၅၀ ကျပ်သား | = | တစ်ပုလင်း တစ်အာဒီ |

u;pay

# အသျှင်စက္ကိန္ဒ

အဓိကအားဖြင့် ၄၀-ကျပ်သားမှာ တစ်သိုက်ရှိကျပ်ချိန်ကို အခြေခံ၍ ထားခြင်းပင်ဖြစ်သည်။

ရခိုင်တွင် ဟသ်ာချိန် (ရွှေလီး)သိုက် ပိဿာချိန်ကို ခေါ်သည်။ (Tical) ရွှေချိန် ဖြစ်ပါသည်။ နောက်တစ်မျိုးမှာ အိန္ဒိယနိုင်ငံသုံး (Tola) ငွေချိန်၊ ရခိုင်လို ဗက်ကာသိုက် ဟု ခေါ်ပါသည်။

## ရွှေလီး အလေးချိန်

| မြန်မာ | | ရခိုင် |
|---|---|---|
| ၂ ½ ကျပ်သား | = | ပွာခြမ်း |
| ၅ ကျပ်သား | = | ပွာစိတ် |
| ၁၀ ကျပ်သား | = | တစ်ပွာ |
| ၂၀ ကျပ်သား | = | သိုက်ခွဲ |
| ၃၀ ကျပ်သား | = | သုံးပွာ |
| ၄၀ ကျပ်သား | = | တစ်သိုက် |

**တစ်သိုက်တွင် ၄၀ကျပ်သား သတ်မှတ်သည်။**

## ပိဿာချိန်နှင့် ကိုက်သော်

| မြန်မာ | | ရခိုင် |
|---|---|---|
| ပိဿာခွဲ | = | တစ်သိုက်တစ်ပွာ |
| တစ်ပိဿာ | = | ၂-သိုက်ခွဲဟု ဆိုသည်။ |
| ပိဿာတစ်ပွာ | = | ၂၅ ကျပ်သား |
| ပိဿာခွဲ | = | ၅၀ ကျပ်သား |

# ဗက်ကာသိုက် (ငွေလီး)

| မြန်မာ | | ရခိုင် |
|---|---|---|
| တစ်သိုက် | = | ၆၀ ကျပ်သား |
| သိုက်ခွဲ | = | ၃၀ ကျပ်သား |
| တစ်ပွာ | = | ၁၅ ကျပ်သား |
| ပွာစိတ် | = | ၇ $\frac{၁}{၂}$ ကျပ်သား |

**ဗက်ကာ ၂-သိုက်၊ တစ်ပေါင်နှင့် ညီမျှသည်။**

ရွှေလီးတစ်ပိဿာတွင် ဗက်ကာသိုက်နှင့် တစ်သိုက်သုံးပွာ (၁ $\frac{၃}{၄}$) ရှိပါသည်။ ဗက်ကာသိုက်၊ ပွာ၊ အာဒါ၊ အာဒီဆိုသောစကားမှာ အိန္ဒိယဝေါဟာရများမှ ဆင်းသက်လာခြင်းပင် ဖြစ်သည်။

# ငွေကြေးအသုံးအနှုန်းများ

ရှေးခေတ် ကြေးငွေအသုံးအနှုန်းများနှင့်ပတ်သက်၍ မူနှစ်မျိုးတွေ့ရပါသည်။ တစ်မျိုးမှာ ငှက်ထောင်သမားလက်တွင် ပါရှိသည်။

"ငှက်ထောင်ရောက်လာ၊ ရသပြာ၊ အိမ်မှာမယား၊ စိတ်ပြားကြည့်လီ၊ ကြွီလီအမှန်၊ ဖြူးချပြန်၊

ငါးကြွီတဖြူး၊ တစ်ဆယ့်တစ်ခါ တစ်စိရာ၊ သုံးစိတစ်မျက်၊ နှစ်မျက်မူခြမ်း၊ မူခြမ်းနှစ်ခါ၊ တစ်သိုးကာ၊ သိုးကာကိုတွဲ၊ တစ်မူခွဲ၊ မူခွဲနှစ်ခါ၊ တစ်သပြာ" ဆိုချက်အရဆိုပါက-

| မြန်မာ | | ရခိုင် |
|---|---|---|
| တစ်ဖြူး | = | ၅ ကြွီ |
| တစ်စိ | = | ၅၅ |
| တစ်မျက် | = | ၁၆၅ |
| မူခြမ်း | = | ၃၃၀ |
| တစ်သိုးကာ | = | ၆၆၀ |

Epaay

| | | |
|---|---|---|
| မူခွဲ | = | ၁၃၂၀ |
| ရခိုင်ငွေတစ်ကျပ် | = | ၂၆၄၀-ကြိ်ဖြစ်သည်။<br>(တစ်သပြာ ခေါ်သည်။) |

**နောက်တစ်မှုမှာ-**

"လေးကြိ်ပြုးစု၊ ဆယ်ပြုးလေးလီ၊ မျက်ခုခီ၊ နှစ်မျက်မူခြမ်း၊ နှခါသိုးကာ၊ တွဲလီမူခွဲ၊ မူခွဲနှစ်ထပ်၊ တစ်ချပ်စိလီ၊ တကြိ်ချန်ထား၊ ကျိမှာထား"

| **မြန်မာ** | | **ရခိုင်** | | |
|---|---|---|---|---|
| တစ်ပြုး | = | ၄ ကြိ် | | |
| တစ်စိ | = | ၁၀ × ၄ | = | ၄၀ |
| တစ်မျက် | = | ၄၀ × ၄ | = | ၁၆၀ |
| မူခြမ်း | = | ၁၆၀ × ၂ | = | ၃၂၀ |
| တစ်သိုးကာ | = | ၃၂၀ × ၂ | = | ၆၄၀ |
| မူခွဲ | = | ၆၄၀ × ၂ | = | ၁၂၈၀ |
| တစ်ချပ် | = | ၁၂၈၀ × ၂ | = | ၂၅၆၀ |

၈၀-ကြိ် ကွာခြားပါသည်။

တစ်ချပ်ဆိုသည်မှာ ရှေးရခိုင်စကားရိုး စကားလာဖြစ်ဩည်။ "စပါးတစ်ရာ တစ်သိုးကား လေးရာတစ်ချပ်၊ စပါးသျှင်ကို မခစပ်" ဟု ဆိုသည့်အတိုင်း တစ်သပြာ ရခိုင်ငွေဒင်္ဂါးတစ်ပြားကို ဆိုပါသည်။

ရခိုင်ဘာသာစကားလမ်းညွှန်

# အင်္ဂလိပ်အစိုးရ သိမ်းပိုက်စတွင် ငွေကြေးအခေါ်များမှာ

| မြန်မာ | | ရခိုင် |
|---|---|---|
| ငွေတစ်ကျပ် | = | တက်ားတစ်ပြား |
| ငါးမူး | = | မူခွဲ |
| တစ်မတ် | = | တစ်သိုးကာ |
| တစ်မူး | = | မူခြမ်း |
| တစ်ပဲ | = | တစ်မျက် |
| ပိုက်ဆံတစ်ပြား | = | တစ်စိ |
| တစ်ပိုင် | = | တစ်အာဒါ |

**ယင်းနောက် အိန္ဒိယအခေါ်များကို ပြောင်းလဲခဲ့သည်။**

| | | |
|---|---|---|
| ငွေတစ်ကျပ် | = | တက်ားတစ်ပြား |
| ငါးမူး | = | မူခွဲ (ရှစ်ပဲ) |
| တစ်မတ် | = | လေးအာနာ (လေးပဲ) |
| တစ်မူး | = | နှစ်အာဏာ(နှစ်ပဲ) |
| တစ်ပဲ | = | တစ်အာဏာ |
| ပိုက်ဆံတစ်ပြား | = | ပီသာ၊ ပွိလာ |

**ပီးယှား တစ်ပြားဟူ၍ ခေါ်ဝေါ်လာခဲ့ကြပါသည်။**

Cpsay

### အသျှင်စက္ကိန္ဒ

# ငွေကြေးနှင့်ပတ်သက်၍ အခေါ်အဝေါ်များမှာ

| မြန်မာ | | ရခိုင် |
|---|---|---|
| ကြေးငွေဥစ္စာ | = | တက်ားပွိုသာ |
| ရွှေဒင်္ဂါး | = | ပေါင်ခတ် |
| ငွေစင်ဒင်္ဂါ | = | ငွေသားတက်ား |
| ငွေစက္ကူ | = | တက်ားစက္ကူ |
| ငွေတစ်ကျပ် | = | ငွေတစ်ပြား၊ ငွေတစ်ချပ် |
| ကျပ်တန် | = | ငွေကြို၊ ပြားသျှေ |
| အနုတ် | = | အကြွို၊ ပွိုသာကြွို |
| ငါးကျပ်တန် | = | ငါးပြားတန် |
| ငွေစက္ကူတစ်ချပ် | = | တက်ားစက္ကူတစ်ရွက် |
| ပြားစေ့ | = | ပြားခတ် |
| အတုငွေကြွို | = | ခဲခတ် |
| ငွေရေတွက်ကြည့် | = | စိတ်ပြာကြည့်ရေ |

ဖော်ပြပါ ရခိုင်ဝေါဟာရအခေါ်အဝေါ်များတွင် အနည်းအကျဉ်းချွတ်ယွင်းမှုများနှင့်ကား ကင်းကြမည် မဟုတ်ပါ။ ဤသည်များကို ခွင့်လွှတ်၍ ပြုပြင်ဖတ်ရှုကြပါရန်။

&c|ioα;|L

# (၆) ကိုယ့်စကားကို၊ ကိုယ်နားမလည်မှန်း မသိသော ရခိုင်စကားရပ်များ

လောလောဆယ် တစ်စုံတစ်ယောက်သောသူအား သူပြောစကားများကို သူကိုယ်တိုင် နားလည်ပါရဲ့လားဆိုက လှောင်ပြောင်သည်ဟုထင်ကာ စိတ်ဆိုးမိမည် မလွဲပေ။ ဇာကြောင့်ဆိုသော် သူကိုယ်တိုင် ကိုယ့်စကားကိုယ် နားမလည်မှန်း သတိမမူမိသဖြင့်ပင် ဖြစ်ပါသည်။

ကျွန်ုပ်တို့ နေ့စဉ်ပြောစကားထဲတွင် အလေ့အလာ ပြောလေ့ပြောထရှိသဖြင့်သာ ပြောဆိုနေကြသော်လည်း ဇာပိုင်အဓိပ္ပာယ်သက်ရောက်၍ ဇာကြောင့် ထည့်သွင်းပြောဆိုနေကြသည်ကို သတိမပြုမိခဲ့ကြပေ။

ကိုယ့်စကားကိုယ်မသိ၊ ပြောမိပြောရာ ပြောလာသည်ဟုပင် မှတ်ယူနေကြပေလိမ့်မည်။ ဥပမာ- "တစ်ပြားမူခွဲရာ" ဟု နေ့စဉ်ပြောဆိုနေကြသည်။ ယင်းစကားထဲတွင် မူခွဲဟူသော ဝေါဟာရမှာ ဇာကိုအကြောင်းပြု၍ ပြောဆိုသည်ကို မသိကြပါ။ မူခွဲဆိုသည်မှာ ယခုအခေါ် ငါးမူးကိုခေါ်သော ရခိုင်ဝေါဟာရ အစစ်တစ်ခုပင် ဖြစ်ပါသည်။ ငါးမူးတစ်ကျပ်သားဟု ပြောဆိုခြင်းပင် ဖြစ်ပါသည်။ ယင်းကြောင့် ကိုယ့် စကားကို မသိဟု ဆိုရပေမည်။

'ငါ့ဂါကစိုက်လို့ ပီးရဖို့လား" ဆိုသော စကားမှာလည်း ယင်းနည်းတူပင်၊ ဂါ-ဆိုသောစကားအဓိပ္ပာယ်ကို နားလည်ကြပါသလား။ ဂါဆိုသောဝေါဟာရမှာ ရခိုင်ဝေါဟာ ရစကားအစစ် မဟုတ်ပေ။ အိန္ဒိယနိုင်ငံသားတို့၏ ကိုယ်ခန္ဓာကိုခေါ်သော အခေါ်အဝေါ် မှဆင်းသက်လာသော စကားတစ်ရပ်ပင်ဖြစ်သည်။ ငါ့ကိုယ်က သို့ မဟုတ် ငါကစိုက်လို့ ပီးရဖို့လားဟု ပြောဆိုခြင်းပင် ဖြစ်သည်။ ရခိုင်တွင် ခန္ဓာကိုယ်ကို ဂါဟုမခေါ်သော်လည်း ဖော်ပြပါစကားပြောရာတွင် ထည့်သွင်းပြောဆိုလေ့ရှိ ကြသော ကိုယ့်စကားကိုယ် နားမလည်မှန်း မသိသောစကားတစ်ရပ်ပင် ဖြစ်ပါသည်။

ရခိုင်ဝေါဟာရထဲတွင် အိန္ဒိယနိုင်ငံသားစကား၊ ဘင်္ဂလီစကား၊ အင်္ဂလိပ်စကား၊ တို့မှ သံယောင်လိုက် ပြောဆိုခါ နောင်တစ်စတစ်စ ရခိုင်ဝေါဟာရ ဖြစ်သွားသည့် ဝေါဟာရများလည်း အများအပြားပင် ရှိပါသည်။ အသံလှယ်မွေးစား စကားလုံးဟုလည်း ခေါ်ဆိုကြသည်။ ၎င်းဝေါဟာရစကားလုံးတို့ကို အပိုဒ်(၁၀)တွင် အနည်းအကျဉ်းဖော်ပြထားရှိပါသည်။

u;pay

ယနေ့ရခိုင်စကားတွင် ယင်းတို့နီးစပ်သည့်စကားများ ဇာလောက်ဝင်ရောက်နေပြီဆိုသည်ကို ဤရခိုင်စကားစာစဉ်ငယ်တွင် မဖြစ်စလောက်သော ဝေါဟာရအနည်းငယ်နှင့် နှိုင်းယှဉ်ကြည့်သော်မှ တွေ့ရှိနိုင်ကြပေလိမ့်မည်။

ယင်းအပြင် ရခိုင်စကားအစစ်များဖြစ်သော "မွဲလို့ပြာချီးကျလေခဗျာယ်" "တဆတ်ဆတ် ပင်ထက်ခြောက်လာရေ" "လီတငတ်ရာဟိဗျာယ်" "ဆပွတ်ကြီး" စသည်ဖြင့် တင်စားပြောဆိုလေ့ရှိသော်လည်း ကိုယ့်စကားအဓိပ္ပာယ်ကို ကိုယ်မသိကြပေ။ အပိုဒ်(၁၂)တွင် အနည်းအကျဉ်း ရှင်းလင်းတင်ပြထားရှိပါသည်။

"ဘင်းကျီမှာ တစ်ခါဖောက် ကျီကျသိရေ" ဆိုသော အိန္ဒိယစကားမှ ဆင်းသက်လာသော ဝေါဟာရများလည်း အများရှိပါသေးသည်။ အိန္ဒိယစကားမှ ဆင်းသက်လာသည်ဆိုခြင်းမှာ ရှေးခေတ် ရခိုင်မျိုးနွယ်ဆက်နှင့် နွယ်ဆက်လျက် ဆင်းသက်လာသောစကားရပ်များကို မဆိုလိုပါ။ နှောင်းကာလတွင် အထူးသဖြင့် တစ်ချိန်က ရခိုင်ပြည်နယ်ဖြစ်ခဲ့သော ဘင်္ဂလားနယ်မှ ဘင်္ဂါလီစကားများမှ ဆင်းသက်လာသော ဝေါဟာရများကို ဆိုခြင်းပင် ဖြစ်သည်။

တစ်နည်းဆိုက ရှေးမဂဓတိုင်းမှ နွယ်ဆက်ဝင်လာသော မျိုးနွယ်နှင့် ဆက်စပ်နေသည့် စကားရပ်များကို မဆိုလိုပါ။ ယင်းစကားတို့မှာ ရှေးပေါရဏစကားတို့ပင်ဖြစ်ပါသည်။

# (၇) ရခိုင်နေ့စဉ်ပြော စကားဆက်၊ စကားစပ်၊ စကားသတ်များ

နေ့စဉ်သုံးစကားများကို တင်ပြရာတွင် အထူးသဖြင့် မြန်မာဘာသာဖြင့် အပြော အဆိုများတွင် ချွတ်ယွင်းလွဲမှားမှုများ ရှိနိုင်ပါသည်။ ဤသို့ မှားယွင်းချွတ်ချော်မှုများ တွေ့ခဲ့ပါက၊ အပြစ်ကို ရှေ့ရှုမထားကြဘဲ တတ်အားသမျှ ပြုပြင်စီစစ်ကြလျက်၊ သက်ဆိုင်ရာ မဂ္ဂဇင်းစာစောင်များတွင် အပြုသဘောဖြင့် တင်ပြကြစေလိုပါသည်။ စာပြုစုသူထံသို့ တိုက်ရိုက်တင်ပြ အကြံဉာဏ်များ ပေးပါကလည်း အထူးကျေးဇူးတင်ရှိပါမည်။

စကားပြောများမှာ တစ်ပြည်တစ်နယ်တည်းမှာပင် ဒေသန္တရစကားများ ရှိကြောင်း အထက်အခန်းများတွင်လည်း တင်ပြခဲ့ပြီးဖြစ်ပါသည်။ စာပြုစုသူမှာ အဝစစ်တွေဘက်မှ ရခိုင်သားတစ်ဦးဖြစ်နေပါ၍ ယင်းအဝစစ်တွေဘက် အတွေးအခေါ် အဝေါ် ဝေါဟာရများ၊ နေ့စဉ်ပြောစကားများ၊ စကားစု၊ စကားဆက်၊ စကားစပ်၊ စကား သတ်များအရ တင်ပြထားခြင်း ဖြစ်ပါသည်။ သို့သော် တတ်အားသမျှ လေ့လာရရှိသော ဒေသန္တရပြောစကားများကို အနည်းအကျဉ်းသိရှိနိုင်ရန် ဖော်ပြ ထားရှိပါသည်။

ဝေါဟာရအခေါ်အဝေါ်များအနေဖြင့်လည်း တစ်ရွာတစ်ပုဒ်ဆန်း၊ တစ်ကျောင်း တဂါထာဆိုဘိသကဲ့သို့ ဒေသတစ်ခုတည်းမှာပင် တောတွင်းတစ်မျိုး၊ မြို့ပေါ်တွင် တစ်မျိုးခေါ်သည်များ ရှိပါသေးသည်။ ယင်းကြောင့် ဤစာစောင်တွင် ပါရှိသော ဝေါဟာရများဟု ပုံသေမယူကြစေလိုပါ။

အဝဘက် ရခိုင်သားများ ပြောဆိုသောစကားကို အခြေခံထား၍ ရေးသားခဲ့ ခြင်းပင် ဖြစ်ပါသည်။ သို့သော် သုံးပုံလေးပုံခန့်မျှကား တူညီရှိနေပါလိမ့်မည်။ နေ့စဉ် ပြော ဝေါဟာရများနှင့် စကားစုများကို အက္ခရာစဉ်လိုက် မဖော်ပြမီ ဦးစွာပြောလေ့ ပြောထရှိကြသော ရခိုင်စကားဆက်၊ စကားစပ်၊ စကားသတ်များကို အနည်းငယ် တင်ပြပါမည်။

| **မြန်မာ** | | **ရခိုင်** |
|---|---|---|
| သို့သော် | = | ဂေလို့ |
| ပြီး | = | ဗျာယ်၊ ယာ |
| တို့ | = | ရို့ |
| စို့ | = | မေ |
| ဘာ | = | ဇာ |
| မှ | = | ကေ |
| တည်း | = | တဲး |
| တယ် | = | ရေ၊ ယင် |
| လို၊ ကဲ့သို့ | = | ပိုင် |
| နှင့် | = | နန့် |
| သတဲ့ | = | လတ် |

u;play

# အသျှင်စကားနှံ့

| | | |
|---|---|---|
| သိပ် | = | ကကောင်း |
| ဘာလဲ | = | လေချင့် |
| ပါတယ် | = | ပါယင့်၊ ပါယန့် |
| ဒီလို၊ ဤသို့ | = | အေပိုင်၊ ဒေပိုင် |
| ဟိုသို့၊ ထိုသို့ | = | ယင်းပိုင်၊ ယန်းပိုင် |
| တော်ပြီ | = | တန်ဗျာယ် |
| တန်တော့ | = | တန်ဖိ |
| တော်စို့ | = | တန်ကတ်မေ |
| တကယ်လား | = | အဂေါင့်ဂေါင့်လား |
| ဤကဲ့သို့ | = | အေချင့်ပိုင်၊ အေပိုင်သျှောင် |
| ထံမှ | = | ဗက်က၊ ဗတ်က၊ ပါးက |
| ဘယ်လို | = | ဘဇောင်၊ အစော် |
| ဘယ့်နှယ် | = | ဇာပိုင်၊ အစော်ပိုင် |
| အဲပေါ့ | = | အေမနားယေ၊ အေမတောင် |
| နေတယ် | = | နိန်ရေ |
| ဒါပေမဲ့ | = | ယေဂေလဲ့သော့၊ ယေဒါလေ့ |
| ဟုတ်ကဲ့ | = | ဟုတ်ပါယင့်၊ ဟုတ်ပါယန့် |
| ကြမယ်၊ ကြစို့ | = | ကတ်မေ၊ ကြတ်မေ |
| သေးတယ် | = | ယင့်လား၊ ယန့်လား |
| ဘာလဲ | = | ဇာလဲ၊ ဇာချင့်လဲ |
| ပြီးပြီ | = | ပြီးဗျောက်၊ ပီးယာ |
| ပြီးလျှင် | = | ပြီးဂေ၊ ပီးဂေ |
| ပြီးလား | = | ဗျောက်လား၊ ယာလား |
| သို့မဟုတ် | = | မဟုတ်ကေလဲ့ |
| သို့နောက် | = | အေပြီးဂေ၊ ယင်းပြီးဂေ |
| ဆိုသကဲ့သို့ | = | ဆိုရေပိုင်၊ ဆိုရေသျှောင် |
| မဟုတ်ဘူး | = | အဟင့်၊ အဟုံ့ |

| | | |
|---|---|---|
| လှဲ့ပါ | = | ခလိုက် |
| မဟုတ်လျှင် | = | မသာဂါရေ |
| မဟုတ်မှလွဲရော | = | မဟုတ်ဂေနီလီဖိ |
| တစ်ခါတည်းနှင့် | = | အေအတိုင်းနန့် |

ပြီးကို အဝစစ်တွေဘက်တွင် (ဗျောက်) ၊ ကျောက်ဖြူ ရမ်းဗြဲဘက်တွင် (ယာ)၊ ဥပမာ = စားပြီးကို၊ စားဗျောတ်၊ စားယာဟု သုံးသည်။

စစ်တွေအဝဘက် (င)သတ်သံကို၊ ကျောက်ဖြူ ရမ်းဗြဲဘက်တွင်(န) သတ်သံ ပြော သည်။ ဥပမာ= ခင်မင် (ခန်မန်)၊ ယင်းချင့် (ယန်းချင့် ယန်ဟာ)၊ ထမင်း (ထမန်း)။

စစ်တွေအဝဘက်တွင် ခလိုက်ထည့်၍ ပြောဆိုမှုရှိသည်။ ဥပမာ- နေလာပါ (နိန်ပါခလိုက်)၊ စားလာပါ (စားပါခလိုက်)၊ ခလိုက်မှာ ဘိတ်ခေါ်သံဖြစ်သည်။ စစ်တွေ အဝဘက်တွင် ရှိကို ဟိကို ယို့ဟု အသုံးများနေသော်လည်း ရမ်းဗြဲ၊ ကျောက်ဖြူဘက်တွင် ဟိဟုပင် သုံးနှုန်းတုန်း ရှိနေသေးသည်။

ကျောက်ဖြူဘက်တွင် ငါမဟုတ် စသည်ဖြင့် မဟုတ်အသုံးနှုန်းလည်း ပြောရိုးရှိ သည်။ အဝစစ်တွေဘက်တွင် (-ောင့်)သံကို (တအောင့်သျှ)၊ (ဒေါင့်)၊ (စောင့်)တို့ကို ချောင်းဖျားရပ်နှင့် ကျောက်ဖြူ ရမ်းဗြဲ၊ မာန်အောင်နယ်များတွင် (ုန့်)ဟု (စာအုပ်သျှ) (ဒုန့်)(-ုန့်)ဟူ၍ ပြောလေ့ရှိကြပါသည်။

အဝစစ်တွေဘက်က ဇာကို၊ ကျောက်ဖြူဘက်တွင် စာ၊ အစော်လဲကို ရောင်ဟု ပြောလေ့ရှိကြပါသည်။ ဥပမာ- အစော်ရောင်၊ စာလဲ၊ စာလေးလေ၊ အစော်လားရောင်။ အနောက်ပြည်ရှိ ရခိုင်များနှင့် အရှေ့မြန်မာပြည် ပုသိမ်၊ မော်ဒင်တစ်ဝိုက်ရှိ ရခိုင်တို့ ပြောစကားများမှာ အဝစစ်တွေဘက်နှင့် တူပါသည်။ သံတွဲ၊ တောင်ကုတ်၊ အမ်း၊ ဒလက်၊ ဂွစသည့် ဒေသများမှာ လူများမှာ မြန်မာစကားတို့ကို ယိမ်းယိမ်းပြော ကြသော်လည်း တစ်ဦးစကားကို တစ်ဦးက လွယ်လွယ်နှင့် နားလည်မှုရှိကြပါသည်။

;pay

အသျှင်စက္ကိန္ဒ

# ဦးရေအနည်းအများအလိုက် ပြောဆိုသောစကားများ

| မြန်မာ | | ရခိုင် |
|---|---|---|
| တိရိစ္ဆာန်တစ်အုပ် | = | တစ်ရှို |
| လူတစ်စု | = | လူတစ်ကျိုင် |
| ငါးအုပ် | = | ငါးကျိုင် |
| သစ်သီးတစ်ခိုင် | = | အသီးတစ်ပြွတ် |
| အခိုင်ခိုင် | = | အပြွတ်ပြွတ် |
| ငွေသားဒင်္ဂါးအစီလိုက် | = | အစွက်လိုက် |
| အအုပ်လိုက် | = | အရှိုလိုက် |
| အများ | = | တိ |
| အနည်း | = | သျှေ |
| အများအပြား | = | မကန်မဝှန် |
| တစ်သီတစ်တန်း | = | မဆုံးတန်း |
| ပန်းတစ်သီတစ်ကုံး | = | ပန်းတစ်သိန် |
| ရှုမဆုံး၊ ကြည့်မဆုံး | = | မျက်စိတစ်သီ |
| အလွန့်အလွန်များပြားသည် | = | ပိတ္တကိုးသိန်း |
| အစည်းအဝေး | = | မိတ်တိန် |
| ရွာလုံးကျွတ် | = | ရွာဟုံ၊ ရွာပြတ်၊ ရွာလုံးချုံ |
| မြို့လုံးကျွတ် | = | မြို့ဟုံ၊ မြို့ပြတ်၊ မြို့လုံးချုံ |
| သူတို့ | = | သူရို့ |
| ငါတို့ | = | ငါရို့ |
| ကျွန်တော်တို့ | = | ကျွန်တော်ရို့၊ အကျွန်ရို့ |
| ထိုဟာတွေကို | = | ယင်းချင့်တိကို |
| ကြ | = | ကြက်၊ က၊ ကြတ် (လားကြတ်) |

အခိုင်ကို ငှက်ပျောသီး၊ အုန်းသီး၊ ကွမ်းသီးတို့၌ သုံးသည်။ (အုန်းသီးတစ်ခိုင်) ပြွတ်သိတ်သီးသော သစ်သီးများကိုကား အပြွတ်လိုက် သုံးသည်။

**ဥပမာ- သရက်သီးတစ်ပြွတ် (သရက်သီးတစ်ခိုင်)**

# (ဂ) ခရီးအကွာအဝေး၊ နေရာဌာန၊ တည်နေရာ စသည်တို့ကို ညွှန်သော ဝေါဟာရများ

| မြန်မာ | | ရခိုင် |
|---|---|---|
| နီးတယ် | = | ပါးရေ |
| အနီးမှာ | = | အပါးမှာ၊ အနားမှာ |
| နီးနီးလေး၊ အနီးကလေး | = | အနားသျှေ၊ အပါးသျှေ |
| အနီးကပ်လို့ | = | တပ်တက်ကပ်လို့၊ ဟပ်ပတိသျှေ |
| အဝေးမှာ | = | အဝီးမှာ |
| အတော်ဝေးတယ် | = | အင်တန်ဝီးရေ |
| သိပ်ဝေးတယ် | = | အဝီးကြီး |
| အလွန်ဝေးတယ် | = | ကဂေါင်ဝီးရေ |
| မနီးမဝေး | = | မဝီးမပါး |
| အပေါ်မှာ | = | အထက်မှာ |
| အပေါ်ထပ် | = | အထက်ဆင့် |
| အထဲမှာ | = | အတွင်းမှာ |
| အထဲဘက် | = | အတွင်းဘက် |
| တစ်ထောက်ဝေးတယ် | = | တစ်ပြင်သန်းဝီးရေ |
| တစ်ခေါ်လောက် | = | ခွီးတစ်ဟောင် |
| အလွန်မြင့်တယ် | = | အသျှူတစ်ရာမြင့်ရေ (ရေအနက်ကိုလည်းသုံးသည်) |

ခဲတစ်ပစ်လောက် = လက်ခတ်တစ်ပိုက်စာ
မျက်နှာချင်းဆိုင် = ရှိုဆိုင်
ဘေးချင်းကပ်လို့ = ထက်ပက်ကပ်လို့
မျက်စောင်းထိုး = ဇလွယ်သိုင်း
တစ်တန်းတည်း = တစ်လျှောက်တဲ့
သုံးပွင်ဆိုင် = ခွင်ခတောက်ဆိုင်
ခွင်တောက်ဆောက်
တည့်တည့်မတ်မတ် = ပပြောင့်၊ ပပြောင့်သသက်
ကွေ့ကွေ့ကောက်ကောက် = ကောက်လီကောက်လောက်
တစ်လမ်းအကွာ = တစ်လမ်းခြား
တစ်ဆောင်အကွာ = တစ်အိမ်ခြား
ဘေးချင်းယှဉ်၍ = နံချင်းပြိုင်လို့
နေ့ချင်းရောက်တယ် = ရက်ချင်းပေါက်တေ
နေ့ချင်းပြန် = ရက်ချင်းပြန်
တစ်နေ့ခရီး = တစ်ရက်ခရိတ်
တစ်ညခရီး = တစ်ညဥ့်ခရိတ်
တစ်ဖက်မှာ = နံဘေးမှာ
ရေကြောင်းခရီး = ရီလမ်း
ကုန်းလမ်းခရီး = တောင်ကြောင်း၊ ကုန်းကြောင်း
တောလမ်းခရီး = တောကြောင်း၊ တောင်လျှောက်
သင်္ဘောလမ်း = သင်္ဘောကြောင်း
ကုန်းလမ်း = ကုန်းကြောင်း
လက်ဝဲဘက် = ဗယ်ဘက်
လက်ယာဘက် = ညာဘက်
မျက်စိတစ်ဆုံး = မျက်စိတစ်သီးခရိတ်
မနက်စောစော = ခရီခရော
အသံမသေးကွဲ = ခသန်းခဝါ

# (၉) ရခိုင်စကားပြော အသုံးအနှုန်းများ

## (က)

| မြန်မာ | | ရခိုင် |
|---|---|---|
| ကျိုးကျိုးနွံနွံ | = | ခဇာ့ဝတ္တ(ခစားဝတ္တ) |
| ကြမ်းကြမ်းတမ်းတမ်းဆဲဆိုတယ် | = | အောက်သာခြင်းဆဲရေ |
| ကြိုးဒဏ်ပေးတယ် | = | ဖင်ချိတ်တိုက်တေ |
| ကစားကြတယ် | = | ကဇပ်ကြတ်တေ |
| ကပြောင်းကပြန် | = | ချလောင်းချလာ |
| ကားတိုက်တေ | = | မော်တော်အက်တေ |
| ကွဲအက်သွားတယ် | = | ပြိုက်လားခရေ |
| ကျပ်တယ် | = | ပျိုက်တေ |
| ကတိုက်ကရိုက် | = | တောင်တလောင်၊ မောင်တလောင် |
| ကိုယ်လက်မအီမသာ | = | ရောင်းသီရောင်းဖတ် |
| ကြောက်စရာ | = | ကကြောက်ထမန်း |
| ကတော့ကြတယ် | = | ရှိခိုးကြတ်တေ |
| ကြုံကြုံဖန်ဖန် | = | အအောက်စစပ် |
| ကသီလင်တ | = | ခပုတ်ခသီ |
| ကမြင်းကြောထတယ် | = | လလွတက်နီရေ၊ ဖဖြတ်တီးနီရေ |
| ကပိုကယို | = | မမြင်မအင် |
| ကြိမ်းသွားတယ် | = | ငြိုးလခရေ |
| ကလီကမာ | = | ကလိမ်ကကောက်၊ ဂလိမ့်ဂလိမ့် |
| စိတ်ကုတ်တေ | = | ကကုတ်ဆဆာ |
| ကတ်ကတ်သတ်သတ် | = | တတောက်ငငတ် |
| ကဲ့ရဲ့တယ် | = | သရော်ရေ |
| ကျီစားတယ် | = | မြှုရေ |
| ကံကောင်းလို့၊ ဘုရားမလို့ | = | အဖြင်းဖြင်း |

:lu;pay

# အသုံးချင်စကားနှင့်

| | | |
|---|---|---|
| ကြွားဝါနေတယ် | = | ဘောရိတ်ပိုက်နီရေ |
| ကြောက်ဒူးတုန်တယ် | = | ချနုန့်တုန်ရေ |
| ကန်တယ် | = | ကျောက်တေ |

## (ခ)

| | | |
|---|---|---|
| ခြေထိုးတယ် | = | ခင်ပိုက်တယ်၊ ခလိမ်ကျိုက်တေ |
| ခလေးကိုချော့ထားပါ | = | အသျှေကိုပျာထားလိုက် |
| ခြေမကိုင်မိ၊ လက်မကိုင်မိ | = | ခြီမကျ လက်မကျ |
| ခုတ်တယ် | = | ခွတ်တေ |
| ခြေပစ်လက်ပစ်လဲ | | |
| လျှောင်းနေတယ် | = | တုံးဂလုံးဖင်ဂလင် လဲနီရေ |
| ချင်မိချင်ရာလုပ်နေတယ် | = | ဗရဗရီလုပ်နီရေ |
| ခယတယ် | = | ခို့ဇပ်တေ |
| ခတောင်းကျိုက်တယ် | = | လောကျိုက်တေ၊<br>လဘော်ကျိတ်တေ |
| ခဏကလေး | = | တနားသျှေ၊ တအောင့်သျှေ |
| ခင်မင်ရင်းနှီးစွာ | = | အလူးဒလဲ |
| ချလပတ်လည်သွားတယ် | = | ကျလာဗလာမွိလခရေ |
| ချိုးချိုးဖွဲ့ဖွဲ့ပြောတယ် | = | ပိုးစိုးပက်စက်ပြောရေ |
| ခပ်ပြုံးပြုံး | = | ပပြုံသသွင်၊ ခပြုံခသွင် |
| ခပ်ကြီးကြီး | = | အကြီးမှာ့သန် |
| ရှိုးထုတ်တယ် | = | ဂိုက်ထုတ်တေ |
| ခဏခဏ | = | ခသွေလှဲ့သော့ ဂုလှဲ့သော့ |
| ခဲနှင့်ပေါက်တယ်၊ ပစ်တယ် | = | လက်ခတ်ပိုက်တေ၊<br>လက်ခဲပစ်တေ |
| ခြေခွင်သွားတယ် | = | ဂေါ်လီ ဂွါယာလားရေ |

&ci i o;lu

(ဂ)

| | | |
|---|---|---|
| ချောက်တွန်းတယ် | = | တောင်ဆင်းမရေ |
| ဂုံညင်းထိုးကြတယ် | = | ဒိုးကဇပ်ကြတ်တေ |
| ဂျမ်းပစ်တယ် | = | ဂျမ်းထိုးရေ |
| ဂျောက်ထိုးတယ် | = | ဂလန့်ခံရေ |

(ဃ)

| | | |
|---|---|---|
| ငုတ်တုတ်ထိုင်နေတယ် | = | ဆောင့်ခြောင့်ထိုင်နီရေ |
| ငယ်သံပါအောင်ဟစ်သည် | = | ကျွီးရေ |
| ငံတယ် | = | တတက်ငံ၊ ငံဒရေ |
| ငယ်သေးတယ် | = | အသျှေသိ |

(င)

| | | |
|---|---|---|
| စာမေးပွဲကျတယ် | = | စာစစ်ယှုရေ |
| စွပ်စွဲတယ် | = | ယိုးရေ |
| စည်းကမ်းမရှိ ထင်သလိုနေတယ် | = | ဘုံးဘောလဝေါနီရေ |
| စေးခိုင်းတယ် | = | စီစပ်တေ |
| စည်းမဲ့ကမ်းမဲ့ | = | ဗရမ်းဗက်ကျိ၊ ဖြန်းဖိကာရ၊ ဗရုတ်သုတ်ခ |
| စော်စော်ကားကား | = | ရွှန့်ဂီရွှန့်ဂါး |
| စပ်ပြုပြု | = | ကြဲဇီကြဲဇဲ |
| စိတ်မပါတပါ | = | ဖန်သီဖန်သတ် |
| စက်ဆုတ်ဘွယ်ရာ | = | ရွံကောင်းထမန်း |
| စကားပလီပလာပြောတယ် | = | ပလီစီချောက်ချက်ပြောရေ |
| စမ်းတဝါးဝါး | = | စမ်းဖိစမ်းဖန်း |
| စေးတယ် | = | ပျောင်းရေ |
| စော်စော်ကားကာ မလုပ်နှင့် | = | ယီးတီးယားတား မလုပ်ကဲ့ |
| စိတ်ပေါ့နေတယ် | = | စိတ်ယော့နီရေ |
| စိတ်ဆိုးနေတယ် | = | မာန်ပါနီရေ |
| စုံစမ်းတယ် | = | စနည်းနာရေ |

Epaay

| | | |
|---|---|---|
| စေ့စေ့စုံစုံ | = | အစိအဆန် |
| စိတ်ခုထားတယ် | = | အကောက်ကိုင်ရေ |
| စော်စော်ကဲကဲ | = | ငပြော်တတော် |
| စကားပြောကဲတယ် | = | စကပြောငြော်ရေ |
| စကားကြွယ်တယ် | = | စကားတတ်တေ |
| စကားတင်းပြောတယ် | = | အခြင်းပြောရေ |
| စကားစပ်စုတယ် | = | စကစရှာရေ |

(ဆ)

| | | |
|---|---|---|
| ဆင်ကန်းတောတိုး မလုပ်နှင့် | = | တောင်ဆင်ရကျ မလုပ်ကေ့ |
| ဆာတယ် | = | မွတ်တေ |
| ဆဲဆိုတယ် | = | ကေါ်ဆဲရေ |
| ဆူဆူညံညံဖြစ်နေတယ် | = | ကျီရောင်ဘာရောင်ခတ်နီရေ |
| ဆူဆူညံညံနေကြတယ် | = | သသောင်းကြီးရိုက်လို့ |
| ဆီမီးပူဇော်ကြတယ် | = | ဖရားမီးထွန်းကြတ်တေ |
| ဆန့်သေးတယ် | = | ကန်သိယင့် |
| ဆူဆူပူပူ လုပ်မနေနှင့် | = | ပူဆီပူဆာ လုပ်မနီကေ့ |
| ဆေးလိပ်တစ်ဖွာလောက် | = | တချိတ်လောက်၊ တတုတ်လောက် |
| ဆွမ်းဘုဉ်းပေးနေတယ် | = | ဆွားစားနီရေ |

(ဇ)

| | | |
|---|---|---|
| ဇောလွန်တယ် | = | ဗျာယကြီးရေ၊ ဇောကြီးရေ၊<br>လောကြီးရေ |
| ဇီဇာကျယ်တယ် | = | ဇဂါကျယ်ရေ၊ ဂျီးများရေ |
| ဇာဝီ | = | ဝက်အူ |
| ဇော်ဂျီတောင်ဝှေးပင် | = | ပြိုင်တောင်မွိပင် |

(ဈ)

| | | |
|---|---|---|
| ဈေးဦးပေါက် | = | ကန်တူကန်တာ |
| ဈေးကြီးတယ် | = | ခက်တေ |
| ဈေးပေါတယ်၊ ဈေးချိုတယ် | = | တန်ရေ |

| | | |
|---|---|---|
| ဈေးဝယ်သွားတယ် | = | စျီးပြုလားရေ |
| ဈေးဝယ်ပစ္စည်း | = | စျီးပြုဝန်ဆန် |
| ဈေးဆစ်တယ် | = | စျီးပြတ်တေ |

(ည)

| | | |
|---|---|---|
| ညည်းညူနေတယ် | = | ကြိုင်းနီရေ |
| ညစ်ပတ်တယ် | = | စုတ်ပွဲရေ |

(တ)

| | | |
|---|---|---|
| တကယ်လိုလို | = | အဟုတ်အဟတ်၊ အဟုတ်အဟန်း |
| တံမျက်လှဲသည် | = | အိမ်လှဲရေ |
| တဖြတ်ဖြတ်ခုန်နေတယ် | = | တတောက်ခုန်နီရေ |
| တကိုယ်တည်း | = | လုံးချင်းတေး၊ လုံးချင်း |
| တွန်းသည် | = | တိုးရေ |
| တပိုတပါးသွားတယ် | = | နောက်ဖေးလားနီရေ၊ တောလားနီရေ |
| တိုးတိုးပြောတယ် | = | တတိတ်သျှေပြောရေ |
| တော်ရုံတန်ရုံနှင့် | = | သင့်မိသင့်ရောင်နန့် |
| တမင်တကာ | = | တသီးတမန်၊ အတလိပ် |
| တဇောက်ကန်း | = | တစူးထိုး၊ ထိုးဂန်း |
| တစ်စတစ်စန္စမ်းလာတယ် | = | တဆတ်ဆတ်ပိလာရေ |
| တိုလီမိုလီ | = | အတိုအစ၊ ပစီကရာ |
| တောက်တိုမည်ရ | = | အစီဇပ် အပါဇပ် |
| တကူးတက | = | ကြကြိုးကြကြန်၊ ကြိုးစားမင်းစား၊ ကြိုးစားပန်းစား |
| တဖိတ်ဖိတ်တောက်နေတယ် | = | လလှဲခတ်နီရေ၊ လိတ်လက်ခတ်နီရေ |
| တိကျသေချာစွာ | = | စစိကကုတ်၊ ဖရစိတွင်းကျ |
| တွေ့ရာမြင်ရာ | = | တောင်စိဗရနန်း၊ ဆိတ်ဆောက်ကရောက် |

lu;pay

# အသျှင်စကားနွှ

| | | |
|---|---|---|
| တိုတိုတုတ်တုတ် | = | ပြွတ်တီးပြွတ်တောက် |
| တံထွေးထွေးတယ် | = | စွန်းသီးပိုက်တေ |
| စိုက်စိုက်မတ်မတ် | = | ဇရှုးစစိုက် |
| တားဆီးသည် | = | ဟန့်ရေ |

(ထ)

| | | |
|---|---|---|
| ထွေထွေရာရာ | = | ထွိမိထွိရာ |
| ထိတ်ထိတ်လန့်လန့် | = | ကကြောက်လလန့် |
| ထီပေါက်တယ် | = | လောင်ဘော်ပေါက်တေ |
| ထိတ်ချာ | = | ဂါလံဖျား |
| ထပ်တလဲလဲ | = | ယက်ပြတ်ယက်ပြတ်၊ ဂရိဂရိ |
| ထုံးတမ်းစဉ်လာ | = | အစိုင်အလာ၊ စလိဇလာ |

(ဒ)

| | | |
|---|---|---|
| ဒါဏ်ရိုက်တေ | = | ဒါဏ်တတ်တေ၊ အယေါ်ကျရေ |
| ဒန်းစီးနေကြတယ် | = | ယိုင်းထိုးနီကြတ်တေ |
| ဒင်းဒင်းပြည့် | = | ဘဘုန်းပြည့်၊ဒဗိုင်းပြည့် |
| ဒါးရှတယ် | = | ဒါးပြတ်တေ |
| ဒဒိုးဒေါက်ဒေါက် | = | မားကေမား ဝါးဂေဝါး |
| ဒုက္ခရှာလို့ | = | ဂရိဂထရှာလို့ |
| ဒုက္ခတွေ့တယ် | = | ရဟုဆိုက်တေ |

(န)

| | | |
|---|---|---|
| နှုတ်ကြမ်းတယ် | = | ပဇာ့ယုတ်တေ |
| နှုတ်သရမ်းတယ် | = | ပဇာ့မျှောက်တေ |
| နင်တို့တစ်တွေ | = | နင်ရို့တိ၊ အယိုးရို့၊ ဟေရို့ |
| နောက်ထပ်နည်းနည်းပေး | = | အရာတစ်စိသျှေပီး၊ စကေသျှေပီး |
| နီနီရဲရဲ | = | ကျာကျာရဲ၊ တစ်တွတ်နီ၊ ရရဲတစ်တောက် |
| နမော်နမဲ့ | = | နမိနမော၊ မောဘိမောသတ် |
| နှေးတယ် | = | ကြာရေ |

| | | |
|---|---|---|
| နှမ်းတယ် | = | ညောင်းရေ |
| နှလုံးမြေကျထိုင်နေတယ် | = | ပပိထိုင်နီရေ |
| နီးနီးကပ်လို့ | = | တတက်ကပ်လို့ |
| နတ်ပေဒင်မေးတယ် | = | ဆန်ခွက်ကြည့်ရေ |
| နှိပ်စက်တယ် | = | ညှို့ဆဲရေ |

(ပ)

| | | |
|---|---|---|
| ပါရှိသမျှပစ္စည်း(ကုန်) အကုန်လုံးဝယ်တယ် | = | ချွတ်တေ |
| ပက်လက်အိပ်တယ် | = | ထလန်းဂါးအိပ်တေ |
| ပြောင်ချော်ချော်ရုပ် | = | ပြုတ်မနူးရုပ် |
| ပြေပြေပြစ်ပြစ် | = | ပပိုက်နန့်ိုက် |
| ပျာလောင်ခတ်နေတယ် | = | ယောက်ယက်သတ်နီရေ |
| ပိန်ပိန်ပါးပါး | = | ရှိုးဇီရှိုးဇောက် |
| ပွက်ပွက်ဆူနေတယ် | = | ကျွကျွတ်ဆူနီရေ |
| ပြုစားတယ် | = | ဆီးပြုရေ |
| ပြုံးပြုံးသွင်သွင် | = | ခပြုံးခသွင်၊ ပြုံသိပြုံသွင် |
| ပွဲချင်းပြီးသေတယ် | = | ဂွင်ဒိုက်သီရေ |
| ပိုးပန်းကြတယ် | = | နောက်ပိုးချကြတ်တေ |
| ပူပူနွေးနွေး | = | ပပူလလောင် |

(ဖ)

| | | |
|---|---|---|
| ဖာသိဖာသာ | = | ဖာသာလဝါ |
| ဖဲရိုက်ကြတယ် | = | ဖဲကဇပ်ကတ်တေ |
| ဖောက်ပြားတယ် | = | ယှောက်ခိုးရေ |
| ဖွေးဖွေးဖြူ | = | ဖဖြူဆွဲဆော့၊ အဆွတ်ဖြူ ဖဖြူဆဆွတ် |
| ဖြစ်ကတတ်ဆန်း | = | ဟရှုဘရှု၊ ဖာလီဖာလာ |
| ဖရိုဖရဲ | = | ဖောလီဖောလော |

# အသျှင်စက္ကိန္ဒ

| | | |
|---|---|---|
| ဖြောင့်ဖြောင့်တန်းတန်း | = | ဖဖြောင့်တတန်း၊ ဖဖြောင့်သဘက် |
| ဖြန်ဖြေတယ် | = | ဖျိုင်ရေ |
| ဖားနေတယ် | = | ကပ်ပီကပ်ပါးလုပ်နီရေ |

(ဗ)

| | | |
|---|---|---|
| ဗေဒင်မေးတယ် | = | ဝှရားဘွတ်တေ |
| ဗလိနတ်စာကျွေးတယ် | = | အချိုပွဲ၊ အချိုင်ပွဲဆက်တေ |
| ဗလိနတ်ပသတယ် | = | နတ်တင်ရေ |

(ဘ)

| | | |
|---|---|---|
| ဘယ်တော့ပြီးမှာလဲ | = | ဇာခါကျိဖွိုလဲ |
| ဘေးသင့်တယ် | = | ဖိုးကျရေ |
| ဘုဉ်းသွားတယ် | = | မြှင့်လခရေ |
| ဘွင်းဘွင်းပြောတယ် | = | ပြောင်ပြောရေ |

(မ)

| | | |
|---|---|---|
| မောပန်းတယ် | = | ညောင်းရေ |
| မျက်နှာထားတင်းတင်းနဲ့ | = | မျက်ကြောတတင်းနန့် |
| မွဲပြာတယ် | = | ဖွဲ့ရာကျရေ၊ ပြာချီးကျရေ |
| မေ့လျော့နေတယ် | = | မိန့်နီရေ |
| မျက်နှာသာရအောင်လုပ်တယ် | = | စော်ရမော်ရလုပ်နီရေ၊ ရွှံ့ကီရွှံ့ကောလုပ်နီရေ |
| မပိုမလျှော့တိတိကျတယ် | = | တံသုန်းတိုက်ကျရေ၊ တံသီးတိုက်ကျရေ |
| မနိုင့်တနိုင် လေးလေးပင်ပင်ထမ်းလာတယ် | = | ချပါသပါထမ်းလာရေ |
| မလိမ့်တပတ် | = | မဟောက်တကွန့်နန့် |
| မွေးစားတယ် | = | မွီးစပ်တေ |
| မန်းမှုတ်တယ် | = | မန္တရားမန်းရေ |
| မတ်တတ်ရပ်လိုက် | = | ရပ်စောက်ဆောက်လိုက် |
| မလေးမခန့် | = | မထိတထိ၊ မအို့လီအို့လီ |

| | | |
|---|---|---|
| တီတီတာတာလုပ်နေတယ် | = | ပွတ်ချိပွတ်ချက်လုပ်နီရေ |
| မဟုတ်လျှင် | = | မသာဂါဂေ |
| မဟုတ်မှလွဲရော | = | မဟုတ်ကေနီလီဖို့ |
| မဟုတ်တဟုတ် | = | တောက်တီတောက်တောက်၊ အလေးဘလေး၊ ဘော်လီဘော်လာ |
| မှေးတယ် | = | ငိုက်တေ |
| မအောင်မြင် | = | ယှူရေ |
| မဆီမဆိုင်ပြောတယ် | = | ဖောက်ဆီဖောက်ဆပ်ပြောရေ |
| မဆန့်တော့ဘူး | = | မကန်ဗျာယ် |
| မည်းမည်းကြီး | = | မမဲတတုတ်၊ တတုတ်မဲ |
| မှေ့မှေ့လျော့လျော့ | = | မောသီမောသတ် |
| မနီးမဝေး | = | မဝီးမပါး |
| မောမောပန်းပန်း | = | ညညောင်းညညာ |
| မျက်စိလည်သွားတယ် | = | အရပ်လည်လာရေ |
| မိုးပက်တယ် | = | မိုးဖြူခရ |
| မရိပ်စား၊ မရိပ်မိ | = | အရိပ်မကျ |
| မျှောတယ် | = | မျှိုးရေ |
| မျိုးဆက်စဉ်လာ | = | ဘိုးစဉ်ဘောင်ဆက် |
| မျိုးချုပ်လာတယ် | = | နီဝင်လာရေ |
| မယောင်မလည် | = | မဟုတ်လီဟုတ်လီ |
| မမေးမစမ်းအရမ်းဘဲ | = | ပရီမစိုက်နရီမစိုက် |
| မတ်စောက်တက်ရတယ် | = | ရင်ကန်တက်ရရေ |

## (ယ)

| | | |
|---|---|---|
| ယမင်းရုပ်လို | = | ညမင်းသွေ့ပိုင် |
| ယနေ့တိုင် | = | ဒေနိန့်ထိ၊ အေဂနိန့်ထိ |
| ယောင်လည်လည် | = | ယောင်တိယောင်တောင် |
| ယိမ်းယိမ်းယိုင်ယိုင် | = | ဖြားသီးဖြားသတ် |
| လှုပ်လှုပ်ရှားရှားများတယ် | = | ယောက်ယက်ခတ်တေ |

# အသျှင်စက္ကိန္ဒ

## (ရ)

| | | |
|---|---|---|
| ရေပက်တယ် | = | ရီလောင်းရေ |
| ရှာလုံးကျွတ် | = | ရှာဟုံ |
| ရှေးရှေးတုန်းက | = | အယင်ခေါက်တစ်ခါ |
| ရင်ထုမနာ | = | ရင်ဆာရေ |
| ရှေ့နေငှားတယ် | = | အောက်ကျိုကိုင်ရေ |
| ရှုပ်ရှုပ်ထွေးထွေး | = | ဗလပွိသချာလိုက်နီရေ၊<br>ခြူခြာသတ်နီရေ |
| ရှူးပေါ်ပေါ် | = | ပေါ်ချီပေါ်ချာ၊ ရှူးတီးရှူးတား၊<br>ခပေါ်သွီခပေါ်သွပ် |
| ရိုးရိုးဘဲ | = | ဖဖြောင့်ဗျာတ် |
| ရှေ့ဆိုင်၊ ရင်ဆိုင်တွေ့ကြတယ် | = | ထက်ပက်တွိကြတ်တေ |
| ရှေ့ဦးစွာကပင် | = | ပွိလာဦးကပင် |
| လျှောက်လည်နေကြတယ် | = | ယောင်နီကြတ်တေ |
| ရမ်းကားနေတယ် | = | ခြူနီရေ |
| ရုတ်တရက် | = | ဖြတ်ခနဲ၊ ပရုန်းနရုန်း |
| ရှင်းရှင်းလင်းလင်း | = | ပပြတ်သသား |
| ရုံဖန်ရုံခါ | = | တစ်ခါတစ်ရုံ၊ ရုံဖိရုံခါ |

## (လ)

| | | |
|---|---|---|
| လမ်းခရီးမသိ | = | လမ်းမသိစမ်းမသိ |
| လက်ထပ်ပေးစားတယ် | = | ပဇပ်တေ |
| လှေ့လှော်တယ် | = | တက်ခတ်တေ၊ ပင်းတန်းခတ်တေ |
| လိမ်ပြောတယ် | = | ညာရေ၊ ဝါရေ |
| လေးလေးလံလံထမ်းလာတယ် | = | လလီးဖဖင်ထမ်းလာရေ |
| လက်သရမ်းတယ် | = | လက်မျောက်တေ |
| လက်ပန်းခြေပန်းကျသွားတယ် | = | လက်သီခြီသီဖြစ်လခရေ |
| လူတတ်လိုလို၊ လူပါးလိုလို | = | တတ်ယောင်ကား၊ နပ်ယောင်ကား |
| လွှင့်နေတယ် | = | ရွှင့်နီရေ |

လေလံပစ်တယ် = ညလင်တင်ရေ

လူတွင်ကျယ်လုပ်တယ် = လကျယ်လုပ်တေ

လူလိုသူလို = လူပိုင်သျှင်ပိုင်

လန့်ဆန်ကျတယ် = ဖလိဖလာကျရေ

(ဆန့်ကျင်ဖက်ကျ) = ဝွဒီဝွဒိုက်ကျရေ

လိုလိုမယ်မယ် = လိုတောင့်မင်းတ၊ ဆယ်ရိတ်တရိတ်၊ ကိုးရိတ်တစ်ရာ

လုံးခြုံငှားတယ် = ထိန်းဂါးငှားရေ

လူသိရှင်ကြား၊ လူမြင်ရှင်မြင် = ပပြောင်တတောက်၊ ပပြင်တတက်

လိုက်လိုက်လျှောလျှော = လလိုက်ခခင်

လိမ်ညာဏ်နှောတယ် = ကုက္ကုစ္စစိတ်နန့်

လတ်တလော = ပခန့်နခန့်၊ ပခတ်နခတ်၊ ပရှန်းနရှန်း

လက်သီးနှင့်ထိုးတယ် = ပိတ်သတ်တေ

လူကြုံပါးလိုက်တယ် = ဆောင်းပါးထည့်လိုက်တေ

လူမြင်မတော် = အမြင်မကောင်း

လူပါးဝတယ် = အနပ်ရွှန်ရေ၊ နပ်ယောင်ကားရေ

လေထဲတွင်တိုက်ဆောက်နေတယ် = ဘိန်းစားစိတ်ကူးကူးနီရေ

(ဝ)

ဝိုင်းဝန်းဆော်ကြတယ် = ဝိုင်းသတ်ကြတ်တေ

ဝင့်လည်တယ် = ဝင့်လိုက်တေ

ဝတ်လစ်စလစ် = လင်းကြဲ

ဝိုးတဝါး = မမှုန်ချေ၊ မမှတ်မိပိုင်၊ မှတ်မိပိုင်

ဝမ်းမြောက်တယ် = ဝမ်းသာရေ

ဝန်ချတယ် = အမှားခံရေ

ဝေယျာဝစ္စများတယ် = ဝေစိကိစ္စာများရေ၊ ဝေယျာကိစ္စ များရေ

Cpaay

# အသျှင်စက္ကိန္ဒ

## (သ)

သွယ်ဝိုက်ပြောတယ် = အရိပ်ချပြောရေ
သေးငယ်တယ်၊ သေးသေးလေး = ပိစိကနားသျှေ၊ မှုန့်စိကနာသျှေ
သုတ်သီးသုတ်ပြာ = အလောသုံးဆယ်
သိပ်ကပ်စေးနဲတယ် = ကကောင်းစိကုတ်တေ၊
ကကောင်းပွန်ရေ
သိပ်စပ်စုတယ် = စိရာနှမြှောလိုက်တေ
လေလွင့်နေတယ် = ဆပွတ်သတ်နီရေ။ ရွှင့်ပြာသတ်နီ
ရေ၊ လတားခတ်နီရေ
သိပ်နွမ်းတယ် = ကကောင်းရိရေ၊
ကကောင်းညင်ရေ
သဘော်ဆေးသုတ်ထားတယ် = ရောင်ကျိုင်ထားရေ
သွားပုတ်လေလွင့်ပြောနေတယ် = ဂါနန်ကုတ္တရပြောရေ
သိပ်ပါးတဲ့ခလေး = ကကောင်းနပ်တေအသျှေ
သိပ်ဆော့တဲ့ခလေး = ကကောင်းယှုတ်တေ
(ကကောင်းသဲရေ) အသျှေ
သေသေချာချာ = စစိနန့်
သံသယမကင်း = မတူဒရှုတွိရေ
သိပ်ချည်တယ် = တတက်ချိုင်ရေ
သိပ်ဇီဇာကျယ်တယ် = ကကောင်းအဆာကျယ်ရေ
သီချင်းဆိုတယ် = တေးခြင်းဆိုရေ
သိပ်တော်တဲ့လူ = အာဂ့ါသား၊ အာဂ့ါလူ
သတ္တိရှိတယ် = ဝံ့ရေ
သိပ်ပူတယ် = ကကောင်းအိုက်တေ
သေတူရှင်အမျှ အားကိုးရတယ် = သီတူရှင်ဖက်ရရေ

## (ဟ)

| | |
|---|---|
| ဟစ်အော်တယ် | ဟောရေ |
| ဟဲ့ကောင် | အဝေ၊ အဝေး |
| ဟောက်တယ် | ငေါက်တေ |
| ဟောက်တယ်(အိပ်စဉ်) | မွှန်ရေ |
| ဟေ | အဝေး၊ ဟဲ့၊ ဟိုက် |
| ဟန်နှင့်ပန်နှင့် | ဂိုက်နန့်ဆိုက်နန့် |
| ဟန်ပြတယ် | ဗန်းပြရေ |
| ဟုတ်သလိုလို | ဟုတ်တိပတ်တိ |
| ဟိန်းသွားတယ် | ဟုန်လခရေ |
| အခက်အခဲကြုံရတယ် | ဟေးလမားသတ်တေ |

## (အ)

| | |
|---|---|
| အရိပ်အကဲသိတယ် | မျက်နှပိုးသိရေ |
| အလွန်တရာ | အယျှတရာ(ရေအနက်၊ ကုန်းမြင့်တွင်သုံးသည်) |
| အစားပေးတယ် | တက်စားပီးရေ |
| အစဉ်အခါတိုင်း(မပြတ်ခါခါ) | ယက်ပြတ်၊ ရက်ဖြတ် |
| အဆိုးအပျက် | ဘင်းဂါသတ် |
| အီပေါက်တယ် | ချီးပေါက်တယ် |
| အီးပါတယ် | ချီးစိုက်တယ် |
| အရမ်းကာရော | ဒရောင်းဆရောင်း၊ ရုန်းရင်းဆံခပ်၊ အကြမ်းပတမ်း |
| အရမ်းဗလန်း | ကြမ်းတီကြမ်းတိုက်၊ ဒရူးဗရူး |
| အလိမ္မာရှိတယ် | ဖောက်နှစ်ပြည့်ရေ |
| အနှောင့်အရှက်ပေးမနေနှင့် | ဂရုတ်ဂယျုတ်လုပ်မနီကေ့ |
| အမူလုပ်တယ် | ဟန်ထုတ်တေ |

ay

# အသျှင်စက္ကိနွ

| | | |
|---|---|---|
| အဆက်မပြတ်ပြောနေတယ် | = | တတွတ်တွတ်ပြောနီရေ၊ |
| | | စကဆန်ရှည်နီရေ၊ ကာနံ့ရှည်ရေ၊ |
| | | ကာနုံများရေ |
| အန့်တုတယ် | = | ကလန်ကဆန်လုပ်တေ |
| အံကိုက်နေလိုက်ရတယ် | = | ပဇီကိုက်နီလိုက်ရရေ |
| အလျှော်ပေးရတယ် | = | ဘင်းဂျီဖောက်ကျီကျရေ |
| အရက်မူးတယ် | = | အရက်ယစ်တေ |
| အနည်းငယ် | = | တစ်သျှေ၊ စကေသျှေ၊ အနဲသျှေ |
| အလျှင်းမလုပ် | = | နနုန်မလုပ်၊ တစိကေလဲ့မလုပ် |
| အရသာမရှိ ပေါ့ပျက်ပျက် | = | ပပေါ့သသော့ |
| အပုတ်နံ့လှိုင်နေတယ် | = | ဟောင်ရေ |
| အလကားဖြစ်သွားတယ် | = | ဗလချိဗလချာ ဖြစ်လခရေ |
| အပေါ့စား | = | ဖန်တာကျီ |
| အပေါ်ယံ | = | အထက်ပေါ်ရီ |
| အကြောက်ကြီးကြောက်လို့သာ | | |
| နေရတယ် | = | ကြောက်ကြီးသံဖက်ကျလို့ရာ |
| | | နီရရေ |
| အရောအနှောသာ(မျိုးနွယ်) | = | ဗန်ဒီဗန်ဒတ်ရာ |
| အလျင်အမြန် | = | အယင့်အယင့်၊ အယင်ဗယင် |
| အမယ်လေးဗျာ | = | အဘာလေးဝေး |
| အ တယ် | = | နရေ |
| အောက်ခြေလွတ်သွားတယ် | = | မြင့်ဂါသတ်လခရေ |
| | | အာဂါလီဆောင်ရေ |
| | | ဘောင်းဇောက်တက်လခရေ |
| အတော်ကြီးတယ် | = | အင်တန်ကြီးရေ |
| အ ပေါ့သွားတယ် | = | သရေပေါက်တေ၊ |
| | | အာဘောလားရေ |
| အခိုင်ခိုင်သီးတယ် | = | အပြွတ်ပြွတ်သီးရေ |

&clio;lu;p

| | | |
|---|---|---|
| အဆင်သင့် | = | အလိုက်သင့် |
| အတော်ပဲ | = | အတန်ဗျောတ် |
| အရိပ်အခြည်ကြည့်နေတယ် | = | ဇိုင်းကြည့်နီရေ |
| အကွက်ရှာနေတယ် | = | ဂျက်ချောင်းနီရေ |
| အစားမက်တယ် | = | အစားရှုပ်တော |
| အေးအတူပူသမျှ | = | သာကေလဲစံ နာဂေလဲခံ |
| အထေ့အငေါ့နှင့် ပြောတယ် | = | အချိတ်အကောက်နန့် ပြောရေ |
| အကဲခတ်နေတယ် | = | အရိပ်ချကြည့်နီရေ |
| အလုပ်ရများတယ်၊ | | |
| ဇီဇာကျယ်တယ် | = | ဇကာကျယ်ရေ၊ ပဇိပဆာများရေ |
| အရောင်းကောင်းတယ် | = | စွန်ရေ |
| အကြိမ်ကြိမ်သွားတယ် | = | အခေါက်ခေါက်လားရေ |
| အော်ဟစ်ဆူနေကြတယ် | = | ကျကျက်ကြီးရိုက်လို့ |
| အားကူပေးနေတယ် | = | လီလွှတ်နီရေ |
| အစည်းအဝေးပြုလုပ်တယ် | = | မိတ်တိန်တိုင်ရေ |

ဖော်ပြပါ ဝေါဟာရများ၊ နေ့စဉ်ပြောစကားများနှင့် ယနေ့မိမိတို့ပြောဆိုနေကြသော ဝေါဟာရအသုံးအနှုန်းများနှင့် နေ့စဉ်ပြောစကားများကို ယှဉ်နှိုင်းလျက် မည်ရွေ့မည်မျှ ပြောင်းလွဲပြောဆိုနေကြသည်များကို သတိပြုကြစေလိုသည်။

u;pay

အသျှင်စက္ကိန္ဒ

# (၁၀)စကားစပ်၊ စကားတွဲများနှင့် ရခိုင် – မြန်မာ အသုံးအနှုန်းယှဉ်နိုင်းပြချက်များ

| စကားတွဲ | မြန်မာ | ရခိုင် |
|---|---|---|
| နံဘေး | ဘေးချင်းယှဉ်သွားကြတယ် | နံချင်းပြိုင်လားကြတ်တေ |
| ဆိုက်ကပ် | သင်္ဘောဆိုက်ပြီလား | သင်္ဘောကပ်ပလား |
| ဆိုက်ရောက် | သင်္ဘောဆိုက်ပြီလား | သင်္ဘောရောက်ပလား |
| မူးယစ် | အရက်မူးလာတယ် | အရက်ယစ်လာရေ |
| သွားလား | ဘယ်သွားသလဲ | ဇာလားလဲ |
| ဘဇာ | ဘာဖြစ်သလဲ | ဇာမြစ်လဲ |
| ရိုက်သတ် | ဆရာကသူ့တပည့်ကို ရိုက်တယ် | ဆရာသူ့တပည့်ကို သတ်နီရေ |
| ဆူပူသောင်းကြမ်း | ဆူဆူပူပူမလုပ်ကြပါနှင့် | မသောင်းကျန်းကတ်တဲ့ |
| အေးချမ်း | သိပ်အေးတယ် | ကကောင်းချိုင်းရေ |
| ဆူညံ | သိပ်ဆူတာပဲ | ကကောင်းညံရေကာ |
| စိုစွတ် | လုံချည်ရေစိုနေတယ် | ဒယောရီစွတ်နီရေ |
| လျှော်ဖွပ် | အဝတ်လျှော်နေတယ် | အဝတ်ဖွပ်နီရေ |
| ဆူဝ | သိပ်ဆူတာပဲ | ကကောင်းဝရေကာ |
| ပိန်ကြုံ | သူသိပ်ပိန်တယ် | သူကကောင်းကြုံရေ |
| တစွန်းတစ်စ | အစွန်းထွက်နေတယ် | အစထွက်နီရေ |
| မွဲပြာ | သူသိပ်မွဲသွားပြီ | သူပြာချီးကျလခဗျာတ် |
| တိမ်းစောင်း | ဘယ်ဘက်တိမ်းနေတယ် | ဘယ်ဘက်စောင်းနီရေ |
| ယိမ်းယိုင် | တစ်ဘက်ကို နည်းနည်း ယိမ်းနေတယ် | ယိုင်နီရေ |
| တိုင်းတာ | ဘယ်လောက်ဝေးတယ်၊ တိုင်းကြည့် | ဇာလောက်ဝီးလေတာကြည့် |

| | | |
|---|---|---|
| တည်ဆောက် | ထမင်းအိုးတည်ထားတယ် | ထမင်းအိုး ဆောက်ထားရေ |
| ပါးနုပ် | ဒီကောင် သိပ်ပါးတာပဲ | အေသူက ကောင်းနုပ်တေ |
| စုပုံ | အစုလိုက်ထားတယ် | အပုံလိုက်ထားရေ |
| နီးပါး | အနီးမှာရှိတယ် | အပါးမှာဟိရေ |
| ရွေးကောက် | အကောင်းဆုံးရွေးယူတယ် | ဂေါင်းခေါက်ကောက်ယူရေ |
| ဝန်ပစ္စည်း | ပစ္စည်းတွေပါလာတယ် | ဝန်တိပါလာရေ |
| ကွေးကောက် | ဒီတိုင် နည်းနည်းကွေးတယ် | အေတိုင်တစိသျှေကောက်တေ |
| ကန်ကျောက် | ဘောလုံးကန်နေကြတယ် | ဘောလုံးကျောက်နီကတ်တေ |
| ထပ်ဆင့် | အိမ်အပေါ်ထပ် | အိမ်အထက်ဆင့် |
| ဝမ်းဗိုက် | ဗိုက်နာတယ် | ဝမ်းခဲရေ |
| ရပ်တန့် | ကားရပ်နေတယ် | မော်တော်ကားတန့်နီရေ |
| ချောလှ | ဒီမိန်းမသိပ်ချောတယ် | ဒေမမာ့ကကောင်းလှရေ |
| ကာဆီး | ဝင်းထရံဆီးထားတယ် | တပ်ကာထားရေ |
| လိမ်ညာ | လိမ်သွားတယ် | ညာလခဲ့ရေ |
| နွမ်းရိ | သိပ်နွမ်းတယ် | ကကောင်းရိရေ |
| တိုးတိုးတိတ်တိတ် | တိုးတိုးလေးပြောတယ် | တိတိတ်သျှေပြောရေ |
| ကွင်းပြင် | လယ်ကွင်းဆင်းသွားကြတယ် | လယ်ပြင်ကိုလခဲ့ကြတ်တေ |
| လျှင်မြန် | သိပ်မြန်တာပဲ | ကကောင်းလျှင်ယင့် |
| ယောင်လည် | လျှောက်လည်နေကြတယ် | ယောင်နီကြတ်တေ |
| ညှိုးနွမ်း | ဒီပန်းတွေနွမ်းသွားပြီ | အေပန်းတိညှိုးလခဗျာယ် |
| ဆာမွတ် | ထမင်းဆာတယ် | ထမင်းမွတ်တေ |
| ဟောင်းနွမ်း | ဒီလုံချည်နွမ်းသွားပြီ | ဒေဒယောဟောင်းလခဲ့ဗျာယ် |
| သင်းကြိုင် | အမွှေးနံ့တွေသင်းနေတယ် | အမွှီးနံ့တိကြိုင်နီရေ |

ယင်းသို့ စကားတွဲများတွင် မြန်မာစကား၊ ရခိုင်စကားပြောရာတွင် ကွဲခြားပြောသည်များလည်းရှိရာ၊ သိရှိနိုင်ကြစေရန် အနည်းအကျဉ်းဖော်ပြလိုက်ခြင်းပင် ဖြစ်ပါသည်။

;pay

# (၁၁) စစ်တွေအာဝဘာက်နှင့်

## ကျောက်ဖြူ – ရမ်းဗြဲ ပြောစကားများ

| မြန်မာ | အဝစစ်တွေဘာက် | ကျောက်ဖြူရမ်းဗြဲ |
|---|---|---|
| ဘာလဲ | ဇာလဲ၊ ဇာချင့်လဲ | ဇာရောင်၊ အစွာရောင် |
| ဤဟာ၊ ထိုဟာ | အေချင့်၊ ယင်းချင့် | အေဟာ၊ယန်းဟာ |
| ငါတို့ | ငရို့ | ငယို့၊ အဒို့ |
| အနည်းငယ် | တစိသျှေ၊ တဆိသျှေ | စကေသျှေ |
| ထံမှ | ပါးက၊ ဗက်က | ဗတ်က၊ ဖက်က |
| ဤလို၊ ဤကဲ့သို့ | အေးချင့်ပိုင် | အေပိုင်ချောင်၊ ယင်းပိုင်ချောင် |
| ပြီးပြီ | ပြီးဗျောတ်၊ပီးဗျောတ် | ပြီးယာ၊ ပီးယာ |
| ဘယ်သွားသလဲ | ဇာလားလေ | ဇာ(အစွာ)လားရောင် |
| ဘယ်လိုလဲ | ဘဇောင်ချင့် | အစော်ပိုင်သျှောင် |
| ဘယ့်နှယ့်လဲ | ဇာပိုင်လေချင့် | ဇာပိုင်သျှောင် |
| ဘယ်လိုလုပ်တာလဲ | ဘဇောင်လုပ်တေ<br>ဇာပိုင်လုပ်တေလေချင့် | အစော်ပိုင်လုပ်ရောင်၊<br>ဇာပိုင်ချောင်လုပ်ရောင် |
| ဒီအတွက်ကြောင့်နှင့် | ယေဇူနန့် | အေပိုင်ချောင်နန့် |
| ဒါပေမယ့် | ယေဂေလဲ့ | ယေဒါလဲ့ |
| ဒီလိုဆိုယင် | အေပိုင်ဆိုဂေ | ဒေပိုင်ချောင်ဆိုယင် |
| နောက်ပြီးတော့ | အေပြီးကေ | ယေပြီးကေ |
| ဒီလိုဖြစ်လို့ | အေပိုင်ဖြစ်လို့ | ဒေပိုင်ချောင်ဖြစ်လို့ |
| မှန်ပါတယ် | ဟုတ်ပါရေ၊ ဟုတ်ပါယင့် | ဟုတ်ပါယန့်၊ ဟုတ်ကဲ့ |
| ရှိပါတယ် | ယှိ၊ ဟိပါရေ(ပါယင့်) | ယှိ၊ ဟိပါယန့် |
| ရမည်မဟုတ် | ရဖို့မဟုတ်(မဟောက်) | ယဖို့မဟုတ် |
| ဒါကြောင့် | အေဇူနန့်၊ အေအတွက်နန့် | အေပိုင်ချောင်နန့် |

| | | |
|---|---|---|
| သိပ်ကောင်းတယ် | ကကောင်းကောင်းရေ | ကောင်းကောင်းရေ |
| သိပ်နွမ်းတယ် | ကကောင်းရိရေ | ကောင်းရိရေ |
| သိပ်မောတယ် | ကကောင်းညောင်းရေ | ကောင်းညောင်ရေ |
| ပြီးလျှင် | ပြီးဂေ၊ ပီးဂေ | ပီးဂေ |
| လိုသေးတယ် | လိုသိရေ | လိုသိရေမတာ |
| ထမင်းစားပြီးလား | ထမင်းဈားဗျောတ်လား | ထမန်း၊ဟမန်းစားယာလား |
| ကျန်းမာပါရဲ့လား | မာဂတ်ယင့်လား၊ မာပါယင့်လာ | မာမာမနား |
| မြန်မြန်လာ | အယင်လာလတ် | အယန်လာ |
| ဘာဟင်းနဲ့စားသလဲ | ဇာငါးနန့်စားလဲ | အစော်ဟန်းနန့်စားရောင် |
| အဲပေ့ါ | အေမနားယေ | အေမကောင် |
| စားကြစို့ | စားကြတ်မေ | စားမ |
| မှန်ပါတယ် | ဟုတ်ပါယင့်၊ ဟွာရာ ဟွာရာ | ဟုတ်ပါယန့် |
| နင်တို့ | နင်ရို့၊ အယိုးရို့ | နန်ရို့ |

ချို့ယွင်းချက်များရှိကောင်း ရှိနိုင်ပါမည်။ ဤသည်များကို သည်းခံကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

uay

# (၁၂) ဘာသာခြား စကားသံများမှတစ်ဆင့် ဆင်းသက်လာသော ရခိုင်ဝေါဟာရများ

| မြန်မာ | | ရခိုင် |
|---|---|---|
| အကြွေး | = | ဒါဒေါင် |
| အပိုဆာဒ | = | လက်ဖား |
| အပိုဆုပေးသည် | = | ဘောက်သီးပီးရေ |
| အလျှော်ကျတယ် | = | ဘင်းဂျီကျရေ |
| ကြိမ်ခွေးခြေ | = | မော်ရာ |
| စွပ်ကျယ် | = | ဂင်ဇီပါရာ |
| အနွေးထည် | = | ဂရောင် |
| ဂွမ်းထည် | = | ဖာလာလီ |
| လုံးခြုံငှားတယ် | = | ထိန်းကာငှားရေ |
| အပျက် | = | ဘင်းဂါ |
| မျက်နှာသုတ်ပုဝါ | = | တောက်လီယာ |
| ပန်းကန်ပြား | = | ပျာလာ |
| ပန်းကန်လုံး | = | ဟင်းဇား |
| ချိန်ခွင် | = | ဖလီ |
| တံခါးပတ္တာ | = | ကပီဇာ |
| ငွေတစ်ကျပ် | = | တန်းကားတပြား |
| တစ်ပဲ | = | တအာဏာ |
| ပိုက်ဆံ | = | ပွိုသာ၊ ပွေသာ၊ ပွိုယှာ |
| ကတ္တရာစေး | = | ဒုံနာ |
| လက်ဆွဲရေပုံး | = | ဘာလာတီ၊ ဘတ်လဒိန် |
| ဦးထုပ် | = | တောက်ကျာ |
| ဘိန်းထရံ | = | ဇောလီ |
| ရဲကြပ် | = | သရဇင် |

| | | |
|---|---|---|
| ရဲအုပ် | = | ဒါရာကာ |
| သစ်မျိုးအုပ် | = | အပ္ပကာရီ |
| ရဲဝန် | = | ကတ္ထင် |
| သဘော်သား | = | ခလာချိတ် |
| လှေသူကြီး | = | သိုက်ရင်း |
| ရေထမ်းသမား | = | ပါနီဝါလား |
| ငွေကိုင်စာရေး | = | ခဒင်သီး |
| ဖိနပ်ချုပ်သမား | = | ဂျောင်ဂျီ |
| ဥယျာဉ်မှူး | = | မာလီ |
| မင်းစေ | = | ပျာတာ |
| အပ်ချုပ်သမား | = | ဒရဇီ |
| မြေရှင် | = | သော်တလီ |
| မိလ္လာသိမ်းသမား | = | ဟာရီ |
| လူမွဲ | = | ဖွဲရာ |
| ညစောင့် | = | ဒရဝန် |
| ပိတ်ကြမ်း | = | ဂါတာ |
| စောင် | = | ကူဘောင်၊ ကုန်ဘောင် |
| ဘိဒို | = | အန္တမာရီ၊ အန္တဘာရီ |
| ပဲကြော် | = | ဘယာကျော် |
| ရှာလကာရည် | = | မနီကာရည်၊ သနပတ်ရည် |
| ကုလားပဲခြမ်း | = | ဒန့် |
| ရေနုတ်မြောင်း | = | နာလာ |
| အညစ်အကြေး | = | မိလ္လာ၊ ဂျီးလာပုတ် |
| ကတ္တူ | = | ဇာလီဘုတ် |
| လှည်း | = | ဂါရီ |
| လှည်းမောင်းသမား | = | ဂါရီဝါလာ |
| အထည်ပါး | = | လင်ဒရီ |
| အလုပ်သမားခေါင်း | = | ကူလီဂေါင်း။ မာဇီ |

u;paay

# အသျှင်စက္ကိန္ဒ

| | | |
|---|---|---|
| အထမ်းသမား | = | ဘရိဝါလာ |
| အရာရှိကြီး | = | ဆာဗေ |
| နို့ဒိန် | = | မက်ခေါင်၊ မောက်ခေါင် |
| နို့ဒိန်ရည် | = | ဒွိုင် |
| နို့ဒိန်မုန့် | = | စာနာပရာ၊ ရော်ချောင်းဂူလာ |
| သင်္ဘောဆေး | = | ရောင်ဆီ |
| ကြမ်းခင်း | = | ဒေါင်တမာ |
| ရှပ်အင်္ကျီရှည် | = | ကာမိတ် |
| အပေါ်အင်္ကျီ | = | ဗရတ်စတာ |
| ကုတ်အင်္ကျီ | = | ဘလေဇာ |
| ဆေးခြောက် | = | ဂင်ဇာ |
| ဂုန်နီအိတ် | = | ဆာလားပိတ်၊ ဘောက်သာပိတ် |
| ကုလားစည်တီးအဖွဲ့ | = | ဒေါက်ကရောက် |
| ဘင်ခရာအဖွဲ့ | = | ဘေဆတိဘာဂျာ |
| တံဆိပ်ခေါင်း | = | တိတ်ကတ် ♣ |
| မီးအိမ်ပြောင်း | = | စိန်မနီ |
| အိမ်ရာမြေ | = | ဇဂါ |
| ဗလီဆရာ | = | မော်လဗီ၊ မလောင်မီ |
| ဗလီ | = | ကုလားမသိတ် |
| စာတိုက် | = | ဒက်ရုံး |
| ပွဲစား | = | ဒဘာချိတ် |
| ပွဲစားငယ် | = | ဒလာ |
| ခဝါသည် | = | ဒိုဘီ |
| လူဝ၊ လူသန် | = | ဘော်လီ |
| မျက်စိစွေစောင်းသူ | = | ကာနာ |
| အရပ်ရှည်သူ | = | လင်းဘား |
| အသားမည်းသူ | = | ကာလာဘီ |
| တောသား | = | ဂိုင်ညာ |

| | | |
|---|---|---|
| စိတ်မနှံ့သူ | = | ဖားကလား |
| စာတိုက်မှူး | = | ဒက်ကရင်နီ |
| ဆရာဝန် | = | ဒက်တင် ♣ |
| ညကင်းလှည့်ပုလိပ် | = | ပတ်တရောင် ♣ |
| အင်္ဂလိပ်သင်္ဘောသား | = | ဂူရာ |
| လယ်ကူလီ | = | ခေါင်းတလာ |
| ရုပ်ရှင် | = | ဘိုင်စကုတ် ♣ |
| ဆေးရုံ | = | သိတ်လိုင် ♣ |
| သင်္ဘောတံတား | = | ဖောင်တော် ♣ |
| ဖန်ဖလား | = | ဂလက်၊ ဂျလက် ♣ |
| ရေအိုးအဝကျယ် | = | ဘရီ |
| ဆပ်ပြာ | = | သပုန် |
| ဆေးစပ်သမား | = | ကော်မောင်ဒါ၊ သွေဒါ |
| ဆန်စက်အလုပ်သမား | = | တန်းခိုး |
| ရဲစခန်း | = | ဂါရာ |
| အင်္ကျီ | = | ဘာဇူ |
| ထက်ဝက် | = | အာဒါ |
| လေးပုံတစ်ပုံ ($\frac{1}{4}$) | = | တစ်ပွာ၊ အာဒီ |
| ရေပွန် | = | ပိုက်ခေါင်း၊ ပိုက်လုံး |

ဖော်ပြပါ အခေါ်အဝေါ်များမှာ ဘာသာခြားစကားနှင့် ရောယှက်နေသည်။ အကြောင်းသော် ရခိုင်နှင့် အိန္ဒိယ (ယခုဘင်္ဂလားဒေ့ရှ်)နိုင်ငံသည် တရေတမြေတည်းလို ဆက်စပ်ရှိနေပြီ၊ ယင်းဒေသတွင်လည်း တစ်ချိန်က ရခိုင်ပြည်မှ ကြောင်းရပ်အမျိုးမျိုးကြောင့် ပြောင်းရွှေ့နေထိုင် အခြေစိုက်ရှိခဲ့ကြသော ရခိုင်လူမျိုးအမြောက်အမြား ရှိခဲ့လေသည်။ ထိုဒေသနေ ရခိုင်အမျိုးသားများသည် အိန္ဒိယ၊ ဘင်္ဂါလီ၊ အာရဗီ၊ အူရဒူ၊ ယိန္ဒီ၊ အင်္ဂလိပ်စသော ဘာသာခြားများနှင့် ဆက်သွယ်ခဲ့ရာကား ထိုရခိုင်အမျိုးသားများက စတင်မွေးစားကာ ဆင်းသက်သုံးနှုန်းလာခဲ့ရခြင်း ဖြစ်လေရာသည်။

u;pay

♣ ဤအမှတ်ပြထားသော ဝေါဟာရများမှာဆိုလျှင် အင်္ဂလိပ်စကားမှတစ်ဆင့် ဆင်းသက်လာသောစကားများ ဖြစ်နိုင်လေသည်။ ဥပမာ- Captain (ကပ္ပတိန်)ဆိုသော စကားကို အိန္ဒိယသားတို့က 'ကပဒန်' ဆိုသည်ကို ရခိုင်တို့က 'ကတ်တင်' ဟုခေါ်ဝေါ်ခြင်း ပြုခဲ့ရာသည်။

ယင်းကြောင့် ရခိုင်တွင် မိမိတို့ကိုယ်ပိုင်ဝေါဟာရများအပြင် ရှေးပေါရာဏစကားများမှ ဆင်းသက်ရှိခဲ့သော ဝေါဟာရများ၊ တခြားဘာသာခြားမှ ဆင်းသက်လာသောစကားရပ်များ၊ ရွေ့လျားပြောင်းလွဲလာနိုင်စရာရှိသော ဝေါဟာရများကား အများပင် ရှိနိုင်ပေသည်။

# (၁၃)ရခိုင်စကားရိုး စကားလာများ (စကားပုံများ)

လူမျိုးတိုင်း၏ ဘာသာစကားများတွင်လည်းကောင်း၊ စာပေများတွင်လည်းကောင်း ပုံနှိုင်းပြောသောစကားပုံများ ရှိကြပေသည်။ ရခိုင်တွင်လည်း ရေမြေဒေသအလိုက် ပြောဆိုကြသော စကားရိုး၊ စကားစဉ်၊ စကားလာ၊ အများအပြား ရှိပါသည်။

စကားပုံများမှာ ရှေးဟောင်းစကားစာပေတို့မှ ဆင်းသက်လာသည်ဖြစ်၍ ပုံနှိုင်းပြောခဲ့ကြသည်ဖြစ်၍ စကားပုံဟူသည့် လူ့သမိုင်း၊ လူ့ပတ်ဝန်းကျင် မှတ်တမ်းများဟူ၍လည်း ဆိုနိုင်ပါသည်။

စကားပုံများထဲတွင် အချို့စကားပုံများမှာ သာမန်သဘောဖြင့်ကြည့်လျှင် ကြမ်းတမ်း ရှုန့်ရင်းသည်ဟု ထင်မှတ်ဖွယ်ရာ ရှိပါသည်။ ရခိုင်စကားပုံများ ပြည့်စုံစေရန်နှင့် စကားပုံ တင်စားပြောဆိုခဲ့သူများသည် ပွင့်လင်းပြတ်သား ကွယ်ဝှက်ထိမ်ချန်မှု မရှိဘဲ မြန်မာစကားပုံ "တုံးဆိုတိုက်၊ ကျားဆိုကိုက်" ဆိုဘိသကဲ့သို့ ရိုးရိုးနှင့် ပြောင်ပြောင်ပွင့်ပွင့်လင်းလင်း တိကျစွာ ပုံနှိုင်းတင်စားပြောဆိုကြခြင်းကို ပေါ်လွင်စေရန်ပင် ဖြစ်ပါသည်။

&cioꞌ;lu

ယင်းတို့မှာ ပုံနှိုင်းသူတို့၏ စိတ်ခါတ်ကို ဖော်ပြထားခြင်းပင်။ ရုန်းရင်းသည်၊ ကြမ်းတမ်းသည် ပြောဆိုရန်မသင့်ဟု တွေးဆမနေဘဲ၊ တွေ့မြင်သည့် ချက်ချင်းလတ်တလော ပုံနှိုင်းပြောဆိုလိုက်ခြင်းပင် ဖြစ်သည်။ ယင်းကြောင့် ဘာသာစကားသည် လူမျိုး၏ စိတ်ဆန္ဒကို ပေါ်လွင်စေပါသည်။ မြန်မာစာပေသမိုင်းရပ်များတွင်လည်း ဤသို့သော ပုံနှိုင်းပြောဆိုခဲ့သည်များကို တွေ့ရပါသည်။

မင်းတုန်းမင်းလက်ထက် ဗန်းမော်ဆရာတော်ကြီးသည် ဘုရားဆုပန်သော သီလရှင်တစ်ဦးကို မိန်းမဘဝမှနေပြီး ယောကျ်ားဆုကို တောင်းပါဦးဟု ပြောဆိုရာတွင် ရိုးရိုးမပြောဘဲ ငါ့ပေါင်ကြားကဟာ နင့်ပေါင်ကြားရောက်အောင် ကြိုးစားအုံးဟု ပြောဆိုခဲ့သည်။

ယင်းနောက် စာဆိုရှင်ဦးပုည၏ ကဗျာတစ်ပိုဒ်တွင် ပုဏ္ဏန်ဆီနှင့် ရာသီဟူ၍လည်းကောင်း မိုးကြိုးသံနှင့် အီးသံဟူ၍လည်းကောင်း ရေးသားခဲ့ကြသည်။

ဤသည်တို့မှာ ယင်းပုဂ္ဂိုလ်များသည် ရိုးသားလျက် ဟောဟောဒိုင်းဒိုင်းပြောဆိုတတ်သောလူစားများဖြစ်ကြောင်း သိရှိနိုင်ပါသည်။

ခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇-ခုနှစ်၊ မေ ၁၇ ရက်နေ့ည အသံလွှင့်ရုံမှ နှစ်သစ်ကူးမိန့်ခွန်းမြွက်ကြားရာတွင်-

"ဆိတ်လစေ့လုပ်ချင်သတဲ့ သတင်းစာတွေလဲ လုပ်ချင်လုပ်ကြပါ၊ ဒါပေမယ့် တိုင်း ပြည်ဆူပူအောင် လှုံ့ဆော်တဲ့စကားမျိုး၊ ဖက်စစ်အစီအမံလို လှည့်ပြားတဲ့သတင်းမျိုး ဆိုရင်၊ သည်းခံမှာ မဟုတ်ဘူး" ဟူ၍လည်းကောင်း။

မကွယ်လွန်မီ(၆)ရက်၊ ၁၉၄၇-ခု၊ ဇူလိုင်လ(၁၃)ရက်နေ့ မိန့်ခွန်း ပြောကြားရာတွင်လည်း-

"အတော်ကို ပြအောင်ကြိုးစားမှ အနှစ်နှစ်ဆယ်လောက်ရှိတဲ့အခါ အတော်ကျမယ်" ဟူ၍လည်းကောင်း။

"တန်းတူညီတူမဖြစ်သမျှ လွတ်လပ်တယ်ဆိုပေမယ့် ဖာသယ်နိုင်ငံမျိုးဖြစ်နေမှာပဲ" ဟူ၍လည်းကောင်း မိန့်ကြားခဲ့ချက်များ ဖြစ်သည်။

ဤသည်မှာ ဗိုလ်ချုပ်၏ သဘောထားကို တွေ့နိုင်ရာ လူဖြောင့်စိတ်တိုလူစားဖြစ်သည်။ ရိုင်းသည် ကြမ်းသည်ဟူ၍ တွေးဆမနေဘဲ စိတ်ထဲတွင်ရှိသည်များကို ပွင့်ပွင့်လင်းလင်းပြောတတ်သည်။ ပရိယာယ်မာယာများသော နိုင်ငံရေးသမားမျိုး၊ အချောင်သမား မဟုတ်ကြောင်းကိုလည်း ၁၉၄၇-ခု၊ မေလ ၃၀ရက်နေ့ သတင်းစာ

n;pay

# အသျှင်စက္ကိန္ဒ

ကွန်ဖရင့်တွင် ပြောဆိုသော "နိုင်ငံရေးသမားဆိုတာက၊ ဝမ်းထဲမှာ ဘယ်လောက်စိတ်ဆိုးပေမယ့်၊ ဖုံးထားနိုင်ရမယ် ကျွန်တော်ကတော့ဖုံးလို့ မရဘူး" ဟူသော ပြောဆိုချက်ကိုထောက်၍ သိသာနိုင်ပါသည်။

ထို့အတူ ရခိုင်စကာပုံတစ်ချို့မှာလည်း စကားပုံနှိုင်း ပြောဆိုခဲ့ကြသော ပုဂ္ဂိုလ်တို့အနေဖြင့် မိမိစိတ်ထဲတွင် ရှိသမျှကို ရှိသည့်အတိုင်း ရိုင်းသည်ရုန်းရင်းသည် မပြောဆိုသင့်ဘူးဟု တွေးဆမနေခဲ့ကြဘဲ ရိုးရိုးနှင့် ပွင့်လင်းပြတ်သားစွာ တင်စားပြောဆိုခဲ့သောစကားပုံများပင် ဖြစ်ပေလိမ့်မည်။

သို့နှင့် ပအို့ဝ်တိုင်းရင်းသားတို့၏ "စကားဖြောင့်ကြားရခက်၊ သစ်ပင်ဖြောင့်တတ်ရခက်" ဆိုသောစကားပုံကို နားကြားရုန့်ရင်းကြမ်းတမ်းသလိုရှိကောင်း ရှိကြပေလိမ့်မည်။ အားမကျိုး အားမနာ၍ မဟုတ်ကြောင်းကို ကြိုတင်ရှင်းလင်းတင်ပြလိုက်ခြင်း ဖြစ်ပါသည်။

တစ်ချို့စကားပုံမှာ လူမျိုးရေးအရ နှိမ်ရေးသည်ဟု ထင်မှတ်ဖွယ်ရာရှိပါသည်။ သို့သော် ထိုစကားပုံတို့ကိုလည်း ရခိုင်စကားပုံပြည့်စုံစေရန်အတွက် တင်ပြထည့်သွင်းရခြင်းသာ ဖြစ်ပါသည်။ လူမျိုးရေးစိတ်ဆန္ဒအရ ထည့်သွင်းခြင်း မဟုတ်ကြောင်း အသိပေးအပ်ပါသည်။ ထို့ပြင် မြန်မာစကားပုံနှင့် မရောယှက်သောရခိုင်စကားပုံ စစ်စစ်များကိုသာ တတ်အားသမျှ ရှာကြံစုဆောင်း တင်ပြထားခြင်းဖြစ်သည်။ ခေတ်ပေါ်စကားပုံတစ်ချို့ကိုလည်း ချန်မထားဘဲ ဖော်ပြလိုက်ပါသေးသည်။

တင်ပြထားသောစကားပုံများမှာ ရခိုင်စကားပုံများအနက် တစ်ချို့တစ်ဝက်မျှသာ ဖြစ်လေသည်။ အသျှင်စက္ကိန္ဒ၊ အသျှင်ဝါသဝတို့ကား ရခိုင်စကားပုံများကိုရရှိနိုင်သမျှ စုစည်းလျက်ရှိပေသည်။ သီးသန့်ရခိုင်စကားပုံစာအုပ်အနေဖြင့် တင်ပြနိုင်ကြပါလိမ့်မည်။ ဤ၌ တခြားရေမြေဒေသအလိုက် ပြောဆိုနေကြသော စကားပုံအများအပြား ကျန်ရှိသေးမည်ဟု ထင်မိသည်။

စကာပုံများကို တင်ပြရာတွင် ရခိုင်သံပီသစေရန်ကို အဓိကထားရေးသားခဲ့သည်ဖြစ်၍ သတ်ပုံသတ်ညွှန်းနှင့်ပတ်သက်၍ သည်းခံကြစေလိုပါသည်။

(က)

၁။ ကလားဗျိုင်းဇီ၊ နွားဗျိုင်းဇီ

၂။ ကလမဇပင်မှာ၊ ထပိန်ဆိုးငြိငြိလို့

၃။ ကလားခတ်တေရီ၊ ကလားဖင်ဆီးဖို့မလောက်

&cio;l

၄။ ကလားမှာမြီ၊ သက်မှာခြီ
၅။ ကလားကိုသတ်မှ၊ ဘာယိတော်ရေ
၆။ ကလားကိုသတ်၊ ဇီးကိုခွတ်
၇။ ကလားခြောက်၊ မခြောက်လီကေ
၈။ ကလားမနိုင်၊ ရခိုင်ကိုမိန်း
၉။ ကလားတိုက်မှာ၊ ကျားဝင်ရေပိုင်
၁၀။ ကျားဂေါင်းမှာ၊ သန်းရှာရေပိုင်
၁၁။ ကျားသီမှရာ၊ သရဲထရေ
၁၂။ ကျားကိုက်ဖို့နွား၊ ဘောစကိုယောင်ရေ
၁၃။ ကိုယ့်ခြံဝင်၊ ကိုယ့်နွား
၁၄။ ကိုယ့်ခြံမှာပေါက်၊ ကိုယ့်နွား
၁၅။ ကိုယ်မွီးရေမျောက်၊ ကိုယ့်ကိုပြန်ခြောက်
၁၆။ ကိုယ်ကောင်းသကောင်း၊ ဒါးကောင်းပတောင်း
၁၇။ ကိုယ့်စကားနန့်၊ ကိုယ်ပါးရောင်ရေ
၁၈။ ကိုယ့်ပေါင်ကိုယ်လိမ်ရေ
၁၉။ ကိုယ်ကြိုက်တေသကာ ချိုရေ
၂၀။ ကိုယ့်မှာမဟီ၊ ပြည်မှာမဟီ
၂၁။ ကိုယ်ကပယ်ဂေ၊ ဒူးကိုလည်းမယုံလီဂေ့
၂၂။ ကိုယ့်ငပိ၊ ကိုယ်မွှီးရေ
၂၃။ ကိုယ့်ခန္ဓာကသွီးကိုတောင်၊ မကောင်းကေ ထုတ်ပစ်သိယင့်
၂၄။ ကိုယ့်ထမင်းစားပြီးက၊ ယောက်ခမနွားကိုကျောင်းရေ
၂၅။ ကိုယ်ထိုး၊ ကိုယ်ဖန်၊ ကိုယ်ချိုး၊ မလုပ်ကေ့
၂၆။ ကိုယ်မလှကိုယ်မမြင်၊ လူမလှကိုယ်ရယ်ချင်
၂၇။ ကြက်ဖင်မှာရီဆုံးရေပိုင်
၂၈။ ကျွဲမှာငြိုလိမ်၊ လူမှာနံ့ပိန်
၂၉။ ကျင်သန်အိုကြက်နှင့်မရ
၃၀။ ကြမ်းပိုးကိုမာန်ပါ၊ အိမ်ကိုမီးတိုက်တေ
၃၁။ ကျော်ရေလဲသူ၊ ညော်ရေလဲသူ

lu;psay

# အသျှင်စက္ကိန္ဒ

၃၂။ ကဆုန်ပူခြင်း၊ တော်သလင်း

၃၃။ ကျိုးလခလို့ရာ၊ မကျိုးဂေမိုးထိုးဖို

၃၄။ ကောက်ညှင်းပေါင်း ကြောင်စားမကုန် ရေပိုင်၊ တအုန့်အုန့်နန့်

၃၅။ ကြားပြီးသူမြတ်တေ

၃၆။ ကောက်ညှင်းမစေးဘဲ၊ စခွန်းစေးမနီဂေ့

၃၇။ ကြီးလီချိုင်လီ၊ သမ္ဗရာသီးအမျိုး

၃၈။ ကျမကောက်၊ ပျောက်မှုရှာရေ (ကျမကောက်၊ ပျောက်မရှာ)

၃၉။ ကံဟိရေသား၊ ကျားကိုက်လို့ မသီ

၄၀။ ကျွန်နန့်သဂေါင်း အတူပေါင်း၊ သဂေါင်းကျွန်စော်နံလိမ့်မေ

၄၁။ ကျမ္ဘိကိုထရံရက် ရက်လို့

၄၂။ ကျွန်းသားမြို့ရောက်၊ ကရောက်ကထောက်

၄၃။ ကုန်ရှုံးဂေတစ်ခေါက်ရာ၊ လင်ကုန်ရှုံးကေ တစ်သက်လုံးမှောက်တေ

၄၄။ ကြွက်ကိုမနိုင်လို့၊ ကျီကိုမီးနန့်တိုက်

၄၅။ ကျောက်ဆိုစွာအမှုန့်လဲရှိမှာ မြုပ်တေ

၄၆။ ကျောက်ပုံမှာ ငါးဝက် ရိုက်ရိုက်လို့

၄၇။ ကောက်ရိုးခြိမှာ၊ လင်္ဗိလိုက်လိုက်လို့

၄၈။ ကာလဝိဘက်၊ ထက်ပက်တက်တေ

၄၉။ ကြီးမပါဘဲ၊ မွှိရေဂျင်။

(ခ)

၁။ ချခြောက်ကိုရှိမဆွတ်ဂေ့

၂။ ချီးယိုသူမရှက်၊ မြင်သူရှက်တေ

၃။ ချပုံမှာချလောက်ပျော်ရေပိုင်

၄။ ချီးယိုမချခင်၊ ကိုင်းတန်ရှာရေ

၅။ ချီးစိုက်မတတ်၊ နှစ်ခါပြန်

၆။ ချပက်ကိုကြက်ယက်ယက်လို့

၇။ ချပက်ကိုလက်ဝါးနန့် သတ်သတ်လို့

၈။ ချီးတစ်ယောက်ပေါက်ဂေ၊ မပေါက်သူလဲနံ၊ ပေါက်သူလဲနံရေ

၉။ ချခြောက်ကိုကောက်ပီးကေတောင်၊ ဆီးဖြစ်နိုင်ရေ

၁၀။ ချီးကိုရာကွယ်လို့ စိုက်လီဖို့၊ စကားကို ကွယ်မပြော

၁၁။ ချီးကိုကားကွယ်မစိုက်၊ စကားကိုကား ကွယ်လို့ပြောရေ

၁၂။ ခွီးလောက်ကျပိုင်၊ ထိုပြီးအေပြီး

၁၃။ ခွီးကိုကဇပ်ပါးယက်နယက်၊ အသျှေကိုကဇပ်ခေါင်းထက်ကထက်

၁၄။ ခွီးပိုင်အနံ့ခံလို့ရာနီရေ

၁၅။ ခွီးဖြစ်ပြီးမှ ချီးမရှောင်နိုင်ဗျာယ်

၁၆။ ခွီးမတုံးမှာ ကျိုင်တောက်စွပ်စွပ်လို့

၁၇။ ခွီးတဟောင်ကိုလိုက်လီ၊ မီးတမြင်ကိုမလိုက်လီဝေ့

၁၈။ ခွီးဟောင်တိုင်း၊ ကျောက်ခဲမပစ်ဝေ့

၁၉။ ခွီးသားရန်တိုက်၊ လူမဖြစ်

၂၀။ ခွီးဟောင်တိုင်း ထမကြည့်လီဝေ့၊ ညဥ့်အိပ်ပျက်တေ

၂၁။ ခွီးမှာပိုင် ချီးမစားရဂေ၊ ဂေါင်းညီရေ

၂၂။ ခွီးကိုရန်မူ သတ်တေလူ၊ သတ်သူလဲခွီး၊ ခွီးလဲခွီး

၂၃။ ခွီးလိမ္မာပတုံးကုတ်၊ လူလိမ္မာနောက်ဆုတ်

၂၄။ ခွီးမှာပိုင်ဇာလောက်သင့်သင့်၊ စခွက်ရောက်တကြိကြိဗျာယ်

၂၅။ ခွီးနားမှာ စောင်းတီးတီးလို့

၂၆။ ခွီးတိပိုင်ရှုတ်လို့ မစားလီဝေ့၊ ကျကန်းတိပိုင်အာလို့ စားလီ

၂၇။ ခွီးကျမကျ၊ ကြောင်ကျကျရေ

၂၈။ ခွီးကျမကျစီဝေ့၊ ကြောင်ကျရာကျစီ

၂၉။ ခွီးကိုသတ်ချင်၊ ခွီးသျှင်မျက်နှာကြည့်

၃၀။ ခွီးပိုင်မိုက်တေအကောင်ရာ

၃၁။ ခွီးကောင်ပုတ် လင်းဒ ကျကျလို့၊ ထိုဆွဲအေဆွဲ

၃၂။ ခွီးဖင်ကို၊ လောက်ကိုက်ကိုက်လို့

၃၃။ ခွီးပိုင်အစာခွက်မြင်ဂေ တကြဲကြဲနန့်

၃၄။ ချောင်းရိုးတိမ်လို့၊ မျိုးရိုးမတိမ်

၃၅။ ခြိုပုတ်မြင်တိုင်း၊ ဆွမ်းမတင်နိုင်

၃၆။ ခဲဝါမယဉ်၊ တောကြက်မယဉ်၊ ကျားမယဉ်(ကျွန်းသား/ရွာသားမယဉ်)

u;pay

# အသျှင်စက္ကိန္ဒ

၃၇။ ခမွီးဖင်နန့်ပွီး၊ ဇရပ်နန့်မသွီး၊ တန်းထားနန့်ချီး

၃၈။ ခွတ်လီယင့်၊ ပြတ်လီယင့်၊ ပြောလီယင့် မြတ်လီယင့်

၃၉။ ချောင်းသားတုတ်ခါ ငဖယုံမကိုက်၊ ငဖယုံကိုက်ခါ ချောင်းသားမတုတ်။

၄၀။ ချင်းအိမ်မှာ၊ ကျွန်ဖြစ်စွာထက်၊ ဆိုးသိယင့်

၄၁။ ခတောင်းကျိုက်တေတခြား၊ တင်သားတလွဲ

၄၂။ ခိုးရေလူထက်၊ ယိုးရေလူငရဲကျရေ

၄၃။ ခိုးတတ်တေလူ၊ ယိုးတတ်တေ

၄၄။ ချင်းပြောရေ၊ သီဖို့ခါ လတုံမြည်ရေ ဆိုရေပိုင်

၄၅။ ခေါင်းထဲမှာလဲနီချင်၊ မျက်နှာလဲပြောင်ချင်။

(ဂ)

၁။ ဂိန်မြည်မှ ခွီးမှန်းသိရေ

၂။ ဂန်းမမျက်ရေကျကျလို့ (ယို ယို့ လို့)

၃။ ဂနိနက်ဖြန်၊ ကလားကျွန်ဖြစ်စွာရာ

၄။ ဂဒုံးချင်းထိပ်ခေါက်ဖို့ မရှာငေ့

၅။ ဂြိုးကောင်းကေ၊ ကျွဲတမနန့်မဖနိုင်

(င)

၁။ ငါ့ဖင်မှာ အသူ့ချီးလဲဆိုရေပိုင်

၂။ ငါးမပဟိလို့ မျှင်စွန်စွာရာ

၃။ ငါ့သမီးလှရေဆို၊ ကော့ပြရေ

၄။ ငရဲကိုလွတ်ကေလဲ၊ ဝတ်ကိုရှောင်မလွတ်

၅။ ငရဲကလာရေလူ၊ ပြာပူကိုမကြောက်

၆။ ငါးတစ်မိသားကို၊ ပိုက်သည်တစ်သက် သတ်လို့ မကုန်

၇။ ငယ်ရာငယ်ရေ၊ စာသွေ့အမျိုး

၈။ ငစရိုင်းတစ်ပြန်၊ မွှီတစ်ပြန်

၉။ ငခူနခမ်း၊ ငတန်ဝမ်း၊ ကြက်မှာအခြီ၊ ဝက်မှာအဆီ၊ ဂြိုးမှာလဉ်ဆစ်

၁၀။ ငသရွေးကို မဂိုက်တိုက်ထားရေပိုင်

၁၁။ ငွီရာရဘို့လိုရေ။ အဘာနဖူးကိုလဲ သိုက်တူးထားယင့်

၁၂။ ငိုစားရယ်စားလူမျိုးရာ

၁၃။ ငါးပိုင်း ကိုင်းတင် တင်လို့ ထိုမကျအေမကျ

၁၄။ ငါတစ်လုံးကိုချလို့မရရေ လူစားရာ

၁၅။ ငမွဲကိုတစ်ခါ၊ ပြောကပြိုင်သိရေ။

(စ)

၁။ စကားကြီးလူမယုံ၊ ချတုံးကြီးခွီးမစား

၂။ စိတ်ကောင်းကေ၊ အခေါင်းကျန်ရေ

၃။ စိန်နတောင်းအရောင်နန့် ပါးပြောင်စွာရာ

၄။ စံဂိုးမှာ ကြွက်ဖြီးဖြီးလို့

၅။ စာတစ်ကြောင်း၊ ငှင်းဆယ်ခါပါရေ

၆။ စားရေခါငကျော်၊ ယော်ရေခါငကျီး၊ ခံလီရေခါ ငကန်းကြီး

၇။ စကားကျွံဂေ နှုတ်လို့မရ၊ အပေါက်ကျွံဂေ နှုတ်လို့ရသိရေ

၈။ စိတ်ထားတတ်ကေ ဘာဝနာ၊ မတတ်ကေ တဏှာ

၉။ စားအားကြီးလို့၊ အံတောင်တိုနီဗျာယ်

၁၀။ စိတ်ကူးနန့် လိပ်ဥရောင်းရေ

၁၁။ စံဂိုးလောက် မစောက်မနက်

၁၂။ စပါးသျှင်ကို မျှောက်နှင်နှင်လို့

၁၃။ စကားတစ်ခွန်း၊ လတစ်ခွန်း

၁၄။ စ ဂေ၊ ကားရေ

၁၅။ စကားဆန်း ပြောစွာမှာ၊ ငစွယ်တတ်က အဘာခေါ်ရဖို့သိ

၁၆။ စကားများကေ၊ အမှားပါရေ

၁၇။ စကားမတတ်၊ ဇမ်းမတတ်

၁၈။ စကားစကား ပြောလီများကေ၊ စကားထဲက ဇာတိပြရေ

၁၉။ စကားတစ်ရာ တသိုးဂါ၊ လေးရာတစ်ချပ်၊ စပါးသျှင်က မခစပ်

၂၀။ စကားပြောစွာမှာတောင်၊ ငပိမကပ် ဆားမကပ်၊ ပပေ့ါပြောရေ လူစားရာ

၂၁။ စကားပြောမတတ်၊ ဆဲစွာနန့်တူရေ

ɹ;pɐay

# အသျှင်စက္ကိန္ဒ

## (ဆ)

၁။ ဆွမ်းဆန်မှာ ကြွက်ချီးပါရေပိုင်

၂။ ဆိတ်မသိခင်၊ ဥကိုဖောက်တော

၃။ ဆိတ်မသိခင်၊ အရှိန်းရေ

၄။ ဆတ်လှီးရာမှာ၊ ခွီးမျှော်မျှော်လို့

၅။ ဆင်ပိန်ဂေလဲ၊ ကျွဲထက်ကြီးစွာဗျယ် (ကျွဲလောက်ကျန်သိရေ)

၆။ ဆောင်းခါဆီးထက်၊ ကြွက်သိရေ

၇။ ဆူယောင်က စောင့်ရေ၊ နပ်အောင်မစောင့်

၈။ ဆိတ်ချီးတစ်ရာ၊ ဆင်ချီးတစ်တုံး (တစ်ဗက်)

၉။ ဆီတစ်ခါ၊ ရှိတစ်လှည့်

၁၀။ ဆရာများဂေ၊ သားသီရေ

၁၁။ ဆယ်ရှိမှာ၊ တရှိမစပ်

၁၂။ ဆင်လား၊ လမ်းမလို

၁၃။ ဆယ်တောင်းကြဲလို့၊ တစ်တောင်းမမြင်(မရ)
(ဆယ်တောင်းခြင်လို့၊ တစ်တောင်းမဖြစ်)

၁၄။ ဆောင်းဒူနန့်၊ မက်ခေါင်လောက်ကွဲယင့်

၁၅။ ဆလိပ်မှာအတို၊ မယား (မမော့)မှာ အပျို

၁၆။ ဆန်စိုင်ရာမှာ ကျမွှမလိုက်နိုင်

၁၇။ ဆရာမပြ၊ ငပိကင် (ငပိဖုတ်)လဲ နည်းမကျ

၁၈။ ဆင်ပြောင်ကြီး။ ချိုးရန်ရှာ (မျောက်မာန်ပါ)

၁၉။ ဆိတ်စားမစားလီဂေ့၊ မြင်းစားရာ စားလီ

၂၀။ ဆင်ကို ဇစ်နန့်ပစ်ပစ်လို့

၂၁။ ဆီခြင် ရှိခြင်လုပ်မနီကေ့

၂၂။ ဆောင်းမွိုရနန့်၊ ဘကန်ဒရကိုပယ်ကေ၊ ဇာပင်ရရ၊ ကောင်းစွာဗျာယ်

၂၃။ ဆင်သီကို ဆိတ်ရှိနန့် ဖုံးလို့မလုံ

&cio

(ဇ)

၁။ ဇာတ်သမားမယား၊ နဲ့သမားပါး၊ ဖဲသမား အင်္ဂါး

၂။ ဇာတိကို ပဝတ္တိလုပ်လို့မရ

၃။ ဇာဖရားကြီးကြီး တောင်းဖူးဖရား၊ အထုတ်အောက်ကရာ

၄။ ဇာလုပ်ဖို့လဲ မရရေတောင်၊ နွားထက်ဆွီးသိယင့်

၅။ ဇာတ်တစ်ခြိန်က တစ်မတ်ရ။ လင်းခွက်တက်နင်းမှ၊ ငါးပြားအလျော်ကျ

(ဈ)

၁။ ဈပွဲမှာ၊ လမွဲထရေ

၂။ ဈီးသင့်မှရာ၊ ကုန်စွန်ရေ

၃။ ဈီးစကား နာ့စကားရာ

၄။ ဈီးကြီးအစွန်ခက်၊ အလော့ကြီး လင်ရခက်တေ

၅။ ဈီးကြီးကေ အကောင်းထင်ရေ၊ အသွင်းကြီးကေ လှရေထင်ရေ

(ည)

၁။ ညဥ့်နက်လီ၊ စဆီသဲလီ

၂။ ညဥ့်နက်သန်းခေါင် စဥ္စီမျှောင်

၃။ ညဥ့်ကိုနိန့်လုပ်နီရေ သခိုးပိုင်သျှောင်

(တ)

၁။ တော်သလင်းမိုး၊ ချပ္ပြမ်းထိုး

၂။ တော်သလင်းမိုးပိုင်၊ အစိုးမရ

၃။ တော်သလင်းခွီးပိုင်၊ နောက်က တစ်ကောက်ကောက်လိုက်နီရေ

၄။ တော်သလင်းနိ၊ ပုဇွန်သီ

၅။ တစ်ဖောင်ဝါး၊ တစ်လုံးနန့်ကန်ရေ

၆။ တစ်မိုးလုံးထွန်ရေ၊ နထီးမှန်း နမမှန်းမသိ

၇။ တောင်းတတ် မှတ်တတ် သူတော်မြတ်၊ မပီးပါလို သူဝန်ကို

၈။ တစ်ခါမပြန်၊ အနာဂါမ်

၉။ တောင်းဆိုး ပလုံးဆိုးကိုရာ ပစ်နိုင်ရေ၊ သားဆိုးသမီးဆိုးကို မပစ်နိုင်

၁၀။ တိုင်မှာ ပက်ကျိကပ်ကပ်လို့

၁၁။ တောက်တဲ့ကပ်ကပ်လို့ မနီဝေ့

u;play

၁၂။ တုံးဟောင်းကို ဖော်၊ အောက်စဖိုရရေ၊ စကားဟောင်းကိုဖော် ရန်စ ရရေ

၁၃။ တစ်ခါလိမ်၊ လိမ်သူအပြစ်၊ နှစ်ခါလိမ် လိမ်သူအပြစ်၊ သုံးခါလိမ် လိမ်ခံရသူ အပြစ်

၁၄။ တလင်းလဲပွဲ၊ ပုတ်လဲဆွဲ

၁၅။ တစ်နပ်စာကို၊ တစ်သက်စာထင်၊ ခွေးအမြင်

၁၆။ တစ်သက်လုံးစားရေကွမ်း၊ သမ္ဘရာတစ်ခြမ်း

၁၇။ တောင်ထိုးရကျ၊ ဆယ်တောင်းကြဲကော၊ ငါးတောင်းရ

၁၈။ တီကို ထုံးနန့်တို့ရေပိုင်

၁၉။ တန်ကေဆီး၊ လွန်ကေဖီး

၂၀။ တစ်ခါလာလဲ မဲပြာပုဆိုး၊ တစ်ခါလာလဲ မဲပြာပုဆိုး

၂၁။ တစ်သက်စာကို မမြင်၊ တစ်ထပ်စာကိုရာ မြင်ရေ

၂၂။ တိုင်းပြည်မှာလဲ စစ်နန့် မလွတ်၊ လူမှာလဲ အချစ်နန့် မလွတ်

၂၃။ တတဲ့ပြော လူနန့်မသင့်

၂၄။ တုံးဆိုးကတောင်၊ မှိုပေါက်သိယင့်

(ထ)

၁။ ထွီးပစ်လိုက်တေ သလိပ်ကိုပြန်ပြီး ကောက်မမျိုဗျာယ်

၂။ ထိုးဝါးမနုတ်ဘဲ တစ်ညဥ့်လုံးလော်ရေ၊ မိုးလဲလင်းရေ ယင်းကမ်းထောင့်

၃။ ထောင်ကိုကား မမြင်၊ ရာကိုမြင်ရေ

၄။ ထိတ်ကိုခေါက်ပြီးမှ ရှိခိုးလို အပိုဗျာယ်

၅။ ထိတ်ပုတ်ပြီး ရှိခိုးရေပိုင်

၆။ ထမရေချောင်းစီး လျှုကေလဲ၊ ဘောရိပါ တစ်ဘူးဖိုးမရ

၇။ ထုတ်မှာသတ်၊ လျှောက်မှာသတ်ရာ

၈။ ထမထုတ် တစ်ဖက် မား တစ်ဖက်နန့် ပျာစား ခြောက်စားနိစွာရာ

(ဒ)

၁။ ဒေါသကြီး၊ ခွီးနန့်တူ

၂။ ဒေါသကြီး အရီ ကိုယ်ဖို့

၃။ ဒါဦးဖမသာမှာ၊ ဒအောင်ဝင် ငိုရေပိုင်

၄။ ဒါးစောင်းထက်၊ ရီစောင်းထက်တေ

၅။ ဒရောင်းနန့်ဆရောင်း ထွိကပ်တေပိုင်

၆။ ဒါးကိုလဲ တစ်ဖက်ရာသွီးရေ၊ စကားကိုလဲ တစ်ခွန်းရာပြောရေ

၇။ ဒဘာချိတ်က အာဏာပြကေ၊ ဒလာကလဲ အာဏာပြရေ

(မ)

၁။ မားလဲထက်သိယင့်၊ နီလဲဟိသိယင့်

၂။ မားကေမား၊ ဝါးကေဝါး

၃။ မါတ်ချင်းခိုက်မှ၊ နတ်ချင်းကြိုက်တေ

၄။ မါတ်တူနံ့တူ၊ ဆီးဖက်ယူ

(န)

၁။ နွားဖြီးရာမှာ၊ ပြာရှင့်ရှင့်လို့

၂။ နီလဲထွက်သိယင့်၊ မားလဲထက်သိသင့်

၃။ နောက်ကျကေ၊ လဒမှာအရိုး၊ လူမှာအိုး

၄။ နတ်ပြည်ကိုပြကေ၊ ခွီးဖင်ကိုမြင်ရေ

၅။ နိုးလူထခိုး၊ ဆောက်ခတ်ရွာပိုင်

၆။ နတ်ကိုမျှော်ခါ၊ လူ့အစာ

၇။ နွားဗို့တက်ပိုင်၊ တစ်ရက်ထက်တစ်ရက် အားပြလာရေ

၈။ နူဖို့အစယားရေ၊ သီဖို့အစ ဖျားရေ

၉။ နှမ်းတစ်စိနန့် ဆီမဖြစ်

၁၀။ နတ်ကြမ်းကို ပတ်ကြမ်းတိုက်တေ

၁၁။ နို့ထစ်ပွာ၊ ရီတစ်ပွာ

၁၂။ နတ်တော်ပြာသို၊ ချီးရပ်စောက်ယို

၁၃။ နပျိုးသီးပီးရေ ဘုန်းကြီးမှ၊ စာတတ်တေ

၁၄။ နိန်ဝင်တရှူးဆိုင်းဆာ ဘီလူးလာရေ

၁၅။ နတ်ဆရာကို ပတ်ဆရာ၊ ယတြာကို ပတြာဆရာနိုင်ရေ

(ပ)

၁။ ပြည်တန်ပဒမြားတစ်လုံး၊ ချင်းလက်မှာတုံးရေ

၂။ ပြိန်းတောမှာ၊ ဒါးကကလို့

၃။ ပစမှာကြက်အိပ်အိပ်လို့

# အသျှင်စက္ကိန္ဒ

၄။ ပေါ်စခရမ်းသီး၊ နပ်ချင်းညီး

၅။ ပဲလှော်ကြား၊ ဆားညှပ်ညှပ်လို့

၆။ ပန်းတန်ယောင်သမီး၊ ချတန်ယောင်ဖြစ်တယ်

၇။ ပန်းအတွက်ကြောင့်၊ ဝစိတ်ခြမ်းကို ဂေါ်င်းထက်တင်ရေ

၈။ ပြိုင်းတိုင်မြုပ်မြုပ်လို့၊ စုန်းမြုပ်တော

၉။ ပန်းဖဲဒါးကောင်း မကိုင်၊ လက်သမားအိမ်ကောင်းမနိန်
ငါးဖောက်သေ ငါးကောင်းမစား။

၁၀။ ပန်းဖဲသန်လိမ်၊ ပန်းထိမ်ရွှေခိုး (ပန်းထိမ်ရရှိုး၊ အမိရွှေကို တမူးခိုး)

၁၁။ ပန်းထိမ်မတက်ခင်၊ ရွှေခိုးသင်ရေ

၁၂။ ပြောစရာမဟိ၊ ငါ့မယားဝမ်းကြီးရေလို့ ပြောရေပိုင်

၁၃။ ပီသာမြင် ယော့ထင်ဖ၊ ပီသာမမြင် ခွီးသားတရုပ်ခေါ်ရေပိုင်

၁၄။ ပီမှာတစ်သီး၊ နပျိုးတစ်ခိုင်၊ ပင့်ကူတစ်မ၊ ကျီးတစ်သား

၁၅။ ပုဇွန်ဖြူ ငါးမဟုတ်၊ သမက်စီလူမိုက်မဟုတ်

၁၆။ ပစကပျား၊ ဝမ်းကမျှား

၁၇။ ပြောရေခါလူပိုင်ရှင်ပိုင်၊ လုပ်တော့ခါ တိရိစ္ဆာန်ထက်ဆွိုးသိယင့်

၁၈။ ပိန္နဲသီးခွံနား၊ နွားရစ်ရစ်လို့

၁၉။ ပျားရေနန့်ဝမ်းချရေ

၂၀။ ပိုက်သေဘော်လာ၊ ဖောက်သေဂေါ်င်းထက်

၂၁။ ပြည်မှာအချုပ်၊ ငဝက်ပုတ်

၂၂။ ပုဏ္ဏားနွားရောင်း၊ လတပေါင်း

၂၃။ ပင်လယ်ပင်စွပ်ပိုင်၊ ထိုစွပ်အေစွပ်

၂၄။ ပြည်ကိုမသိဗာရာဏသီ၊ မင်းကိုမသိဗြဟ္မဒတ်

၂၅။ ပြောနိန်စွာက ကမ္ဘဍ္ဍာန်းဘာဝနာ၊ လုပ်နိန်စွာက ဘိန်းနန့်ဂင်ဇာ

၂၆။ ပလီပလာထွက်စွာ ထက်များဖို့သိ

၂၇။ ပတ်စာကို ခွီးစားမှုပြန်ရေ

(ဖ)

၁။ ဖုတ်လီရေငပိ၊ ဟိမှန်းတောင်မသိ

၂။ ဖုတ်ပူမီးတိုက်တိုက်လို့

၃။ ဖွဲ့တောမှာ ရီသွန်ရေပိုင်

၄။ ဖျာကရရေပီသာ၊ ဖျာကိုပြန်လခစွာရာ

၅။ ဖျက်တေလဲငကျိုး၊ ပျင်ရေလဲငကျိုး

၆။ ဖပြုတ်ကေကို ကြောက်ကမကြောက်ရွံ့လို့ရာ

၇။ ဖပြုတ်ကေပိုင်၊ ဖိလီကြွားတက်လီ

၈။ ဖပြုတ်ကြွက်စုတ်မကျန်

၉။ ဖွတ်ကမီးကျောင်းဖြစ်၊ ချောင်းမြောင်းမခံသာ၊
ကျွန်ကသဂေါင်းဖြစ်၊ ပြည်ရွာမခံသာ

၁၀။ ဖွတ်ပိုင်လျှာနှစ်ခွနန့်

၁၁။ ဖွတ်ကိုကားမတင်၊ ဖွတ်သားကိုကား တင်စားရေ

၁၂။ ဖိတ်ချင်းဖိတ်၊ ကိုယ့်အိတ်ထဲမှာဖိတ်

၁၃။ ဖျာလိပ်ခေါင်း၊ ခွီးဝင်ဝင်လို့

၁၄။ ဖရားဖရား၊ တဖန်များ၊ ဖရားကိုယ်တိုင်၊ လူမြင်တိုင်းကို မမှာ့နိုင်

၁၅။ ဖရစိတ္တင်းကျ

၁၆။ ဖုတ်ကိုကြောက်လို့ ယှောင်ကာမှ၊ သရဲနန့်လာတွိရေ

၁၇။ ဖင်ယားစွာနန့် ဘောင်းဒွတ်မှာ ကုလားသီစွာနန့် တတိကျရေဆိုရေပိုင်ဗျာယ်

၁၈။ ဖဲသမားချင်း၊ ကြောင်လိမ်တင်ဖို့ မရှာငေ့

(ဗ)

၁။ ဗျိုင်းချောင်း ချောင်းလို့

၂။ ဗူးထက်ဖာမသာ

၃။ ဗုံမဟုတ် ပတ်မဟုတ်

၄။ ဗန်းပြ ပြလို့ရာ

၅။ ဗလီစာနတ်စာ တင်ဖို့တောင်၊ မလောက်သိ

၆။ ဗရုတ်သုက္ခတိုင်းပြည်မှာ၊ ဆရောင်းဒရောင်း မင်းလုပ်စွာထက် ဆိုးဘို့သိ။

# အသျှင်စက္ကိန္ဒ

(ဘ)

၁။ ဘုန်းကြီးလူထွက် တပွာယော့

၂။ ဘုန်းကြီးချင်း တကာမခေါ်ငေ့

၃။ ဘုန်းကြီးကျောင်းတက်၊ ချခေါင်းနက်တေ

၄။ ဘုန်းကြီးစဆီ၊ ပရိတ်မကြောက်

၅။ ဘဲဥကို အစရှာရေပိုင်

၆။ ဘိန်းစားမှ၊ မယားချစ်တေ

၇။ ဘုရင်မ သနပ်ခါး နှိမ်းရာမှာ၊ ယင်မ ဝင်လူးရေပိုင်

၈။ ဘားဘူဟိယင့်ဆန်ဟိယင့်၊ ဒိုင်းကျီဟိယင့်၊ ရီဟိယင့်

၉။ ဘီချပ်တစ်ရာ ချထုတ်ပျောက်လို့ လင်မယားရန်ဖြစ်ရရေ

၁၀။ ဘုရင်ကိုလဲ၊ ယင်ရာထင်ရေ

၁၁။ ဘီချပ်တစ်ရာပိုင်၊ ဖဖြတ်ခုန်မနီငေ့ (လလော့တက်မနီငေ့)

၁၂။ ဘင်းဂျီမှာတစ်ခါ၊ ဖောက်ကျီကျသိရေ

၁၃။ ဘုရားမှတ်လို့ ကိုးကွယ်စွာမှာ ဝမ်းပူနန့်ကျရေ

၁၄။ ဘုန်းကြီးစဖိုဝင်၊ မောင်ရှင်ကျောင်းခေါင်တက်

၁၅။ ဘိန်းစားစိတ်ကူးကူးနီစွာပိုင်

၁၆ ဘန်ဒိဘန်ဒတ်၊ နှဖက်ကပ်

(မ)

၁။ မြွတ်မေလားနှင်းခံ၊ တစ်သိုက်ယော့ရေ

၂။ မျောက်မှာအသပြာ၊ ဒုံးမှာစည်ရ တစ်ပြပြ

၃။ မျောက်လက်မှာ၊ မီးစရရလို့

၄။ မြောက်လက်မှာ၊ အသပြာဆုံးရေ

၅။ မျောက်ကိုနန်းတင်၊ ပြည်ရွာမအီးချမ်း

၆။ မျောက်ပိုင် ကြောက်တေမြင်၊ ဖွဲခြောက်တယ်

၇။ မဟိတောင့်တ၊ ဟိကြောင့်ကြရေ

၈။ မချိလို့သွားကြဲ၊ ရယ်ယောင်ထင်ရေ

၉။ မစားရဘဲ ညှော်ခံ၊ အောင်ဗလမိကံ

၁၀။ မဆိုင်တစ်ဆိုင် ကပိုင်သား၊ ဒါးနန့်ရှိုင်

&cio

၁၁။ မိုးမမြင်လီမမြင်ဗျာယ်
၁၂။ မျက်စိထက်၊ ဝှရားမတင်း
၁၃။ မဟိဂေဝမ်းစာ၊ ဟိဂေတန်းဆာ
၁၄။ မျိုးကြားသစိမ်းဝင်၊ ပုပ်ကြားနချိုးဝင်
၁၅။ မောင်ကြီးမေတ္တာ၊ ချီးမေတ္တာ
၁၆။ မယားကိုသတ်၊ စျိုးကိုဖြတ်
၁၇။ မသာလဲတ၊ သာလဲတ
၁၈။ မနာလိုချချားဖက်၊ နာလိုဒပြုတ်ဖက်
၁၉။ မလာဥ နှုတ်တေပိုင် မနှုတ်လီကေ၊ ကင်းဇွန်း ဆိတ်တေပိုင်ရာ ဆိတ်စားလီကတ်
၂၀။ မစားရစွာထက်၊ မဝစွာကခက်တေ
၂၁။ မယားဆရာ၊ လင်ပြော
၂၂။ မျက်ဖြူဆိုက်လီ၊ ဆရာကြိုက်လီ
၂၃။ မင်းကြီးအုန်းသီးစားစွာမှာ၊ ငလာအောင်ကြားက ဆိမ့်ဆိမ့်လို့
၂၄။ မဟိစွာထက်၊ မသိစွာခက်တယ်
၂၅။ မဖွပ်ကေမဖြူ မတူဂေမရ
၂၆။ မသက်မသာ ကာလနာ
၂၇။ မာရေသစ်လဲ ကျိုးလွယ်ရေ၊ တိုင်းရေမိမာ့လဲ ကြဲလွယ်ရေ
၂၈။ မတရာသား ဟန့်ဖို့အစား၊ ကျားမတုံးကိုရာ ဆွဲလီဖို့
၂၉။ မကြားစဖူး ကြားစဖူး၊ ဆင်ပစမှာ နပျိုးဖူး
၃၀။ မင်းတြားငှါ့လင်၊ ဘုရင်ငှါ့ယှောက်၊ သဘော်သူကြီး ငှါ့ဝရီး
၃၁။ မြို့သားကျွန်းရောက်၊ နွားခြီရာမှာ ဒုံးဘောက်ဆောက်
၃၂။ မျက်စိမှာရီ နားမှာဆီ၊ ဒန္တီမှာဆား ဝမ်းမှာပျား
၃၃။ မပီးချင်ဂေမဟိ၊ မလားချင်ဂေမသိ
၃၄။ မျက်နှာမရ၊ ခကျောက်ကျ
၃၅။ မခေါ်ချင်ဂေလွတ်တေ၊ မတော်ချင်ဘဲ မလွတ်
၃၆။ မြို့မြို့ချင်း ခြိမြင်ရေ
၃၇။ မင်းတြားကျွဲရီမှာ၊ ဝင်လားခရေပိုင်

u;pay

၃၈။ မိုးယိုဝါးစွတ်၊ လူယိုးငါးငတ်

၃၉။ မယားကိုချစ်ကော၊ လူနန့်မယုံ

၄၀။ မယားကိုမနိုင်စီငေ့၊ မင်းကို မပြိုင်လီငေ့

၄၁။ မုသားမပါ၊ လက်ာမချော

၄၂။ မိမှ့မှာ ရက္ကန်းနန့်၊ ယောက်ျားမှာ စာတန်းနန့်၊ ဘောရိတ်ပစ်တေ

၄၃။ မိတ်ထက်ဝက်ခြင်း၊ လူလင်မယား၊ မင်းထားဥစ္စာ၊ မကိုင်ရာ

၄၄။ မပြည့်ရေအိုး၊ ဘောင်ဘင်ခတ်တေ

၄၅။ မသာတစ်ခေါက်၊ ကျောင်းဆယ်ခါ

(ယ)

၁။ ယောက်ခမသီစွာနန့်၊ ငခူစူးစွာနန့် တတိကျရေ

၂။ ယားစွာမှာ၊ လာခြစ်တေပိုင်

၃။ ယင်းသူ့စကား၊ လေးနှင့်စား

၄။ ယောက်ျားကြဲ၊ သံလှဲ့မထွက်

၅။ ယတြာကောင်း၊ မင်းလောင်းတောင်မပေါ်နိုင်

(ရ)

၁။ ရောက်မလက်ခြင်းကို၊ မှူဟင်းခူးခါကပင့်သိယင့်

၂။ ရင်လောက်တင်မှ၊ ခါးလောက်ကျရေ

၃။ ရှိမမြင်ခင်ကပင်၊ လောပင့်ရေ

၄။ ရှိမြင်မှ လောပင့်ရေ

၅။ ရဲရေကျား၊ ခုတ်မှာကျရေ

၆။ ရှာသားညီ၊ နွားခွက်စား

၇။ ရူးကွန်ဆောင်လို့၊ ဝအောင်စားရေ

၈။ ရူးကွန်ဆောင်လို့၊ အိမ်ရှိမှာချီးစိုက်တေ

၉။ ရစ္စာကိုလဲ မလို၊ လိုစ္စာကိုလဲ မရ

၁၀။ ရှိမှာအဆုံး(တုံး)၊ ကုန်းမှာတစ်ဝက်

၁၁။ ရှိလောင်ပွန်းမှာ၊ ခွီးသီးဖြန်းရေ

၁၂။ ရန်လိုခလို အောက်စဖို

၁၃။ ရှိမှာလဲအရိုးမဟိ၊ မင်းမှာလဲ အမျိုးမဟိ

၁၄။ ရန်ကိုဆို၊ ဂြိုဟ်သွီးလို့ရာနီရေ
၁၅။ ရှက်စနန့်၊ ဘာယီခေါ်ရေ
၁၆။ ရခိုင်ဇာလောက်ဖြောင့်ဖြောင့်၊ ချင်းကောက်စွာလောက်ရာဟိရေ
၁၇။ ရခိုင်မှာမယား၊ အောက်သားမှာ ဖရားကိုရွှေဆင်ရေ
၁၈။ ရခိုင်ပျော်ဂေ ပုလင်းနန့်၊ ကုလားပျော်ဂေ တေးခြင်းနန့်
၁၉။ ရာကိုရာမြင်ရေ၊ ထောင်ကိုကား မမြင်
၂၀။ ရီမဟိရေကန်၊ ဆန်မဟိရေစပါး၊ တရားမဟိရေမင်း၊ အစိုးမဟိရေမီးပိုင်၊ ဇာလဲ အသုံးမကျ
၂၁။ ရောဂါများအားကြီး ဂေလဲမသီနိုင်ဗျာယ်၊ ကြွီးထူအားကြီးဂေလဲ မပူနိုင်ဗျာယ်
၂၂။ ရှုံးတုံ့မြတ်တုံ့တစပ်ကုန်၊ မယုံကေစမ်း ပြာကျလမ်း

(လ)

၁။ လူများဂေ၊ ချီးများရေ
၂။ လပျက်ဆွမ်းတင်၊ လပျင်းဆွမ်းဆုတ် မလုပ်ဂေ့
၃။ လူဖြောင့်စိတ်တိုရေ
၄။ လူတည်ကျင်၊ မခင်လီဂေ့
၅။ လမွဲ၊ နတ်မြင်ရေ
၆။ လူနန့်ပေါင်၊ ကောက်ညှင်းပေါင်းတောင် မကောင်း
၇။ လူမပေါ်ခင်၊ ချီးပေါ်ရေ
၈။ လူကိုခဲ့စပ်ကေ၊ ကျွန်စိတ်ပေါက်တေ
၉။ လူပြောစကားနန့်၊ ခွီးဟောင်ရေ
၁၀။ လူမရောက်မြင့်မိုရ်တောင်၊ ခွီးမရောက် အိပ်မောက်ခေါင်
၁၁။ လူပိုင်သျှင်ပိုင်ဗျာ (လူလဲမဟုတ် သျှင့်လဲမဟုတ်)
၁၂။ လူမရောက်သိ၊ ကတိုးသိရေ
၁၃။ လူရတတ်ဝတ်ကေရွှေ၊ ဆင်းရဲသား ဝတ်ကေကြီး ထင်ရေပိုင်
၁၄။ လူချီးနန့် ဝက်မွီးစပ်စွာရာ
၁၅။ လောင်းအတိုလျော့ခက်တေ၊ လူအတို အပြောခက်တေ
၁၆။ လားလီရာမှာ၊ ကြောင်နန့်သာ
၁၇။ လုပ်စားဂေမိုးခေါင်၊ ခိုးစားဂေခွီးဟောင်ရေ

lu;pay

# အသျှင်စက္ကိန္ဒ

၁၈။ လက်သာမြင်၊ လက်သည်းရှည်ရေ
၁၉။ လဲစွာကိုတစ်ခါ၊ ဖိထောင်းသိရေ
၂၀။ လက်သဲကိုဆိတ်ကော၊ လက်ထိတ်နာရေ
၂၁။ လက်ညှိုးမကောင်း လက်ညှိုးကိုဖြတ်၊ လက်မမကောင်း လက်မကို ဖြတ်
၂၂။ လိပ်ကြုံစွာ၊ လိပ်ရာသိရေ
၂၃။ လောင်းကခြောက်လံ၊ ပေါင်းခြောက်လံ
၂၄။ လမ်းကိုထားလို့၊ ကြောင်းကလား ရေလူစားရာ
၂၅။ လူရွာလား နွားတရားပါ၊ လူအိမ်လား သားစကားပါ
၂၆။ လက်ပံပင်မှာ ဇရက်ကျကျလို့ ကျွကျွတ်ရိုက်နီရေ
၂၇။ လ ပ ကလန့်ပိုင် အခွန်ရာ
၂၈။ လူ့ပ်တိုင်းလည်း နှုတ်မရ၊ လော့တိုင်းလဲ ကြံမရ
၂၉။ လူရိုးသချိုင်းမှာ
၃၀။ လူပျိုပိုးကေ လမ်းကိုလျှောက်တော၊ ဝါကြီးပိုးကေ အိမ်ကိုရောက်တေ
၃၁။ လူများငကြီး၊ ငအုပ်စားခါ အ သံမကြား၊ ငရိုးငခုံးမ၊ တစ်ကောင်ရတဂျာဂျာနန့်
၃၂။ လည်ရာမှာ၊ ပင်ကာအထက်ကဘု
၃၃။ လပ လကျယ်၊ မလုပ်နီငေ့
၃၄။ လူကိုမကောင်း၊ မကြံကောင်း၊ မကောင်းကိုယ်မှာ ငြိုးလို့ဝင်ရေ
၃၅။ လူပါးက အပ်တစ်ချောင်းယူကော၊ ကိုယ့်ပါးက ပေါက်ဆိန်တစ်လက်ပျောက်တော။

## (ဝ)

၁။ ဝါးတစ်ရာလူတစ်ရာ
၂။ ဝက်မျက်နှာ၊ တရုတ်မကြည့်နိုင်
၃။ ဝမရှိဘဲ၊ ဝိမလုပ်လီငေ့
၄။ ဝက်ထီးအားကိုး၊ မလုပ်လီငေ့
၅။ ဝကင်းပူ၊ ရပူကျကျလို့
၆။ ဝက်သားကင်မောင်သျှေဖို့၊ ငခြောက်လှန်းကျကန်းဖို့
၇။ ဝက်နပင်းစွယ်၊ အားကိုးမိလို့ အိမ်ပြာကျရေ
၈။ ဝိနည်းတတ်ကော၊ ကြက်သတ်စားရေ
၉။ ဝါခေါင်လမှာ မြစ်မှာလဲ လှိုင်းတစ်လုံးလျှောရေ မိုးကြီးလဲ ငြိုးတဝပ်စားသွိရေ

၁၀။ ဝက်သားမစား၊ ဝက်ရေသောက်တေ

၁၁။ ဝီးမှာ တစ်သက်သက်၊ ပါးမှာ တစ်ကြတ်ကြတ်

(သ)

၁။ သိရာသိစီ၊ မမြင်စီငေ့

၂။ သခိုးလက်က၊ သဝှက်လုရေ

၃။ သစ်နှစ်ပင်ကြား ဝါးချစ်တေ၊ အိမ်တွင်ရန်များ ဧည့်ပျစ်တေ

၄။ သီဖွိနွှား၊ တောစ ယောင်ရေ

၅။ သိရာသိရေ၊ ဝမ်းကျမတိတ်

၆။ သီလခရေ သားလဲအလှပ၊ လွတ်လခရေ ငါးထဲအကြီးသန်

၇။ သားသီလင်ဆုံး၊ ကုန်ရှုံးကြီးတင်၊ လိုလင်မရ သူတော်မ

၈။ သံကိုခွက်လို့ မဲသားမတတ်၊ ရီကိုခွတ်လို့ အရာမမြင်

၉။ သားသမီးမကောင်း၊ မိဘအဂေါင်းကိုရောင်း

၁၀။ သဘော်ပျက်ရာမှာ ချိုင်ပေါင်ဟင်းရောင်း၊ မမှိဗျာယ်

၁၁။ သျှင်ကြီးလာလဲသတ်၊ သျှင်သျှေလာလဲသတ်

၁၂။ သခိုး တညဥ့်အိပ်ပျက်ကေ၊ အိမ်သားဆယ်ညဥ့် အိပ်ပျက်တေ

၁၃။ သခိုးမယား မငိုဝန့်

၁၄။ သူ့အရိုးနန့် သူ့ကိုထိုးရေ

၁၅။ သိကြားမင်း မြှားသုံးစင်းနန့်ကယ်လို့ တောင်မရရေသား

၁၆။ သိကြားလက်ချ၊ နတ်လက်ချ

၁၇။ သစ်ကြားဝါးပျစ်မလုပ်ရ

၁၈။ သွားနန့်ဆံပင်၊ အညီမဟီ (အနီမဟီ)

၁၉။ သူများအတွက်၊ ငါးဝက်ဝမ်းကျ

၂၀။ သီရေလူကိုရာ လိမ်လို့မရ၊ ရှင်ရေလူကို တစ်ခါမရ တစ်ခါရရေ

၂၁။ သတိမမူငေ၊ ဆင်ကိုလဲ၊ ခလုပ်တိုက်တေ

၂၂။ သစ်ကြီးအမျက်၊ ပြင်ကိုမထွက်

၂၃။ သုံးလင်ပြောင်းရေ မိမှေ့လဲလင်မမြဲ၊ သုံးကျောင်းပြောင်း ဘုန်းကြီးလဲ ကျောင်း မမြဲ

u;pay

# အသျှင်စက္ကိန္ဒ

၂၄။ သပြီကန်မှာ သကြံန်ကျကျလို့၊ နိန့်လဲ တရောင်းရောင်း ညဥ့်လဲတရောင်း
ရောင်းနန့်

(ဟ)

၁။ ဟရေသိကပင်၊ လျှာသျှော့ကိုမြင်စွာရာ

၂။ ဟောင်ရေခွီးလဲမကိုက်၊ ကြိုးရေမိုးလဲမရွာ၊ ငြီးရေလင်လဲ မသတ်

၃။ ဟန်ကိုယ်ဖို့၊ မာန်သူဖို့

၄။ ဟောင်းလောင်းထိုင် နိန်ပြီးဂေ၊ ပေါင်ပေါ်ပေါ်ရေလို့ သရော်နိန်ရေပိုင်

(အ)

၁။ အငြိမနိုင်၊ နရွက်ကိုင်

၂။ အဖသျှစ်သောင်း၊ သားကိုးသောင်း

၃။ အိမ်မှာလိုကား၊ လောင်းမှာဇရာ၊ လှည်းမှာဝင်ရိုး

၄။ အဖထက်၊ သားရေတစ်လကြီးရေ

၅။ အကြိစပ်သန်၊ ရန်ဖြစ်တေ

၆။ အကြိစပ်နန့်၊ ကျင်ဖြစ်တေ

၇။ အရှူးကိုနှင်းတော တိုးတိုးလို့

၈။ အရှူးလနပ်၊ ငွေတမတ်တောင်စိတ်ကမှတ်

၉။ အရှူးစုံး ဖမ်းဖမ်းလို့

၁၀။ အရှူးဆယ်ခွန်းပြောတစ်ခွန်းမှန်ရေ

၁၁။ အပြောမှာပုပ်လောက်ရှိုင်လောက်၊ အလုပ်မှာ သစ်ပွာတောင်မပြည့်

၁၂။ အ ရေန ရေပိုင်ပြင်လို့ အူကိုနှုတ်ယူဖို့

၁၃။ အမောင်လဲရောက် ငါ့နွားပျောက်၊ အမောင်သခိုး ငါ့မယိုး

၁၄။ အသံကြောင့် ဖားသီရေ

၁၅။ အမိကိုးရွာလယ်ဂေ၊ သမီးဆယ်ရွာလယ်ဖို့

၁၆။ အိမ်မှာဟိရေနွားလဲဂုတ်ပီ၊ လာရေနွားလဲဂုတ်ပီ

၁၇။ အနတ္တလဲ ကိုယ်မဟုတ်၊ ဇာတ်သမလဲ အပိျုမဟုတ်

၁၈။ အလုပ်မဟိ၊ ကြောင်ကိုရီချိုးရေ

၁၉။ အုန်းမှာ အသပြောကပ်ကပ်လို့

၂၀။ အားကြီးရာ၊ အာပါတ်မလာ

၂၁။ အားနာလို့ ဝမ်းကြီးရေ

၂၂။ အညီဟိရာ၊ ယင်အုံရေ၊ အပျိုဟိရာ လပျိုလားရေ

၂၃။ အရှက်မဟီ၊ ကြစီကြစဲ

၂၄။ အဆောက်ထက်အမောက်သန်ရေ၊ ကျွန်ယေဖမား

၂၅။ အရိပ်ပြလို့တောင်၊ အကောင်မထင်

၂၆။ အိုရာအိုရေ ဂြိုမကျိုး

၂၇။ အနှောင့်မလွတ် အသွားမလွတ်

၂၈။ အကွပ်တစ်ချက် လက်တစ်ချက်

၂၉။ အိမ်အိုဂေထောက်၊ လူအိုသောက်

၃၀။ အားမနာ ပါးမကျိုး၊ ယောက်ခမကို နဖားထိုး

၃၁။ အားနာကွန်ဆောင်လို့၊ ဝအောင်စားရေ

၃၂။ အိုးမလုံဂေ အုံပွင့်ရေ

၃၃။ အနာများဂေသီ၊ မြီများဂေကြွီ

၃၄။ အတို့မခံ၊ ရွှေပဖွန်ပိုင်

၃၅။ အဝီမဝီဂေ၊ မိုးကြိုးပစ်တေလတ်

၃၆။ အိပ်ကွန်ဆောင် လူကို၊ အနှိုးရခက်တေ

၃၇။ အိမ်ကလဆွီး၊ မောင်းကာကြီးရေ

၃၈။ အတတ်ကြီးလို့၊ ဘလူးဖြစ်တေ

၃၉။ အလှဆင်၊ မျောက်ဖြစ်တေ

၄၀။ အရိပ်မသိရေကျိ၊ ကျားစာဖြစ်တေ

၄၁။ အစားမစဲ၊ အဝတ်လင်းကြဲ

၄၂။ အစားအသောက် မီးရောင်တောက်၊ ဝတ်ပါလီရ ဗလီပေါက်

၄၃။ အသားထဲက လောက်ဖြစ်တေ

၄၄။ အလှူတစ်ခု လုပ်ဂေ၊ ပိတ္တာတစ်ယောက်ဖြစ်တေ

၄၅။ အပင်မှာလဲ အနှစ်နန့်၊ လူမှာလဲ အချစ်နန့်

၄၆။ အရှူးသတ်လို့ အပြစ်မရ

၄၇။ အပေါင်ဆိုးဂေ၊ အဘိုးမတန်

၄၈။ အသွားဟိမှ အလာဟိရေ၊ အပီးဟိမှ အယူဟိရေ

lu;pay

၄၉။ အသားလိုလို့ အရိုးတောင်းရေ
၅၀။ အပွင့်ကောင်းဂေ တစ်ခက်၊ အဆင်းကောင်းဂေ တစ်နွယ်
၅၁။ အိမ်ရှင်မကောင်း၊ အိမ်မကောင်း
၅၂။ အလိုကုံတုံ အကြံလိုရင်း
၅၃။ အပြင်ဗန်းကိုရာမြင်ရေ (အတွင်းပူ လူမသိ)
၅၄။ အပြင်ကမာန်ပါယောင်၊ ဝမ်းထဲက ပူချိပူချိ
၅၅။ အစိမှာတစ်ခါ၊ အဆန်ထွက်သိရေ
၅၆။ အသျှင်ကောင်းမှ၊ ကျွန်ဝမ်းဝရေ
၅၇။ အသိခေါက်ခက်၊ အဝင်နက်တေ။

# (၁၄) ရခိုင်တင်စားခေါ်သော စကားစုများနှင့် ရှင်းလင်းချက်

တိုက်ရိုက်ဒဲ့ဒိုးမပြောဘဲ တင်စားပြောလေ့ရှိသောစကားများကို ပါဠိစာပေတွင် ဥပစာဟု ခေါ်သည်။ ထိုတင်စားခေါ်သောစကားများမှာ လူတစ်ဦးတစ်ယောက်အား ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ စရိုက်၊ သွင်ပြင်လက္ခဏာများအား တင်စားခေါ်ဝေါ်ခြင်းများ၊ ဘိုးစဉ်ဘောင်ဆက် မျိုးရိုးအရ တင်စားခေါ်ဆိုခြင်းများ၊ တစ်ချိန်က တောသား၊ မြို့သားဟူ၍ ခွဲခြားစိတ်ရှိထားခဲ့ကြခြင်းဖြင့် မြို့ပေါ်လူတန်းစားများက တောရွာသားများအပေါ် ရှုတ်ချတင်စားခေါ်ဆိုကြခြင်းများလည်း ရှိပါသည်။ ရှေ့အခါက ရခိုင်တွင် တစ်ဦးနှင့်တစ်ဦး ဆဲရဲပြောဆိုကြရာတွင် အထူးညစ်ညမ်းသော စကားများနှင့် ဆဲဆိုလေ့ မရှိကြပါ။ ဖော်ပြပါတင်စားခေါ်ဆိုကြသောစကားများအရ တစ်ဦးကိုတစ်ဦး တင်စားခေါ်ဆိုကြခြင်းပင် ဖြစ်သည်။ သို့သော် အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ပြောရိုးပြောဆက်ရှိ၍သာ ပြောဆိုရှိကြသော်လည်း ဇာကြောင့် ခေါ်ဆိုခြင်းဖြစ်သည်ကို မသိသူကများသဖြင့် ကိုယ့်စကာကိုယ်မသိသော စကားများဖြစ်နေပါ၍ ရှင်းလင်းဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။

&c|ioး;|c

# ရခိုင်ဘာသာစကားလမ်းညွှန်

## ၁။ ငမန်း

ငမန်းဆိုသည့်ငါးမှာ ကြောက်မက်ဖွယ်ကောင်းသော ငါးတစ်မျိုးဖြစ်ပြီး၊ အဆိပ်အတောက်ပြင်းကာ ညှီနံ့လည်းပြင်းသဖြင့် လူတိုင်းမစားကြပေ။ မြို့သားများက ယင်းငါးများကို ကျွန်းသား(တောသား)များသာ စားကြသည်ဟု နှိမ့်ချပြီး ကျွန်းသားငမန်းစားဟု တင်စားပြောဆိုခဲ့ကြခြင်းဖြင့် နောင်တွင် ကျွန်းသားငမန်းဟူ၍ တင်စားခေါ်ဆိုခဲ့ကြခြင်း ဖြစ်သည်။ တောသားမြို့သားဟူ၍ သွေးခွဲသေစနစ်တစ်ခုပင် ဖြစ်သည်။

## ၂။ ဆပွတ်

ငါးများကို တာရှည်ခံအောင် ဆားဖြင့်နယ်၍ ငါးဆမာ ပြုလုပ်ထားခြင်းဖြင့် ယင်းဆားငါး၏ အသားများသည် နဂိုအသားနှင့်မတူတော့ဘဲ ကြမ်းတမ်းနေခြင်းကို အစွဲပြုပြီး အကြင်သူတစ်ဦးတစ်ယောက် အကျင့်၊ အပြောအဆို၊ အမူအရာ၊ အနေအထိုင်များသည် ကြမ်းတမ်းယုတ်မာသဖြင့် ထိုသူများအား ပုတ်၍ဆားနယ်ထားသော ငါးဆပွတ်အသားများလို ကြမ်းတမ်းသည်ဟု တင်စားနှိမ်ချ၍ လူဆပွတ်ခေါ်ဆိုကြခြင်းပင် ဖြစ်သည်။

## ၃။ ပြာတောင်းရွက်

အလွန်ဆင်းရဲမွဲပြာသော သူတို့ကိုတင်စားပြောဆိုကြခြင်းပင်၊ ဦးပုည၏ ကာကဝလ္လိယဝတ္ထု၌ မောင်နှံနှစ်ဦးတို့သည် အိမ်ဦးတွင် အရှင်ကဿပမထေရ်ရှိန္ဒ ဆွမ်းရပ်သောအခန်းတွင် "ကာလဝလ္လိယ၊ မွဲပြာကျမောင်နှံ၊ စံကြသည်အိမ်ဦး" ဟု ရေးစပ်ထားကြောင်း တွေ့ရပါသည်။ ပြောဆိုသည်မှာ မီးလောင်၍ တန်ဖိုးမရှိတော့ဘဲ ကျန်ရှိသော အရာဖြစ်သည်။ ယင်းအသုံးမဝင်သော ပြာတောင်းကို ရွက်နေသည်ဟု ဆိုလိုပါသည်။ တစ်စုံတစ်ရာမရှိတော့သဖြင့် ပြာတောင်းကို ရွက်နေသည်ဟု နှိုင်းယှဉ်ပြောဆိုကြခြင်းပင် ဖြစ်ပါသည်။

## ၄။ ကွပ်ဆူး

ရခိုင်စကားဖြင့် လက်သမားတို့ သစ်တို့ကို ထိုးဖောက်ရာတွင် အသုံးပြုသော လွန်ကြီးအမျိုးကို ကွပ်ဆူးဟု ခေါ်ပါသည်။ ကွပ်ဆူးနှင့် သစ်များကို ထိုးဖောက်သကဲ့သို့ တစ်စုံတစ်ဦးသည် လူတစ်ယောက်နှင့်တစ်ယောက် ခိုက်ရန်ဒေါသဖြစ်စေရန် ကြားတွင် ထိုးဖောက်၍ တိုက်ဆွပေးသောသူများကို လူကွပ်ဆူးဟု တင်စားပြောဆိုကြခြင်းပင် ဖြစ်သည်။

u;pay

# အသျှင်စက္ကိန္ဒ

## ၅။ အင်းပုတ်

အသားမည်းသောသူများကို ယင်းသူ၏ အသားများသည် အင်းပုတ်ထမင်း (ငချိတ်ထမင်း)အရောင်လို မည်းပြာနေသည်ဟု နှိုင်းယှဉ်လျက် လူအင်းပုတ်ဟု တင်စားပြောဆိုကြသောစကားပင် ဖြစ်သည်။

## ၆။ ကိုင်းဖြတ်

အကိုင်းအခက်များကို ပိုင်းဖြတ်ထားသော သစ်ပင်တို့မှာ အသီး၊ အပွင့်၊ အရွက်များကင်းကာ၊ ငုံးတိတိဖြစ်နေ၍ ကြည့်ရှုမကောင်းသောအသွင်ကို ဆောင်နေပါသည်။ ယင်းသို့ပင် တစ်ချို့လူတို့သည် စကားပြောရာတွင် အပြောခံရသော တစ်ဖက်သားတို့ အခံရခက်အောင် ငုံးတိတိပြောလေ့ရှိကြပါသည်။ ယင်းသို့ စကားအဆီအငေါ်မတည့်သော ငုံးတိတိသစ်ပင်နှင့် ပုံနှိုင်းလျက် လူကိုဖြတ်ဟု တင်စားပြောဆိုကြခြင်းပင် ဖြစ်ပါသည်။

## ၇။ ပင်ထက်ခြောက်

သစ်ပင်တစ်ပင်သည် မလဲမပြိုဘဲ တစ်ခုခုကြောင့်ပင် ထောင်သေသွားကာ တစ်စစရောင်းလာပြီး ခြောက်သွေ့စိမ်းလန်းစိုပြေမှု မရှိနိုင်တော့ဘဲ ပင်ထောင်ခြောက်ရောင်းလာသလို အကြင်သူတစ်ဦးတစ်ယောက်သည်လည်း တစ်ခုခုသောရောဂါဝေဒနာကြောင့် သွားရင်း၊ စားရင်း သွေးသားမဖြစ်တော့ဘဲ တစ်စတစ်စ အင်အားဆုတ်ယုတ်လာပြီး ပိန်ကြုံလာသောသူများကို ယင်းပင်ထောင်သေ၍ ရောင်းနေသောသစ်ပင်လို ပင်ထက်ခြောက်ဟု တင်စားပြောဆိုကြခြင်းပင် ဖြစ်သည်။

## ၈။ ဂိဂူးစား

အရှင်ဦးဥတ္တမအစထွင်ခဲ့သော စကားတစ်ရပ်ဖြစ်သည်။ ဦးဥတ္တမ၏ နိုင်ငံရေးတရားပွဲတွင် ရဲအဖွဲ့ဝင်များသည် တာဝန်ဝတ္တရားအရ အထက်မှခိုင်းစေသည့်အတိုင်း ဆရာတော်၏ ဟောပြောချက်များကို ရေးမှတ်ရန် အရပ်ဝတ်၊ အရပ်စားများနှင့် လျှို့ဝှက်ရောက်ရှိလေ့ရှိပါသည်။ ယင်းခေတ်အချိန်တွင် ပုလိပ်တစ်ဦး၏လစာမှာ ၈-ကျပ် ၈-မူးသာ ရရှိသေးရာ ဆရာတော်သည် မိမိတရားပွဲတွင် လျှို့ဝှက်ရောက်ရှိသော ရဲများကို တမင်တကာ လှောင်ပြောင်သည့်သဘောဖြင့် ရှစ်ကျပ်ဂဏန်းတို့ ဂ ငယ်ဗျည်းသို့ပြောင်းကာ (ဂိ/-ဂူးမှ ဂိဂူးဟူ၍)ပြောဆိုကာ ရှစ်ကျယ်ရှစ်မူးစားကို ဂိဂူးစားဟု ပြောင်လှောင်တင်စားပြောဆိုခဲ့သော စကားပင် ဖြစ်သည်။

## ၉။ ဂိုင်းစတုတ်

ကားသမားလောကမှ ပြန်ထွက်လာသောစကားတစ်ရပ်ပင် ဖြစ်သည်။ ကာကို အပေါ်က နှိုး၍မရပါက သံကိုင်းနှင့်တုတ်၍ နှိုးရသဖြင့် စက်ခလုတ်နှိပ်ပြီး အလိုလို နှိုး၍မရဘဲ သံကိုင်းအကူရမှ နှိုးသည်ကို ပုံနှိုင်းကာ အကြင်သူတစ်ဦးတစ်ယောက်သည် ဇာလုပ်ငန်းရပ်တွင်မဆို ပင်ကိုယ်၊ ဉာဏ်စွမ်း၊ ဇွဲ၊ သတ္တိနှင့် လုပ်ဆောင်ခြင်းမရှိဘဲ အစဉ်အမြဲ တစ်ခြားတစ်ယောက်အား အကူအညီတောင်းဆိုပြုလုပ်တတ်သူကို လူဂိုင်း တုတ်ဟု တင်စားပြောဆိုကြခြင်း ဖြစ်သည်။

## ၁၀။ အာဒါ၊ နဂျာ

အာဒါဆိုသည်မှာ အိန္ဒိယစကားတစ်ခုဖြစ်ရာ ပုလင်းဝက်ကိုလည်းကောင်း၊ ထက်ဝက်သော အလေးချိန်ကိုလည်းကောင်း ခေါ်သည်။ အကြင်သူတစ်ဦးသည် အလွန် အသည်။ နသည်ကိုဆိုက ယင်းလူကို လူလယ်တစ်ယောက်(ဝါ) သာမန်လူတစ်ယောက် ၏ အသိအလိမ္မာထက်ဝက်သာရှိသည်အဖြစ် သတ်မှတ်လျက် အာဒါဟု ခေါ်ဆိုခြင်း ပြုလေသည်။ ယင်းလေသံအရ နသည်ကို နဂျာဟု တင်စားပြောဆိုကြခြင်းပင် ဖြစ်သည်။

## ၁၁။ ဟက္ကရီကျသျှော

လုံးစေ့ပတ်စေ့ အမိပ္ပာယ်ပေါ်လွင်အောင် ရှင်းပြရန် အတော်ခက်ခဲသော စကားတစ်ရပ် ဖြစ်ပါသည်။ ဤစကားမှာ အများအားဖြင့် မိန်းမကြီးများက (ယောက်ျား ကလေး) ကွလေသျှော့တို့အား ကရုဏာဒေါသဖြင့် ဆဲဆိုသောစကားတစ်ရပ် ဖြစ်လေ သည်။ လူပျက်ကလေး၊ လူမိုက်ကလေးဟု ဆိုလိုသည်။ အပျက်အချော်နိုင်လှသည်ဟု ဆိုသည်။ ယင်းဟက္ကရီကျသျှောဟု ဆဲဆိုသည်မှာ ဆဲသူတွင်လည်း ဒေါသမပါ၊ အဆဲခံရ သူကလည်း ဒေါသမဖြစ်ဘဲ အပြုံးမပျက် ခံနိုင်ရည်ရှိသာ တင်စားပြောဆိုသော စကား စုတစ်ရပ်ပင် ဖြစ်သည်။

## ၁၂။ လီတငတ်

အလွန်ပိန်ချုံးသောသူများကို လေတိုက်ရုံနှင့် လဲကျသွားမတတ်သဘော တင်စားထားခြင်းဖြစ်သည်။ လီတခတ်၊ လီတတိုက်ဟု ဆိုလိုသည်။ လီတခတ်မှ လီတငတ် ဟု အခေါ်ပြောင်းလာသော စကားစုတစ်ခုပင် ဖြစ်သည်။ တစ်နည်း လေဝင်လေရှိုက်၊ လေရှူတစ်ခါခန့်လောက်သာ အင်အားရှိသည့်သဘောဟု ယူဆနိုင်သည်။

u;play

# အသျှင်စက္ကိန္ဒ

## ၁၃။ နန္ဒင်းဘူးမှောက်တယ်

ရခိုင်စကားဖြင့် လိမ်ညာသည်ကို ဝါသည်ဟု ခေါ်သည်။ ယင်းကြောင့် တစ်စုံတစ်ယောက် လိမ်ညာပြောသည်ကို နန္ဒင်းဘူးမှောက်သည်ဟု ပြောဆိုကြခြင်းမှာ နန္ဒင်း(ဆနွင်း)သည် အဝါရောင်ဖြစ်သဖြင့် ဝါသည်ဟု တိုက်ရိုက်မပြောဘဲ တင်စားပြောသော စကားတစ်ရပ် ဖြစ်သည်။

## ၁၄။ အရိပ်မကျ

တစ်စုံတစ်ယောက်အား တစ်စုံတစ်ခုမှမသိရှိ၊ အရိပ်အမြွက်မှ မကျသည်ကို တင်စားလျက်၊ အကောင်အထည်ကို မဆိုထားဘိ၊ အရိပ်အခြည်ကိုမျှ မထင်မမြင်သည်ဟု ဆိုသည်ကို အရိပ်မကျဟု ပြောဆိုကြခြင်းပင် ဖြစ်သည်။

## ၁၅။ မယူမ(သို့မဟုတ်) နတ်ကောင်း

ရခိုင်တွင် နတ်ကတော်မိန်းမများကို နတ်ကောင်းမ၊ ယောကျ်ားများကို နတ်ကောင်းဟူ၍ ခေါ်ဆိုကြသည်။ မိန်းမလျှာ၊ ဂန်ဒူးများကိုလည်း နတ်ကောင်းဟု ခေါ်ကြသည်။ ဇာကြောင့်ဆိုသော မိန်းမလျှာများမှာလည်း နတ်ကတော်များလို ကခွဲ့ကလျနေတတ်ကြသဖြင့် ဖြစ်သည်။ ယင်းနတ်မ၊ နတ်ကောင်းမကိုစွဲ၍ ရခိုင်ပြည်တွင် နာမည်ထင်ရှားသော မယူမြစ်စောင့်နတ်သမီး (ရခိုင်အခေါ် မယူရှင်မ)အား ဆက်စပ်ယူသွားခါ မယူမ နတ်ကောင်းဟု တင်စားခေါ်ဆိုကြခြင်း ဖြစ်သည်။

## ၁၆။ ဘောက်ကတတ်

နေရာတကာတိုင်းတွင် မဆိုင်လည်းပြော၊ ဆိုင်လည်းပြော၊ မသိလည်းပြော၊ သိလည်းပြော၊ စကားတိုင်းတွင် တတ်သိနားလည်သယောင် ဝင်ရောက်စပ်စု ပြောဆိုတတ်သူများကို စကားတတ်၊ ဘောက်ကတတ်ဟု တင်စားပြောဆိုကြခြင်း ဖြစ်သည်။

## ၁၇။ ခေါင်းပေါင်းကျွတ်

ရှေးခေတ် ရခိုင်လူကြီးများသည် အသက်လေးဆယ်ကျော် ငါးဆယ်ခန့်ဆိုလျှင် ခေါင်းပေါင်း အမြဲပေါင်းလေ့ ရှိပါသည်။ သို့သော် သေသေချာချာပေါင်းသည်မဟုတ်ဘဲ ဖြစ်ကတတ်ဆန်း ပတ်ထားခြင်းဖြစ်လျှင် အပေါ်သို့ နည်းနည်းမော့ကြည့်ပါက ခေါင်းပေါင်းကျွတ်ကျလေ့ ရှိပါသည်။ ယင်းကြောင့် ခေါင်းပေါင်းကျွတ်ကျလောက်အောင် မော်၍ကြည့်ရသောအမြင့်ကို ခန့်မှန်းပြီး ခေါင်းပေါင်းကျွတ်မြင့်သည်ဟု သတ်မှတ်ပြောဆိုကြသော စကားစုတစ်ခု ဖြစ်သည်။

## ၁၈။ ငပိုင်းကိုင်းတင်

မိုးလကုန်၍ လယ်ကန်သင်းများတွင် ရေခမ်းခြောက်ချိန်၊ ငါးများသည် အခြားတစ်ဖက်တွင် ရေနံ့ရသဖြင့် ခုန်၍ကူးလေ့ရှိပါသည်။ ယင်းအချိန်တွင် လူများသည် ခုန်တက်နေကြသော ငါးများကို ဓားနှင့်လိုက်ခုတ်ကြရာတွင် တချို့ငါးများမှာ ၂-ပိုင်း ပြတ်သွားပြီး ကန်သင်းပေါ် ပေါက်ရောက်လျက်ရှိနေသော အပင်များတွင် တင်ရှိနေသဖြင့် ယင်းသို့ ရေတွင်လည်းမကျ၊ ကုန်းတွင်လည်းမတင်၊ သစ်ကိုင်းပေါ်တွင် တင်နေသော ငါးပိုင်းများကို အကြင်သူတစ်ဦးတစ်ယောက်သည် ပညာသင်ရန် အသက်အရွယ်ရှိပါလျက် ပညာလည်းမသင်၊ ဝမ်းရေးအတွက် အခြေခံပညာ မလုံလောက်မပြည့်စုံ၊ လက်မှုပညာလည်း မလုပ်တတ်ဘဲ ဟိုမကျဒီမကျ ရခိုင်လို ဇကိုးဇက ဖြစ်နေသည်ကို ငါးပိုင်းကိုင်းတင်နေသည်နှင့် ပုံနှိုင်း၍ ငါးပိုင်းကိုင်းတင်ဟု တင်စားပြောဆိုကြခြင်း ဖြစ်သည်။

## ၁၉။ ဗီရှပ်တရာမ

ဗီရှပ်တရာဆိုသော ငါးအမျိုးမှာ တော်တော်နှင့်မသေဘဲ၊ အလိုလိုနေရင်း လှုပ်ရှားနေတတ်သဖြင့် လျှပ်ပေါ်လော်လီသော မိန်းမအား ငါးနှင့်တင်စား၍ တင်စားပြောဆိုကြခြင်း ဖြစ်သည်။

## ၂၀။ ဂျင်ပင်ကာ

ဂျင်မှာထိုးလိုက်သည့် ချက်ချင်း၊ ပင်ကာမှာ ခလုတ်နှိပ်လိုက်သည့် ချက်ချင်း လည်ပတ်နေသကဲ့သို့ အကြင်သူတစ်ဦးတစ်ယောက်သည် ဇာအရာကိစ္စတွင်မဆို ကျင်လည် လည်ပတ်သည်ကို တင်စားပြီး ပြောဆိုခြင်းပင် ဖြစ်သည်။ လည်သည်ကို ရခိုင်လို မွှိန့်သည်ဟု ခေါ်ပါသည်။ အလွန်လည်ပတ်သောသူများကို ကြိုးမပါဘဲ မွှိန့်ရေဂျင်ဟူ၍ ပြောဆိုကြပါသည်။

## ၂၁။ လက်ခတ်မကျ

ရခိုင်မုန့်တီသည် မုန့်လုပ်ဆောင်းသည်များတွင် ဟင်းရည်ခတ်ရန် အုံးမှုတ်မာလာခွံ) ငယ်ငယ်တွင် ဝါးခြမ်းကို လက်တစ်ကိုင်တတ်လျက် ပြုလုပ်ထားသည်ကို ရခိုင်လို ခက်ခတ်မကျဟု ခေါ်ပါသည်။ ရောင်းသောသူသည် စားသောက်သူများနေ၍ မနားတမ်း ဟင်းရေခတ်နေရသဖြင့် လက်ခတ်ကို လက်ကမချဘဲရှိသည် ပုံနှိုင်း၍

lu;pay

အရောင်း အဝယ်ကောင်းသည်၊ စည်စည်ကားကား ဖြစ်နေသည်။ (တစ်နည်း) အရောင်းကောင်း၍ လက်မလည်နိုင်ဖြစ်နေသည်ကို လက်ခတ်မကျဟု တင်စားပြောဆိုကြခြင်းပင် ဖြစ်သည်။

## ၂၂။ ရိုမရော

နို့ရောင်းစားသောသူများသည် မိမိတို့နို့တွင် ရေရောရောင်းလေ့ရှိကြသဖြင့် မစစ်မှန်သည့်၊ နို့ကများလေသည်။ ယင်းကြောင့် ရောင်းဝယ်မှု ပြုလုပ်ရာတွင် ရောင်းသူက မိမိပစ္စည်းအမျိုးမှန်အစစ်ဖြစ်ကြောင်း ပြောဆိုရာတွင် ရေမပါသော နို့စစ်နှင့်ပုံနှိုင်း၍ ရိုမရောဟု တင်စားပြောဆိုကြခြင်း ဖြစ်ပါသည်။

## ၂၃။ အစိမ်း(ဂြိမ်း)

အင်္ဂလိပ်စကားမှ တိုက်ရိုက်ဘာသာပြန်ပေးဆိုကြသော စကားပင် ဖြစ်သည်။ ဥပမာ အင်္ဂလိပ်စကားတွင် မြင်းရိုင်းကို (Green Horse) ဟု ခေါ်သည်ကိုလည်းကောင်း Green မှာ အစိမ်းရောင်ကိုလည်း ခေါ်ဆိုပါသည်။ ယင်းကြောင့် လူထူးလူဆန်းစသည်တို့ကို လူစိမ်း၊ အစိမ်းဂြိမ်းဟု ခေါ်ဆိုကြခြင်းပင် ဖြစ်ပါသည်။

## ၂၄။ ရာဝင်ဒေါ

အရက်အများသောက်နိုင်သောသူများကို တင်စားပြောဆိုသော စကားပင် ဖြစ်သည်။ ဒေါဆိုသည်မှာ စည့်အိုးကြီးကို ဆိုပါသည်။ ဒေါကြီးတွင် ရေထည့်၍ တော်တော်နှင့် မပြည့်နိုင်သကဲ့သို့ပင် အကြင်သူတစ်ဦးတစ်ယောက်သည် တော်ရုံ တန်ရုံသောက်၍ မမူးသဖြင့် သူ့ခန္ဓာကိုယ်တွင် ရာဝင်ဒေါလို အရက်တွေ ထည့်နိုင်သည်ဟု ပုံနှိုင်း တင်စားပြောဆိုကြခြင်းပင် ဖြစ်ပါသည်။

## ၂၅။ ဘောက်သာ

ရခိုင်စကားဖြင့် ဂုံနီအိတ်ကို ဆာလာအိတ်ဟူ၍ လည်းကောင်း၊ ဘောက်သာဟူ၍ လည်းကောင်း ခေါ်ကြပါသည်။ ဘောက်သာမှာ ဘော်ဆာဆိုသော အိန္ဒိယစကားမှ ဆင်းသက်လာသော စကားတစ်ရပ် ဖြစ်သည်။ ဤစကားစုမှာ ဖဲသမားလောကမှ ဆင်းသက်လာသော စကားတစ်ရပ် ဖြစ်သည်။ ဘောက်သာတွင် ငွေအပြည့်ထည့်လျက် လိုသလောက်ထုတ်ယူသုံးစွဲနေဘိသို့ အကြင်သူတစ်ဦးတစ်ယောက်သည် ဖဲဒိုင်ခံပြီး အရမ်းမဲ့ လျော်နေသဖြင့် ဘောက်သာတွင် ငွေအပြည့်ထည့်ပြီး ထုတ်ပေးနေသည်ဟု

ပုံနှိုင်းပြောဆိုကြခြင်းပင် ဖြစ်သည်။ ယင်းနောက် အကြင်သူတစ်ဦးတစ်ယောက်သည် အိတ်ထဲမှ ငွေများကိုစိုက်ထုတ်လျက် အရမ်းမဲ့ကျွေးမွေးစားသောက်နေသည်ကိုလည်း ဘောက်သာကျနီရေဟု တင်စားပြောဆိုကြခြင်း ဖြစ်သည်။

## ၂၆။ သံသပိတ်

ဘုန်းကြီးကျောင်းသားမှတစ်ဆင့် ကျောင်းမှရွာသို့ ပြန့်နှံ့လာခြင်း ဖြစ်သည်။ ရှေးခေတ်က ဘုန်းကြီးကျောင်းသားများတွင် သပိတ်များနှင့်စားလေ့ ရှိကြပါသည်။ သံသပိတ်မှာ ရိုးရိုးသပိတ်ထက် ကြီးသဖြင့် ဆွမ်းလည်း အများဝင်ပါသည်။ ထမင်းစားရာတွင် အစားကြီးသော ကျောင်းသားသည် ယင်းသံသပိတ်ကိုမှ ရွေးယူစားသောက်သဖြင့် အစားကြီးသော ကျောင်းသာအား၊ သံသပိတ်ဟု တင်စားခေါ်ဆိုရာမှ ရွာသို့ ကူးလာကာ အစားကြီးသောသူများကို သံသပိတ်ဟု ခေါ်ဆိုကြခြင်း ဖြစ်သည်။

## ၂၇။ လင်းပြန်မသား

အဓိပ္ပာယ်မသိသောသူများအနေဖြင့် နာကျဉ်းဖွယ်ရာဟု သိမည်မဟုတ်သော် လည်း နားလည်သောသူများအဖို့ကား အလွန်နာကျည်းဖွယ်ရာစကားပင် ဖြစ်သည်။ ညလုံးပျောက်၍ နံနက်လင်းမှ ပြန်လာသဖြင့် လင်းမှပြန်လာ၍ လင်းပြန်မဟု ခေါ်ဆိုသော မိန်းမများ၊ မိမ္မပေါ၊ မိမ္မရွှင်၊ ပြည်တန်ဆာမသာ ဖြစ်သည်။ ယင်းကြောင့် ရခိုင်လို ဘဇီမသားတိုက်ရိုက်မဆဲဘဲ သွယ်ဝိုက်လျက် လင်းပြန်မသားဟု ပြောဆိုသောစကား တစ်ခုဖြစ်သည်။

## ၂၈။ သုံးပွာ

ရခိုင်တွင် လေးပုံတစ်ပုံကို တစ်ပွာ၊ ထက်ဝက်ကို သိုက်ခွဲ၊ လေးပုံသုံးပုံကို သုံးပွာ တစ်သိုက်ဟု သတ်မှတ်ကြရာတွင် ၅၀-သားပိဿာ ပိဿာခွဲ၊ ၇၅-ကျပ် ပိဿာသုံးပွာဟု ခေါ်ပါသည်။ အကြင်သူတစ်ဦးတစ်ယောက်သည် စိတ်ကောင်းစွာ မနှံ့၊ ရခိုင်လို ခပုတ်ဆို့ ခပုတ်သွတ်၊ မြန်မာလို ရူးပေါပေါလူများကို လူကောင်းဖြစ်ရန် လေးပုံတစ်ပုံ(တစ်ပွာ) လိုသေးသဖြင့် သုံးပွာဟု တင်စားခေါ်ဆိုကြခြင်းပင် ဖြစ်သည်။

## ၂၉။ လူတည်ကျင်

ကြက်ထောင်သူများသည် လက်သတ်မွေးထားသော တည်ကြက်များနှင့် တောကြက်များကို ဖမ်းယူလေ့ရှိကြပါသည်။ ယင်း တည်ကြက်မျိုးကို တည်ကျင်ဟူ၍ ခေါ်ကြ

u;pay

ပါသည်။ အကြင်သူ တစ်ဦးတစ်ယောက်သည် တံစိုးလက်ဆောင်ယူ၍သော်လည်း ကောင်း၊ ရာထူးရာတန် တိုးတက်ရေးအတွက် မျက်နှာလိုမျက်နှာရ လုပ်၍သော် လည်းကောင်း၊ ကိုယ့်လူမျိုးကိုယ့်ဘာသာကို မခင်တွယ်ဘဲ သစ္စာဖောက်ခါ အမျိုးဘာသာ နစ်နာစေရန်ပြုလုပ်သော လူမျိုး နိုင်ငံသစ္စာဖောက်များကို ကြက်များတွင် တည်ကျင် ခေါ်သကဲ့သို့ တည်ကျင်ဟု ရှုတ်ချခေါ်ဆိုသောစကားတစ်ခုပင် ဖြစ်သည်။

## ၃၀။ ဘောင်းဇောက်တက်တေ၊ အာဂါလီဆောင်ရေ

ယင်းစကားများမှာ စွန့်လွှတ်ထားခြင်းမှ ဆင်းသက်လာသော စကားစုများပင် ဖြစ်ပါ၏သည်။ စွန်ဖြတ်ကြရာတွင် ပြတ်သောစွန်သည် ရခိုင်လို လွန်သောစွန်သည် တစ်ခါ တစ်ရံအောက်မှ လေတိုက်ခတ်ပြီး အပေါ်သို့ မြောက်တက်သွားသည်ကို ရခိုင်လို ဘောင်းဇောက်တက်တေ၊ အာဂါလီဆောင်ရေဟု ခေါ်ပါသည်။ အကြင်သူ တစ်ဦး တစ်ယောက်သည် မိမိနဂိုရှိသည့် စီးပွားရေးအခြေအနေသော် လည်းကောင်း၊ ရာထူး ရာကန် တိုးတက်သွား၍သော်လည်းကောင်း၊ မိမိဒုံရင်းဘဝကို မတွေးတော့ဘဲ ဂုဏ် မနတက်ခါ ရခိုင်လို မိုးမမြင်လီမမြင် မြန်မာလို အောက်ခြေလွှတ်သွားသည်ကို တင်စား ခေါ်ဆိုသော စကားစုများပင် ဖြစ်ပါသည်။

## ၃၁။ လူဂန်းဒူး

လူဂန်းဒူးဆိုသည်မှာ မြန်မာလို လူခွစာလူမျိုးပင် ဖြစ်သည်။ ဇာလုပ်ငန်းရပ် ဇာစကားရပ် သို့မဟုတ် ဘာအမှုကိစ္စမဆို၊ မည်သူနှင့်မှ ပြောဆိုလုပ်ကိုင်၍ တည့်သည့် လူ မဟုတ်ပေ။ မဆီမဆိုင် တစ်နည်းမဟုတ်လျှင် တစ်နည်းခွကျကျပြောဆို လုပ်ကိုင် တတ်သော လူစားမျိုး ဖြစ်သည်။ ယင်းသို့ ကျမ္ဘိကို ထရံရက်လို့မရ (ကျည်ပွေ့ကို ထရံ ရက်လို့ မရ)သည့် လူစားမျိုးကို ဂန်းဒူးဟု တင်စားပြောဆိုသော စကားပင် ဖြစ်သည်။

## ၃၂။ ခဲခတ်

ရခိုင်အလို အကြွေအတုပြုလုပ်ထားသည်မှာ (ငါးပြားစေ့၊ ဆယ်ပြား၊ မတ်စေ့၊ ငါးမူးစေ့)စသည်တို့ကို ခဲခတ်ဟု ခေါ်ပါသည်။ ယင်းအတုပြုလုပ်ထားသော အကြွေ များမှာ သုံး၍မရသဖြင့် အသုံးမဝင်သလို အကြင်သူတစ်ဦးတစ်ယောက်သည် အခကြေး ငွေပေး၍ စီးသောယာဉ်များတွင် ဖြစ်စေ၊ ကြည့်ရသော ပွဲလမ်းသဘင်များတွင် ဖြစ်စေ၊ အခကြေးငွေမပေးဘဲ စီးနင်းဝင်ရောက်ကြည့်ရှုတတ်သောသူများကို တန်ဖိုးမရှိ၊ အသုံး မဝင်သူဟူ၍ ခဲခတ်ဟု တင်စားပြောဆိုကြခြင်း ဖြစ်သည်။

&c|io;|u

## ၃၃။ ဗန်းပြရေ

ဈေးရောင်းသူများသည် မိမိရောင်းကုန်များကို မြင်နိုင်ရန် ဗန်းတောင်း၊ ဗန်းခံများတွင် ခင်းကျင်းပြသလေ့ရှိသည်မှ ဆင်းသက်လာခြင်းပင် ဖြစ်သည်။ အကြင်သူတစ်ဦးတစ်ယောက်သည် မိမိတွင်ရှိသည့် ဝတ်စားတန်ဆာပစ္စည်းများကို လူတကာအား မြင်အောင်ပြသပြီး၊ ကြွားဝင့်တတ်သည်ကို ကုန်ရောင်းသူများ ဗန်းတောင်း၊ ဗန်းခံထဲတွင် ပြသသကဲ့သို့ ပြသသည်ဟု ဗန်းတောင်း ဗန်းခံကိုအစွဲပြုကာ တင်စားပြောဆိုကြခြင်းဖြစ်သည်။

## ၃၄။ ဗောင်းဒင်ချေ

ဆယ်ကျော်ပတ်ဝန်းကျင် ရှင်လိင်ပြန်အရွယ်များကို ခေါ်ပါသည်။ ထိုအရွယ်ပတ်ဝန်းကျင်မှာ ရှင်သာမဏေ ပြုလုပ်လေ့ရှိရာ ရှင်လိပ်ပြန်လျှင် ခေါင်းတုံး(ဂတုံး)ကို ဂေါင်းပေါင်း ပေါင်းထားသည်ကို အစွဲပြုပြီး၊ ဗောင်းဒင်ချေဟု ခေါ်ခြင်းဖြစ်သည်။ ရှေးရခိုင်တွင် ဓလေ့ထုံးစံတစ်ရပ်မှာ ထောင်မှလွတ်လာသောသူများသည် ဂေါင်းရိပ်ပြီ၊ ဂတုံးပြောင်ပြောင်နှင့်သာ အိမ်သို့ဝင်ရသည်။ ထိုသူများသည် ဂေါင်းတွင် ဂေါင်းပေါင်း ပေါင်းမထားရချေ။ အခြား အကြောင်းတစ်ခုခုနှင့် ဥပမာ-မမာမကျန်းဖြစ်၍ ဂေါင်းရိတ်ရသူများမှာ ဂေါင်းတွင် အဝတ်စတစ်ခုနှင့်သော်လည်း ပေါင်းထားရသည်ဟု ဆိုပါသည်ႋ။

## ၃၅။ တာယာ

လူနင်းပြားကို ခေါ်ဆိုခြင်းပင်၊ မော်တော်ကား၊ စက်ဘီးတာယာသည် လည်းကောင်း၊ အခြားယာဉ်များမှ ဘီးတာယာတို့သည် လည်းကောင်း၊ စီးနင်းသူတို့၏ အောက်တွင် ရှိနေလေသည်။ ယင်းကြောင့် အကြင်သူ တစ်ဦးတစ်ယောက်သည် သူတကာအောက်တွင် ဖိနှိပ်ခံဘဝနှင့် နေရသည်ကို တာယာများနှင့်ပုံနှိုင်းကာ လူတာယာဟု တင်စား ပြောဆိုခြင်းပင် ဖြစ်သည်။

lu;psay

## အသျှင်စက္ကိန္ဒ

# ၁၅။ ရခိုင်ပန်းဝှက်စကားများ

ပန်းဝှက်ကစားကြခြင်းမှာ ရခိုင်ရိုးရာယဉ်ကျေးမှုတစ်ရပ်တွင် အပါအဝင် ဖြစ်လေသည်။ ရှေးအခါက ပန်းဝှက်တမ်းကစားကြသည့် အလေ့အထမှာ ကလေးများချည်း မဟုတ်ချေ။ အပျို၊ လူပျို၊ တစ်ခုလပ်၊ မင်းကွန်၊ မင်းကွန်မ၊ မုဆိုးမကြီးငယ်တို့ပါ ကစားလာခဲ့ကြသည်။ မြန်မာအခေါ်အရ စကားထာဖွက်တမ်း ကစားခြင်း၊ ပဟေဠိလုပ် ကစားခြင်း၊ ဉာဏ်ကစားခြင်းပင် ဖြစ်လေသည်။

အားလပ်ချိန်များတွင် လည်းကောင်း၊ အိမ်မှုဗာ့ဟိရ လုပ်ငန်းများ လုပ်ရင်း လည်း ကောင်း၊ ရက္ကန်းရက်၊ ဗိုင်းငင့်လုပ်ကိုင်နေရင်း လည်းကောင်း၊ ပန်းဝှက်ကစားလေ့ ရှိ ခဲ့ကြသည်။ အိမ်နားပါးနီးချင်း တစ်အိမ်နှင့်တစ်အိမ် အော်ဟစ်၍ပင် ပန်းဝှက်တမ်း ကစားလေ့ရှိကြပါသည်။

ပန်းဝှက်ကစားခြင်းသဘောမှာ အတွေးအခေါ် အယူအဆများ၊ စိတ်ကူး ကြံရည် ဖန်ရန် အစွမ်းအစများ ထက်သန်လာနိုင်သော ကစားနည်းတစ်ခုပင် ဖြစ်လေ သည်။ ပန်းဝှက်ပုစ္ဆာစကားများကို မည်သူကမည်သည့်အချိန်တွင် စတင်စပ်ဆိုခဲ့သည်ကို ကား ဖြေဆိုရန် ခဲယဉ်းလှပေသည်။

ပန်းဝှက်ကစားခြင်းများမှာ တစ်ဦးနှင့်တစ်ဦး ဉာဏ်စွမ်းဉာဏ်စ ပြိုင်ကြသည် ဟူ၍လည်း ဆိုနိုင်ပါသည်။

ရခိုင်ပန်းဝှက်ပုစ္ဆာများမှာ နေရာဒေသ၊ ရေမြေ၊ လူမျိုးဓလေ့ထုံးစံ ပြောရိုးပြော ဆက်များနှင့် ဆက်စပ်လျက် အများအပြားပင် ရှိပါသည်။ ယင်းပန်းဝှက်တမ်းကစား ကြခြင်းများမှာလည်း တစ်စတစ်စ တိမ်ကောလုနီးပါး ဖြစ်လာလေပြီ။ ရခိုင်ရိုးရာ ယဉ်ကျေးမှုတစ်ရပ်မှာ တိမ်ကောလုနီး ဖြစ်လာလေပြီ။ ရခိုင်ရိုးရာယဉ်ကျေးမှု တစ်ရပ် မတိမ်ကော မပပျောက်စေလိုသည့် သဘောဖြင့် အနည်းအကျဉ်း တင်ပြလိုပါသည်။ ပန်းဝှက်တမ်းတွင် ပုံသဏ္ဌာန်သရုပ်ဟန်ကို ပြောဆို၍ ဝှက်သော စကားများ ဆိုလျှင် ဤသို့ဖြစ်ချေ၏။

၁။ အိမ်တိုင်းအိမ်တိုင်း၊ ဒိုင်းတစ်ချပ် (စံကော)

၂။ အိမ်တိုင်းအိမ်တိုင်း၊ ပဒိုင်းဆွဲ (နို့သီး၊ သားမြတ်)

၃။ အိမ်တိုင်းအိမ်တိုင်း၊ ကြက်ချီးစု (နှီးဝါး)

၄။ အိမ်တိုင်းအိမ်တိုင်း၊ အသျှေတစ်ယောက်
ငုတ်စုတ်စုတ် (ဆီမီးခွက်)
၅။ ကလေ့မသျှေဒေါင့်တို၊ ခါးကြိုးလို (ကောက်လှိုင်းစည်း)
၆။ ဆင်မကြီးဝမ်းခေါင်း၊ လောက်တစ်သောင်း (ထမင်းအိုး)
၇။ ထိုပြည်မှာရောက်အမဲ၊ အေပြည်မှာ ရောက်အနီ (ဂဏန်းလုံး)
၈။ စီးကလာမမဲ၊ အိမ်ကိုရောက်ရဲရဲ (ဂဏန်းလုံး)
၉။ အခြီရှစ်ချောင်း၊ ဘရနှောင်း၊ အခေါင်းမပါ၊
ဘရချာ၊ ရှာပါလီဖိ၊ ဗလချိ (ဂဏန်းလုံး)
၁၀။ ထိုပြည်ကလာရရဲ၊ အေပြည်မှာ ရောက်မမဲ (မြေအိုး)
၁၁။ အစီးကလာအရဲ၊ အိမ်ကိုရောက်မမဲ (မြေအိုး)
၁၂။ အတောင်စိမ်းပြာ ပျံလို့လာ၊ ဇာငှက်ခေါ်လဲ၊
မလှအေး (မစိုင်းငှက်)
၁၃။ ကွမ်းသီးလုံးကြီး၊ ပိုးမထိုး၊ မဟာရာဇာ၊ မင်းအမျိုး (စေတီ)
၁၄။ သံတံခါး- ရီတံခါး၊ အလယ်ကောင်မှာ၊ သျှင်မသျှေ
လင်မယား (လျှာ)
၁၅။ နို့ချဉ်တစ်အိုး၊ လက်မထိုး (မစင်ချေး)
၁၆။ ငှက်ဝါသျှေ၊ မြီမှာဥ (ဆန္ဒင်းဥ)
၁၇။ နတ်မယ်အဝတ်၊ ရီမစွပ် (ပြိန်းဖက်)
၁၈။ အဘိုးအိမ်နှင့် အဘောင်အိမ်၊ ထုတ်ချင်းပေါက် (မီးမှုတ်ပြောင်း)
၁၉။ ငမဲတင်၊ ငနီယက် (အိုးနှင့်မီး)
၂၀။ လေးဘက်လေးစီ၊ ဒေါင့်လေးဘက်၊ လေးဘက်
လေးစပ်၊ နင့်မျက်နှာငါ့စွာဟပ် (ကြေးမုံမှန်)
၂၁။ ငစရိုင်သျှေဝမ်းပူ၊ အအူမဟိ (ရေအိုးခွက်)
၂၂။ အဘုသျှေတစ်ယောက်၊ ချီးလူးလူးနှင့်ခုန်လို့နီ (ငရုပ်ကြိတ်ကျောက်သား)
၂၃။ လျှာကပါယင့်၊ စားဖို့မတတ် (ချိန်ခွင်၊ ရာဇူ)
၂၄။ ကြည့်လီ၊ ဝီးလီ (နားရွက်)
၂၅။ လိုင်ဖင်းပါယင့်၊ မလှုပ်နိုင် (ရီတကောင်း)
၂၆။ နှုတ်သီးပါယင့်၊ မဆိတ်နိုင် (ရေခယား)

;pay

# အသျှင်စက္ကိန္ဒ

၂၇။ ငါ့ပျဉ်ပက်လက်၊ တအောင်သွီးကော၊ အရည်ထွက် (သနပ်ခါးကျောက်ပျဉ်)

၂၈။ သုံးမျိုးဖုန်းဆိုး၊ ဝက်မတိုး (စားဖို)

၂၉။ အိမ်ထဲသင်းချိုင်း၊ လူမကြောက် (စားဖို)

၃၀။ အဘိုးပေါင်း- ခေါင်းပေါင်းကြီး၊ အဘိုးကိုင်
တက်မကြီး။ အဘိုးထိုင် - တင်ပျဉ်ကြီး (ခုံလောက်)

၃၁။ ကလေ့မသေ့ျတင်ကောက်၊ ရှိမှာပျောက် (မျှားချိတ်)

၃၂။ အဘိုးပြောသွားတစ်ရာ (ခေါင်းဖီး)

၃၃။ အဘိုးအိမ်အောက်၊ လောင်းတုံးမှောက် (အိမ်ရိပ်)

၃၄။ အဘိုးသွားကြ၊ လွှ(ရွှ)ထမ်းပြီးရေ (ငါးမန်း)

၃၅။ ဆူလို့ညံလို့၊ လုံ့ထမ်းလာရေ (ခြင်ကောင်)

၃၆။ ထိုရှိအေရှိ၊ လှသုံးစင်းနှင့်၊ ပြီးခရေ (ငစင်ရိုင်းငါး)

၃၇။ လူရိုင်းတစ်ကောင်၊ လုံ့ကျီသုံးစင်းနှင့် ထိုးဖို့လာ (ငစင်ရိုင်းငါး)

၃၈။ ရစ်ခါရစ်ခါ၊ နီလီယင့်၊ ငြိကေငြိကေ၊ စားလီယင့် (ပင့်ကူ)

၃၉။ ဆင်ပြောင်ကြီးငါးရာ၊ ရှိသောက်လာ၊ ခြီရာလည်းပျောက်
ရှိလည်းနောက် (ဆန်ဆေးရည်)

၄၀။ အပြင်ကကြည့်ကေ၊ အစူးတုံး၊ အထဲမှာက တိုးနှစ် (ပိန္နဲသီး)

၄၁။ လူလာတိုင်းပင်၊ ငါ့ရင်ဘတ်ကို တက်နင်းရေ (လှေကား)

၄၂။ မဖြည့်ဘဲပြည့်၊ နတ်ရှိအိုး (အုန်းသီး)

၄၃။ နတ်သမီးရှိတွင်း၊ မဖြည့်ဘဲနှင့်ပြည့် (အုန်းသီး)

၄၄။ နတ်သမီးအိမ်တိုင်၊ ပိုးမဖောက်နိုင်၊ ဖောက်ပြန်ကေ့လဲ
တစ်ပေါက်ထဲ (အပ်နဖား)

၄၅။ လားကေခြို့ခြို့၊ နီကေစစန့် (ခေါင်းခူ)

၄၆။ လားကေစစန့်၊ နီကေခြို့ခြို့ (မြွေ)

၄၇။ ခေါ်လဲမခေါ်၊ ရွှက်လဲမရွှက်၊ သူ့နောက်ငါ့နောက်
လိုက်ခရေ (အရိပ်)

၄၈။ အထပ်အထပ်၊ ကြာကလပ်၊ အပွင့်မတူ၊ ပွင့်ကြာဖြူ (စာအုပ်)

၄၉။ ငါရို့အိမ်က၊ မောင်သျှင်သုံးပါး၊ ဆွမ်းမစား (ခွင်ခုံလောက်)

၅၀။ သေတ္တာသေ့ျအတိုက်တိုက်၊ ခိုးသူလာလုံ့နှင့်လိုက် (ပျား)

၅၁။ အဘိုးယေငမွဲ၊ သီးတွဲဆွဲ (ငှက်ပျောသီး)

၅၂။ ရှိကနီ၊ နီတာရဲ၊ ဇာလဲတွဲလွဲ (ငှက်ပျောသီး)

၅၃။ စုတ်ကီစုတ်ကီ၊ ထရံထောင်၊ ပင်းဝါကမီးလောင် (ဆေးတန်)

၅၄။ တီတစ်ကောင်မားလောင်၊ ပိန်းကောလောင်းကြီး
တက်သောင်းပြီး (ပိုးနသံကောင်)
(အခြီတစ်သန်းဝါးဘရမ်း) (ပိုးနသံကောင်)

၅၅။ အဘိုးမုတ်ဆိတ်ဖြူ တစ်ရွာလုံးကို၊ ကျွေးရေလူ (ဆန်)

၅၆။ ခုလီခုလပ်၊ ခွက်ငါးချပ် (ခပြုတ်သီး)

၅၇။ ကောင်းကင်မှာ၊ ခွက်သျှောင်းချပ်၊ ထပ်လို့နီ (ခပြုတ်သီး)

၅၈။ ငါ့နွားတစ်ကောင် ဘို့တစ်ထောင် (ကြက်ဟင်းခါးသီး)

၅၉။ အပင်ကလလိမ်၊ အသီးကထထစ် (ကြက်ဟင်းခါးသီး)

၆၀။ မင်းသားငါးရာ၊ ဆင်းလို့လာ၊ တောင်ဖို့မှာရောက်
ငုတ်စုတ်စုတ် (တောင်ပို့မှို)

၆၁။ ထိုဖက်ကမ်း၊ မောင်ရှင်တစ္စို၊ ရပ်လို့နီ (ဗလိနီ)

၆၂။ အဘိုးချိုးတုံး၊ လာမဆုံး (လယ်ကန်သင်း)

၆၃။ ငတောင်သူ ရီမှာမျောနီရေ (ဒီရေ)

၆၄။ မောင်ရှို့တကယ်၊ လာလတ်တေ၊ လားလို့မဆုံး
ငုတ်တစ်တုံး (ပင်လယ်ပြာ)

၆၅။ အရိုးမဟီ၊ အရီပင်လယ် ကူးခရေ (မျှော့ကောင်)

၆၆။ အဘိုးကြက်သွန်ဖြူ လူမသုံး (တံထွေး၊ သလိပ်)

၆၇။ အာကာပြည်မှာ ဒကောက်ဆွဲ (မန်ကျည်းသီး)

၆၈။ ဘီလူးလိုင်တို့၊ လူကိုမျို (အကျီ)

၆၉။ တစ်အိမ်လုံးသား၊ ကြမ်းပေါက်ကကျလို့ ရီမှာ
နစ်သီရေ (မုန့်တီ)

၇၀။ အယုတ်အပုတ် ယင်းသုံးပုတ် (ဝက်ပုတ်၊ ဥယျာဉ်ပုတ်
ဝပုတ်ချောင်း)

၇၁။ အတောင်စိမ်းပြာငှက်၊ အဂေါင်းမြီမှာဝှက် (ငှက်ပျောပင်)

၇၂။ အပင်ထက်ကအသီး၊ သီးထက်ကအပင် (နာနတ်သီး)

# အသျှင်စက္ကိန္န

၇၃။ အသီးဆောက်ခတ်၊ အပင်ပိစပ် (နာနတ်သီး)

၇၄။ ကျောက်တန်းစီ၊ညီပါယင့်လား၊ ဆံမြိတ်ချလှပါယင့်လား၊
ပိုးပဝါခြုံ လုံပါယင့်လား" (ပြောင်းဖူး)

၇၅။ တစ်နှစ်တစ်ခါ ပွင့်လို့လာ၊ ငါလဲမင်းလောင်းထီးဖြူဆောင်း (မှို)

၇၆။ ထက်အာကာ၊ ကြယ်သျှေပြပြီ၊ လမဟိ (ဆန်ဝါ)

၇၇။ ဝူးဝူးလဲပျံ၊ ပဒူသံ၊ ဝဲကာလဲကျ၊ ရွှေလင်းတ (လေယာဉ်ပျံ)

၇၈။ သူ့ပါးစပ်က နိတိုင်းထွက်၊ ငါရို့ယူလို့ချက် (ဈေးခြင်းတောင်း)

၇၉။ အကြီးအောက်ကနီ၊ အသျှေအထက်တက် (သဘော်သီး)

၈၀။ အရိပ်ထင်မှန်လဲ မဟုတ်၊ ကိုင်မရလီလဲ မဟုတ်၊
ရသာမဟိ၊ ပေါ့ပျက်မဟုတ် (ရေ)

၈၁။ တောင်ကြိုတောင်ကြား၊ လောင်းသျှေတစ်စင်းလား (ကွန်းသီး)

၈၂။ ကျောက်ဖျာထက်မှိုတစ်ပွင့် (လ)

၈၃။ ကွဲနို့တစ်လုံး၊ ပြည်တိုင်းဝ (လ)

၈၄။ တောင်တစ်လုံးက၊ အဒါကြာညို၊ ဟစ်လို့ငို (ချားရဟတ်)

၈၅။ ထိုရှိကနီတာရဲ၊ သွီးတဖြန်းဖြန်းနှင့် (နေ)

၈၆။ ဂြင့်ဟင်းခါးသီး၊ တစ်ခြမ်းခွဲ၊ ထိုင်မှာကပ်၊ ဇာလဲ (ပက်ကျိ)

၈၇။ တောင်ထက်က မှိုင်းစရီ၊ လီထလို့ မကြွီ (ဆန်ပင်)

၈၈။ ထိုရှိကလာ၊ ရတနာငှက်ကြီး၊ သွီးချင်းချင်းနှင့် (ဆွမ်းအုပ်နီ)

၈၉။ တောင်ကျိုင်ကြားကတုတ်လို့လာ၊
လူလဲမမြင်၊ နတ်လဲမမြင် (လေ)

၉၀။ ထော---ထော----ထော၊ လားခရေဇာလဲ (လေ)

၉၁။ အဘိုးငုတ်တုတ်၊ လဘီခြုတ် (ဖားပြုတ်ကောင်)

၉၂။ သဲသောင်ပြင်မှာ၊ ရင်ဘတ်စည်တီး။ နိတိုင်းပြီး (ဂဏန်းနီ)

၉၃။ ကျေးရူးရှင်လဲဖြပ်ခယင့်၊ အသားစားလို့ အရိယူ
အရိုးကိုလဲ သုံးလီယင့် (နွား)

၉၄။ ခြည်သီးခြည်မျှင်၊ စမမြင်၊ ခြည်မျှင်ခြည်သီး၊စမစိ (ဘဲဥ)

၉၅။ အာကာပြည်မှာ၊ ဆန်စိကြဲ (ကြယ်)

၉၆။ ပွင့်တန်မလာ၊ မုံတန်မထိုး၊ ဝယျာဥ်သာမှာ။
ပန်းတစ်မျိုး (ပေါက်ပေါက်)

၉၇။ ကြည့်လီ၊ ဝီးလီ (နားရွက်)

၉၈။ ဘုရားမတင်၊ ပန်းခြောက်ပွင့်၊ ငါ့ကိုတစ်ချက်ဖွင့်။
(ပန်းတိမ်၊ ပန်းဘဲ၊ ပန်းရဲ၊ ပန်းချီ၊ ပန်းပု၊ ပန်းတမော့)

၉၉။ အလင်းဆယ်လင်း၊ ငါ့ပန်းပီး (ပုလင်း၊ တလင်း၊ လင်းရှူ၊ လင်းတ၊ လင်းမွေ၊
လင်းကွက်၊ လင်းလေ၊ လင်းပြား၊ လင်းယုန်၊ မိုးလင်း)

၁၀၀။ ရီမပဟ်၊ ရီကန်သုံးကန်။ (ကာယကံ၊ ဝစီကံ၊ မနောကံ)

၁၀၁။ အမိကမြီထဲသူ၊ အဖက တောင်ရင်းသာ၊ သားကစျာန်နှင့်လား
(မြေဆေးအိုး၊ ဝါးရိုးတန်၊ မီးခိုး)

# အပြန်အလှန် အချီအချစမ်းနည်း

နောက်တစ်မျိုးမှာ စကားများကို ဖွဲ့နွဲ့ကာ ကာရန်စီလျက် ဖွတ်ဆိုလေသည်။ ဖြေဆိုသူကလည်း အလားတူဖွဲ့နွဲ့ ကာရန်စီလျက်၊ စာပေစပ်၊ ကာရန်စပ်ဖြင့် ပြန်လှန်ပြောဆိုထားခြင်း ဖြစ်လေသည်။ ကဗျာဉာဏ်ရည် ဖြစ်စေရာသည်။

မေး = သစ်ငုတ်တို၊ ခြိုးညိုလဲဥ၊ ခိုလဲဥ။
ဖြေ = ထိုအပျို၊ အကိုလဲလု၊ ညီလဲလု။

မေး = သပေါ့ထက်၊ ပက်ကျိတက်။
ဖြေ = နင်နှင့်ငါနှင့်၊ သမက်တက်။

မေး = တံတားကျွန်းတုံး၊ ကြောင်လျှောက်တေ။
ဖြေ = မသျှေလွှမ်းတုံး၊ မောင်ရောက်တေ။

မေး = အညာရီမှာထင်းပါလာ၊ ဖြားရိပြင်းယင့်၊ ဆယ်ရခက်
ဖြေ = ထိုအပျိုဆိုဖို့ရာ၊ ရုပ်ရည်လှယင့်၊ စကားထက်

မေး = မင်းထားဥစ္စာ၊ လိုချင်ပါယင့်၊ ကြောက်စိတ်ဖျက်။
ဖြေ = ထိုအပျို၊ ယူချင်ဝါယင့်၊ ဝမ်းရီးခက်။

ps;lu;pay

# အသျှင်စက္ကိန္ဒ

မေး = အပင်မြင့်က သဇင်ညှာ၊ ငုံရေခါ တစ်ဖက်က၊ ပွင့်ရေခါတစ်ဖက်က

ဖြေ = အိမ်ကြီးထက်က ပျိုကညာ၊ ကြိုက်တေခါ ညီသျှေနှင့်၊ ရရေခါအကိုနှင့်။

မေး = ခရမ်းသီး၊ ဘာယောင်း၊ ဘာယောင်း

ဖြေ = ဆံတောက်မ၊ လင်တောင်း၊ လင်တောင်း။

မေး = ထက်အာကာမှာ၊ သာယာလှရေ စန္ဒာလလဲ၊ မီးရိပ်ဖုံးကေ၊ မိုက်ခရေ။

ဖြေ = အိမ်ကြီးထက်က၊ ချစ်လှပါရေ အိုနှမလဲ၊ မိဖဖျက်ကေ၊ ပျက်ရရေ။

မေး = ဖြုတ်စိတ်ကေသျှေ၊ သုံးလုံး၊ မိုးရိပ်ဖုံး။

ဖြေ = လင်းပြန်မသား၊ လူမသုံး။

မေး = လသာဆောင်၊ မလင်းတစ်ချက်၊ လင်းတစ်ချက်

ဖြေ = ထိုအပျို မယူလဲခက်၊ ယူလဲခက်။

မေး = မှင်းကျိုးပင်၊ ဓားတောင်။

ဖြေ = တောင်ကကုလား၊ နားထောင်

မေး = ကောက်စရီတစ်ပုတ်၊ လမ်းမှာမြုတ်

ဖြေ = ထိုကလေ့သျှေ၊ ကုတင်အောက်ထုတ်၊ ပါးကိုပုတ်

မေး = ကောက်စရီတစ်ပုတ်၊ ကျွဲတစ်လုပ်

ဖြေ = တပ်ပြင်ကိုထုတ်၊ ပါးကိုပုတ်

မေး = မိုးမင်းညို မရွာတစ်ချက်၊ ရွာတစ်ချက်၊ ကြောင်းပျက်တေလေ။

ဖြေ = မောင်လူပျို မလာတစ်ရက်၊ လာတစ်ရက်၊ စိတ်ပျက်တေလေ။

မေး = မိုးမင်းညိုရွာချင်ပါယင့်၊ ထက်အာကာမှာ၊ လီသင်ထုန်းကို၊ မုန်တိုင်းဖျက်တေ

ဖြေ = မောင်လူပျိုလာချင်ပါယင့်၊ နင့်ဖသျှင်၊ နင့်မိသျှင်၊ ကြားဝင်ဖျက်ပျက်ရရေ။

မေး = ချောင်းဖျားရှိ၊ ဖျားရှိတစ်ထူး၊ အညာခွင်မဝင်ဖူးကေ၊ ဖြားရှူးရေကေ။

ဖြေ = ညရီတလီ၊ ညဥ့်ပီတစ်ထူး၊ မောင်လူပျိုလေ၊ မေ့အိမ်ကြောက်ကို မဝင်ဘူးကေ၊
စိတ်ရှူးရေလေ။

မေး = တိုက်တာသျှေ- ပြောင်းပြန်
ဖြေ = မောင်ယေလာ၊ လန့်ဆန်

မေး = တိုက်တာသျှေ- တစ်တောင်လောက်
ဖြေ = မောင်ယေလာ၊ သန်းကောင်လောက်။

မေး = တိုက်တာနားမှာ၊ ဖလားချ။
ဖြေ = ယူပါနှမ၊ ကြမ်းပေါက်က။

မေး = ထိုးတိုင်းထိုးတိုင်း - ဘုန်း။
ဖြေ = ရှီးစားထားတိုင်း - ဆုံး။

# သုံးထပ်စကား

နောက်တစ်မျိုးမှာ တောရွာဇမ်းစကားများကို ဖြေဆိုသကဲ့သို့ ကာရန်အဓိပ္ပါယ်ကို ကောက်ယူပြီးလျှင် စကားကာရန်ကိုလိုက်၍ ဖြေဆိုရလေသည်။ သုံးခါဖွက်၍ ဖော်ထုတ်ဖြေဆိုရသဖြင့် သုံးထပ်စကားဟုလည်း ခေါ်ဆိုကြသည်။

မေး = ရှိကန်တန်းဆာ၊ တံငါလက်သုံး။
ဖြေ = ရှိကန်တန်းဆာ (ကြာ)။ တံငါးလက်သုံး (ပိုက်ကွန်)
ကြာ+ ပိုက် (ကြိုက်ပါ)

မေး = ပြန်စွာမဟုတ်၊ နောက်ဆုံးကျ။
ဖြေ = ပြန်စွာမဟုတ်တေ (လား)။ နောက်ဆုံးကျတေ (မလျင်)။
လား + မလျင် = (လင်မယား)

မေး = ကြမ်းပိုးထိုးရေ ၊ လွန်ထိုးရေ
ဖြေ = ကြမ်းပိုးထိုးကေ (ယား)၊ လွန်ထိုးကေ (ဖောက်)။
ယား + ဖောက် = (ယောက်ဖ)

;lu;pay

# အသျှင်စက္ကိန္ဒ

မေး = စပါးထောင်း၊ ရိန္ဒင့်ချက်ဖို့ပြင်။

ဖြေ = စပါးထောင်းကေ (ဆန်)၊ ရိန္ဒင့်ချက် (ပြုတ်)။

ဆန် + ပြုတ် = (ဆုပ်ပြန်)

မေး = ရိမှာလျှော်လို့၊ ကမ်းကျော်တက်တော။

ဖြေ = ရိမှာလျှော (လောင်း)။ ကမ်းကျော်တက်ကေ (တင်)။

လောင်း + တင် = (လင်ကောင်း)

မေး = တပ်ပေါက်၊ ဟင်းကျံ

ဖြေ = တပ်ပေါက် (မဖားလား)။ ဟင်းကျံ (မသိုးလား)။

ဖား + သို = (ဖိုးသာ)

မေး = ပဒုမ္မာ၊ ယုန်ထောင်

ဖြေ = ပဒုမ္မာ (ကြာ)၊ ယုန်ထောင် (ပိုက်)။

ကြာ + ပိုက် = (ကြိုက်ပါ)။

မေး = အိပ်မပျော်၊ ထိပ်ပေါ်ခဲကျ

ဖြေ = အိပ်မပျော် (မနိုးလား)။ ထိပ်ပေါ်ခဲကျ (မပေါက်လား)

နိုး + ပေါက် (နောက်ပိုး)

မေး = အမှိုက်လှည်း၊ သေနတ်ပစ်

ဖြေ = အမှိုက်လှည်း (မပြောင်လား၊ သေနတ်ပစ် (ဒိုင်းမမြည်လား)။

ပြောင် + ဒိုင်း = (ပြိုင်းထောင်)

မေး = ဘယမာလာ

ဖြေ = သယ (ကြောက်)သည်။ မာလာ (ပန်း)

ကြောက် + ပန်း = (ကြမ်းပေါက်)

မေး = တစ္ဆိုခြောက်၊ စောက်မနက်။

ဖြေ = တစ္ဆိုခြောက် (ကြောက်၏)။ ကြောက်လျှင် အော်၏။

စောက်မနက်လျှင် (တိမ်၏)။

အော် + တိမ် = (အိမ်တော်)။

# အမေးပုစ္ဆာပြုလုပ်၍ ဝှက်ခြင်း

မေး = ဘုန်းကြီးမောင်နှမ၊ လူလင်မယား၊ မုန့်သုံးယှက်ကို၊ ဝီလို့စားလေ့

ဖြေ = ဘုန်းကြီးနှမမှာ လူ၏မယားဖြစ်သည်။ ထို့ကြောင့် ဘုန်းကြီးတစ်ပါး၊ လူလင်မယားနှစ်ယောက်၊ ပေါင်းသုံးဦးသာ ဖြစ်သွားသဖြင့် တစ်ယောက် တယှက်ကျစီ စေ့ငှစွာစားသုံးနိုင်သည်။

မေး = ချင်းမက ငါးထောင်၊ ပလောင်မက ငါးသိမ်း၊ (ငါးသိန်း)၊ ကွမ်းနှစ်ယာကို ဝီလို့စားလေ့။

ဖြေ = ချင်းမဆိုသူက ငါးထောင်ဖမ်းနေသည်။ ပလောင်မဆိုသူက ငါးကိုသိမ်း ဆည်းနေသည်။ ၎င်းတို့နှစ်ယောက်သည် ကွမ်းနှစ်ယာကို တစ်ယောက် တစ်ယာကျစီ ခွဲဝေစားသုံးလေသည်။

မေး = လူတစ်ယောက်မှာ အတူပါ မြက်၊ ဆိတ်၊ ကျားတိပါ။ လမ်းခရီးကြား၊ ကုတ္တိုခြား၊ သုံးခုမကန်ကား။ ကျားဆိတ်ထားက၊ ဆိတ်ကျားစား။ မြက်ဆိတ်ထားက၊ မြက် ဆိတ်စာ၊ စားဖို့အမှန်ပါ၊ လူခမျာ အခက်တွိ၊ ကူး ဖို့ခက်ပါဘိ၊ မစားရအောင်၊ ပို့ဆောင်ဖိ။

ဖြေ = ကျားနှင့်မြက်ကိုထား။ ဆိတ်ကိုတင်ယူလား။ ပြီးနောက်တစ်ခါ ကျားကိုယူ၊ တစ်ဖက်ကမ်းမှာ ကျားကိုထား။ ဆိတ်ကိုပြန်ယူလာ၊ ဆိတ်ကိုထားလို့၊ မြက်ယူလာ၊ တစ်ဖက်ကမ်းမှာ ကျား၊ မြက်ထား၊ ရှောင်ရှား ဖယ်ရှား၊ ကူးတတ်လား။

မေး = ဘုန်းကြီးကျောင်းနား၊ ကန်ထောင့်မှာ၊ ဝါကြီးအဆိုး ဓားကိုထမ်းလို့၊ နှီးကိုထိုး၊ ဘီလူး၊ နတ်၊ ခွီးစောင့်ကတ်ပြန်၊ ကျန်ထောင့်သုံးခုမကျန်၊ အမောင်လူသား ရီလား သောက်၊ ထွက်လို့ဝင်လို့၊ ဇာပိုင်ရောက်တေ။

ဖြေ = ဘောဒေဝပုတ္တအိုနတ်သား၊ ဘုန်းကြီးကျောင်းသားစာအံငြား၊ နတ်နားမှာကြား။ သူ့ခေါ်ထင်လို့ ကျောင်းကိုလား၊ ယင်းထောင့်ကဝင်လို့လား။ သူ့မခေါ်လို့ နတ် ပြန်လာ၊ ထွက်ဖို့ ခက်နီယာ၊ ဝါးကြီးလက်ကို ဓားထိုးပြန်၊ ကျွတ်ကျွတ်နာလို့ ကြိုင်းကြိုင်းရေအသံ။ ခွီးတစ်ခါကြားမိပြန်၊ သူ့ခေါ်ထင်၍ ယင်းထောင့်လား အမောင်လူသား ထွက်ရောက်လား။

oı;lu;pıay

မေး = ဖျင်းတစ်အုပ်ပျံလာ၊ သစ်ငုတ်မှာ တစ်ကောင်စီနားစဉ်၊ သစ်ငုတ်တစ်ငုတ် မလောက်။ နှစ်ကောင်စီနားပြန်သောအခါ၊ သစ်ငုတ်တစ်ငုတ် လွတ်ကျန်နေသည်။ ဖျင်းကမည်မျှ၊ သစ်ငုတ်က မည်မျှ ဖြေဆိုပါ။

ဖြေ = ဖျင်းတစ်အုပ်တွင် ၄ကောင်ပါသည်။ သစ်ငုတ်က ၃-ငုတ်ဖြစ်၍ ဖျင်းတစ်ကောင်အဖို့ တစ်ငုတ်လိုနေသည်။ နှစ်ကောင်စီတစ်ငုတ်ကျ နားကြသောအခါ သစ်ငုတ်က တစ်ငုတ်ပိုနေပါသည်။

မေး = ရေတွင်းတစ်တွင်းကို ကြိုးတစ်ပင်ချလိုက်ရာ၊ တွင်းက တစ်တောင်လိုနေသည်။ ကြိုးကတစ်တောင်ပိုနေသည်။ ကြိုးကို နှစ်ခေါက်ခေါက်၍ ချပြန်ရာ၊ ကြိုးက တစ်တောင်လိုနေ၍၊ တွင်းကတစ်တောင်ပိုနေသည်ထို့ကြောင့် တွင်းကမည်မျှ၊ ကြိုးက မည်မျှရှိမည်နည်း။

ဖြေ = ရေတွင်း ၃-တောင်၊ ကြိုး ၄-တောင် ဖြစ်သည်။

ရေတွင်း ၃-တောင်မှာ ကြိုး ၄-တောင်ကို ချလိုက်လျှင် ကြိုးတစ်တောင်ပိုနေ၍၊ ရေတွင်းတစ်တောင် တိုနေမည် ဖြစ်သည်။ ကြိုးကို နှစ်ခေါက်ချိုး၍ချလျှက် တွင်းက တစ်တောင်ပိုနေ၍ ကြိုးကတစ်တောင် တိုနေမည်ဖြစ်သည်။

ရခိုင်ဒေသနယ်မြေအရ ပန်းဝှက်စကားများစွာ ရှိလေသည်။ ရခိုင်ရာဇဝင်၊ သိုက် ကျမ်းတို့တွင်လည်း ပဟေဋ္ဌိဆန်သော ရာဇသံများ၊ ကဗျာများ၊ တမ်းချင်းများ၊ သိုက်စာ များကို တွေ့ရပေသေးသည်။ ရခိုင်ပန်းဝှက်၊ ဉာဏ်စမ်းချက်အမည်ဖြင့် နတ်မြစ်-ညိုဇံ မောင်ကျော်ရှိက ရခိုင်မဂ္ဂဇင်းအမှတ်(၈)၌ တင်ပြဖူးလေသည်။

အမေးပုစ္ဆာကို ပန်းနှင့်နှိုင်းယှဉ်တင်စားထားရာကား မဖြေနိုင်ဆိုက ပန်းပေး (အရှုံးခံ)ရသည်။ ပန်းအမည် တစ်မျိုးမျိုးကိုပြော၍ နှုတ်ဖြင့်ပင် ပန်းပေးရခြင်း ဖြစ်လေသည်။ ထိုပန်းကို အတင်ရသည်ဖြစ်၍ ဘုရားမှာတင်နိုင်၊ ခေါင်းမှာပန်နိုင် အသုံးချနိုင်သည်။ တစ်နည်း အောင်ပန်းဆင်နွဲနိုင်ခြင်း အထိမ်းအမှတ်ပြုမှုဟု ဆိုနိုင်၏။

# ပန်းပေးပန်းတင်ခြင်း

မဖြေနိုင်သူက ပန်းပေးခံလျှင် ဥပမာ- နှင်းဆီပန်း ပေးသည်ဆိုပါတော့။ ပန်းဝှက် သူက "နှင်းဆီပန်း သန့်သန့်၊ ဆီးလို့ဘုရားတင်၊ ပီးသူတစ်ဝက်၊ ငါတစ်ဝက်" ဆိုပြီး အဖြေကို ဖော်ပြောရသည်။ ၎င်းကို ပန်းပေးပန်းတင် ပန်းဖော်သည်ဟု ဆိုလေသည်။ ပန်းပေးသူကိုလည်း ဘုရားတင်ရကျိုး၊ ကုသိုလ်အဘိုးတစ်ဝက်အမျှ ယူစေသေး၏။ တစ်ဝက်သာ ပန်းဖော် (ပန်းဖြေဆို)ခ၊ ပုစ္ဆာဖြေဆိုခ- ရယူရာကျ၏။

**တစ်နည်း-**

သဇင်ပန်းပေးလျှင်

"အသူပီးရေ၊ သဇင်ပန်း။

(အမည်ဖော်လျက်) - ပီးရေ၊ သဇင်ပန်း။

နိကတင်၊ ညခါစွန့်၊ ပုရွက်ဆိတ်ထိ၊ အမျှဝီပါယင့်။

ဤသို့လျှင် သတ္တဝါဝေနေယျတို့အားလုံးကို ဝေငှလေ့လည်း ရှိ၏။ တစ်ချို့ ဆိုလျှင် ဘုရားသျှင်ဆယ်ဖို့၊ ငါ့တဖို့ဟူ၍လည်းကောင်း၊ ပန်းသျှင်တဖို့၊ ငါဆယ်ဖို့ဟူ၍ လည်း ကောင်း၊ ဘုရားပါးမှာရွှေ၊ ငါ့ပါးမှာ ငွေ၊ နင့်(မင်း) ပါးမှာပွင့်ဟောင်း၊ ငါ့ပါးမှာ ပွင့်သစ် ဟူ၍လည်းကောင်း၊ ပန်းတင်ပုံဆိုနည်းများလည်း အသီးသီးရှိကြပေ၏။

# (၁၆) ရခိုင်တောရွာ ဇမ်းစကားများ

ရခိုင်တောကျေးလက်တို့တွင် စကားစမ်းသည်၊ နှုတ်စမ်းသည် သဘောဖြင့် ဇမ်းစကားကို ပြောဆိုတတ်ကြရသည်။ ဇမ်းစကားသည် အချစ်စမ်းခြင်းပင် ဖြစ်လေ သည်။ ရခိုင်မြောက်ပိုင်းတွင် အပျိုအိမ်သို့ လူပျိုလှည့်ခြင်းကို အပေါက်နှိုက်သည် ခေါ်လေသည်။ တောင်ပိုင်းတို့တွင်ကား လက်ပေါက်နှိုက်သည်ဟု ခေါ်လေသည်။

ထိုသို့ အပျိုလှည့်စဉ် တစ်ဦးနှင့်တစ်ဦး ရိုးရိုးစကားဖြင့် မပြောဘဲ၊ နဘေကာရန် စပ်လျက်၊ ကဗျာလင်္ကာဆန်စွာ စကားတန်ဆာဆင်၍ ပြောခဲ့ကြလေသည်။ ထိုသို့ ပြော သောစကားကို ဇမ်းစကားဟု ခေါ်လေသည်။ ဇမ်းစကား၌ အချိတ်အဆက် အထေ့ အငေါ့၊ အစောင်းအငဲ့စကားများ ပါရှိသည်။ ပညာစမ်းစကားများ ပါဝင်သဖြင့် ယဉ်ကျေး

u;play

မူ ဖွေရာတစ်ခုပင် ဖြစ်လေသည်။ တစ်ချို့က ဆန်းလက်ာစကားဖြစ်သည်ဟု ဆိုလေသည်။

၁၉၆၉-ခုနှစ်က (၂၂)ကြိမ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အခမ်းအနားပွဲတွင် ဇမ်းသရုပ်ကို မာန်အောင်မြို့နယ်မှ လုပျိုဖြူများက တင်ဆက်ဖော်ဆောင်ကပြ ခဲ့ကြပေသေး၏။ စကားမတက် ဇမ်းမတတ်ဟု စကားဆိုရိုးရှိသည့် အတိုင်း၊ စကားကျွမ်း ကျင်မှပင် ဇမ်းတတ်နိုင်ရာသည်။ ကာလသား ကာလသမီးတို့က ထိုဇမ်းစကားကို လေ့လာသင်ယူခဲ့ကြသည်။ ဇမ်းတတ်မှလည်း အလေးထားကြ၊ အိမ်ထောင်ဖက်ပြုလိုကြသည်။

ဇမ်းကား နှစ်ဦးသားချစ်တင်းနှော၊ ချစ်ရေးဆိုရာ၌သာမကသေး၊ အလှူအတန်းစသော ပွဲလမ်းသဘင်တို့၌လည်း၊ လူပျိုအပျိုများက အချင်းချင်းဇမ်းစကား ပြောတတ် ကြလေ့ရှိလေသည်။ သုံးတပ်စကား၊ ပန်းဝှက်စကားများတို့ပါ အသုံးချကြရလေသည်။ တစ်ယောက်နှင့်တစ်ယောက် ဇမ်းခေါ်တေးကဗျာဖြင့် ပြောဆိုဆက်ဆံပုံများကို နမူနာ အဖြစ် တင်ပြလိုပေ၏။

လူပျို = တစ်ခွန်းခေါ်၊ ခေါ်လို့မထူး၊ နှစ်ခွန်းခေါ်- ခေါ်လို့ မထူး၊ တစ်ရပ်ရွာ၊ တစ်ရွာသားကို၊ အရှုးလုပ်ကေလား၊ အိုပုသျှေ။

အပျို = ဇာကလာ၊ ဇာရွာသားရောင်။ မိုးကလဲမှောင်၊ ညဥ့်ကမှောင်၊ မှောင်ရေကြားမှာ၊ အိုမောင်းမောင်။

လူပျို = အသားအရည်ပြောင်ပြောင်၊ လူရောင်လေလှလှ၊ တစ်ကျွန်းနေ တစ်ပြည်ချပ်၊ ဆူးပုတ်ရေရပ်က၊ တစ်ခွန်းဆို၊ နဂိုရေလှ၊ ချစ်နှမထံ၊ မောင်ကြီးမှာလေ၊ ခြီကျင်လျှောက် တစ်ယောက်တည်းလာရေ၊ ကျားကို မထီ၊ မြွှေကို မကြောက်၊ တောနက်ချောင်ဂနိုင် ရေအောက်မှာ၊ တစ်ယောက်ကေမောင်းမောင်၊ နှမဟိရာ၊ လိုက်လို့လာ၊ ကိုယ်မှာ နွမ်းရိ၊ တစ်ပတ်ခ္ခိ၊ တဆွိမိ၊ မချိယာကား၊ အိုပုသျှေ။

အပျို = အေပိုင်ဆို အစ်ကိုကြီးလိုင်၊ အစိုင်စိုင် ရွာစိုင်လျှောက်ယာ၊ စကားဆို၊ မျိုထားတေနင့်။ အပြောဆိုပိုတတ်တေနင့်။ ချစ်တေဆို ပျိုမေရို့မှာ ယုံရမှာလား၊ အိုမောင်းမောင်။

ကျား = မိုးဦးကျယာ၊ တောင်လီလာကေ၊ ရင်မို့မို့နင့်၊ ချစ်ဖို့မျက်နှာ၊ လစန္ဒာကို၊ ရချင်ပါယက်၊ ထက်အာကာကို၊ လက်နှင့်မယောင်၊ တစ်ခွန်း ခေါ်- ခေါ်လို့မထူး၊ နှစ်ခွန်းခေါ်- ခေါ်လို့မထူး၊ တစ်ရွာနီတစ်ပြည် သားကို၊ စိတ်ခြားလို့လား၊ မချစ်ဆို မလိုလို့လား၊ စမ်းစမ်းညို၊ ပျိုနှမ လေ။

မ = ဇာကလာလေ၊ ဇာရွာသားရောင်၊ စကားအရာမှာ၊ ပျားသကာသို့၊ ချိုပါရေကား၊ အိုမောင်းမောင်။

ကျား = ကျောက်ဖြူနယ်၊ စိုင်ခြံတိုက်မှာ၊ စိုင်ခြံဒွိန်၊ အောက်မြီချမ်းလို့ တောင်တန်းရပ်က။

မ = ဦးဒေါင်းကေကြိုးကြာ၊ သာလိကာ၊ ဟသ်ာငှက်မ၊ အခါခါ၊ မောင်ကိုတလို့၊ လွမ်းဆနီရေ၊ မပြောဝန့်တုံ၊ ပြောဝန့်တုံ၊ ပန်းမုံအုပ်ရုပ်၊ ပန်းအုပ်ရုပ်လေ။

ကျား = မောင်လက်ကိုကိုင်၊ မေလက်ကိုဆွဲ၊ ငွေတူပင်မှာ၊ ရွှေတူရစ်ယောင်၊ ရစ်ပတ်ကတ်မေ။ ဆံစညို၊ အိုနှမလေ၊ ကိုယ့်ရပ်ရွာ၊ ကိုယ့်ရွာထက်မှာ၊ လက်ဖျားတင်၊ ကြင်သူအားလို့ ဟိထားရေလား။

မ = အကြီးဆို- ခအိုမောင်လိုင် ကိုယ့်ရပ်ရွာ ကိုယ့်ရွာထက်မှာ၊ လက်ဖျား တင်၊ ကြင်သူအားလို့ ဟိမထားပါ။

ကျား = မျက်စိကမြင်၊ ဝမ်းကကြင်၊ စိတ်တွင်ကချစ်၊ ကညာမေကို၊ မေတ္တာရစ်လို့၊ အချစ်ခွဲကာ၊ ကြားကလူ အောင်သူဖျက်ကေ၊ ပျက်ရဖို့လား။

မ = ရွှေမိခင်နှင့် ရွှေဖခင်၊ ဖခင်ဖျက်၊ ပျက်ရပါစီ။ ကြားကလူအောင် သူဖျက် မပျက်ဝံ့ပါ။

လူပျို = လီယင်ယင်၊ အပြင်စမှာ၊ ယက်သွဲဘောင်၊ ကိုင်ခါးထိုးလို့၊ ငါးရရေ လား၊ အိုပုသျှ။

အပျို = တစ်ရက်ရှာ၊ နပ်စာမပြည့်၊ ထိုးရေကွန်ချာ၊ ပုဇွန်ဖြူ မေမစားလို့၊ ခြိုးသားရှာခီ၊ ခြိုးရှိတောင်၊ တောင်အနားကို ယောင်ပါလီ။

# အသျှင်စက္ကိန္ဒ

လူပျို = ညွတ်ဆယ်ပင်တစ်ပင်ပြတ်၊ မောင်လက်ချယာ၊ အိုပုသျှော။ သစ်ခွပွင့်ဖြူ ဆွတ်မယူ မအူပင်ဖျား၊ အကိုင်းသျှော၊ ငှက်ဝါနားကော၊ ရည်းစားဟိလာ အိုပုသျှော။

အပျို = ကြက်သွန်ပင် အရှင်မဲ့လေ၊ ငှက်ဟသ်ာပျံကာဝဲ၊ ရည်းစားဟိပါချောလေ။ သဲသောင်သဲသောင်၊ ရွှေသဲသောင်၊ သဲသောင်ထိပ်မှာ၊ ဗျိုင်း ဟောက်ကေ ဆိုင်ငိုက်လို့၊ တလင်းပြင် ငါးကိုချောင်း၊ ရေကြောင်း မမြင်ချောလေ။

လူပျို = ချောင်းဖျားပုဇွန်၊ လိမ္မာစံ၊ ပုဇွန်လိမ္မာ၊ ဗျိုင်းအစာလေ။

အပျို = မကျည်းရာသုံးကြိမ်၊ ကျေးသုံးကြိမ်၊ ခြောက်ကြိမ်ကျယာ၊ ချစ်တေ မောင်၊ ဇာခင်ပွန်းကို မွှမ်းနီခရောင်။

လူပျို = တရိပ်ရာတပျော်၊ စက်တော်ခေါ်လေ၊ မောင်တော်လာနိုး၊ ကညာပျို ဖြူမေရို့မှာ၊ စိတ်ဆိုးရေလား၊ တစ်ခွန်းခေါ်လေ၊ အော်အော်ရွှေနား၊ မောင်ခေါ်သံကို၊ ထရုံနားမှာ၊ မကြားလို့လား။

အပျို = ညဥ့်နက်သန်းခေါင်၊ တိုင်မှာမျှောင်၊ အမောင်ဇာကရောင်။

လူပျို = သရက်ပင်ညို၊ အရိပ်ခို၊ လူပျိုပေါက်စ၊ တန်းလွဲက (ငှက်ပျောရာ တစ်ပင် ဂရင်ရာ တစ်ပုတ်၊ နှင်းမိုးရွှာ၊ လီမသုတ်ကော၊ ဆင်ပုတ်ကရာ)

(လွှားကိုလည်းဖြုတ်၊ မောင်အဟုတ်၊ နတ်ဆိတ်ခုန်ပုတ်က၊ (အို-နှမ)

(ကရဝိတ်ငှက်တော်၊ သောင်းသောင်းကျော်၊ မျောက်အော်မစဲ၊ ဟောဝန္တာဂနိုင်ထဲမှာ၊ ကျားကိုမထိ၊ မြွေကိုမကြောက်၊ ချစ်တေမောင်- သန်ကောင်လောက်၊ ညဥ့်နက်ရောက်လို့၊ မင်းလမ်းခွဆုံ၊ ရွာကိုစုန်၊ ချစ်သူနှင့်တွိ၊ ကိုယ်အိမ်ပြန်မေ၊ လမ်းမမှတ်မိယာ၊ အို--- ပုသျှော။)

# ပဲယာသူနှင့် ရန်အောင်ချစ်တင်းဖမ်းခြင်း

အောင် = ခွိုးမပြောကေ၊ သားသုံးဆယ်။ ခွိုးမှာထင်ပေါ်၊ နောင်ရဲကျော်။ ချိုးခြောက်မစား၊ ခွိုးပုဏ္ဏား။ မိုးသီးမမိ၊ သံဂုလိ၊ ပဲယာသူအဖြူဟင်းခြင်း၊ ဖျက်ကတ်ခီစောင်လား ကတ်ခိမေ။

သူ = ဟိုင်းခွိုး-ဟိုင်းခွိုး။ ပဲပွင့်ပန်ကေ၊ ပန်ပါလီလား။ ပဲသီးစားကေ၊ စာပါလီလား။ ပဲရည်သောက်ကေ၊ သောက်ပါလီလား။ ခွိုးမှာခွိုးပုတ်၊ ခွိုးစက်ဆုတ်ကေ၊ ခွိုးယုတ်အသျှင်၊ မပါလီလား။

အောင် = ပဲပွင့်ပန်ကေ၊ နားလန်ရေလေ၊ ချောနှမ။ ပဲသီးစားကေ၊ လျှာပါးရေလေ၊ ချောနှမ။ ပဲရည်သောက်ကေ၊ လျှာပေါက်ရေလေ၊ ချောနှမ။

သူ = ခွိုးယုတ်ဖျက်ကေ၊ ပဲခင်းတစ်ဝက်၊ ပျက်လီယာလေ၊ ခွိုယုတ်ဖြုန်းကေ၊ တစ်ခြင်းပဲလုံး၊ ပြုန်းလားယာလေ။ ခွိုးမှာ (လူရာ)မပါလီလား။

အောင် = တိမ်မှန်းယေမထင်၊ နက်မှန်းယေမသိ၊ ကြီးဘိဆိုကေ၊ လဟာချောင်းကိုတူးခီမှားလို့၊ ဒယောတထည်၊ စွတ်ခရေလေ။ ချစ်တေသူကေ၊ အဖြူနှမ၊ ဒယောတစ်ထည်၊ ငှားပါလတ်လား။

သူ = အကျွန်ရို့မှာကား၊ ကြက်သျှေနင်းတုံ၊ ခွိုးနင်းတုံ။ သူကောင်းဝတ်တုံ၊ ကျွန်ဝတ်တုံ၊ ဘုန်းတော်မောင်၊ ရန်အောင်ဝတ်ကေ၊ ဖုန်းမေလားလေ။

အောင် = ချစ်ခင်မက်နှင့် ကြင်နာမက်လို့ နှစ်ပါးအတူ၊ ပဲယာသူကေ၊ အဖြူပြီးကေ၊ ဝတ်ရမေလေ။

သူ = ကောက်ကလီကောက်ကလောက်။ ကြာဖြူအင်းနှင့်ကြာညိုအင်းမှာ၊ ငါးသုံးကောင်ကို၊ ဗုံးထောင်ယူခီ၊ ခွတ်လို့ဝီကေ၊ မညီပါဘဲ၊ အဖြာဖြာလေ၊ သုံးဖြာကွဲလို့၊ လည်ရွှဲမောင်လှ၊ မေဆင်ခြီကို၊ မဖြီဘဲနှင့်၊ မထွက်ရလေ။

အောင် = ကောက်ကလီ(လေ)သုံးဖြာကွဲလို့၊ လည်ရွှဲနှမ၊ အာကာပြည်မှာ၊ နီနှင့်လလေ။

သူ = မိုးမင်းညိုလေ၊ မရွာတစ်ချက်၊ ရွာတစ်ချက်ကေ၊ ကြောင်းပျက်တေလေ။ မောင်လူပျိုလေ၊ မလာတစ်ရက်၊ လာတစ်ရက်ကေ၊ စိတ်ပျက်တေလေ။

:lu;pay

အောင် = မိုးမင်းညိုလေ၊ ရွာချင်ပါယက်၊ ထက်အာကာမှာ၊ လီသင်းတုန်းကို၊ မုန်တိုင်းဖျက်လို့။ မောင်လူပျိုလေ၊ လာချင်ပါယက်၊ နင်မိခင်နှင့် နင့်ဖခင်ကို၊ အမြင်တုံးကော၊ ငါမုန်းရေလေ။

သူ = ချောင်းဖျားရိုက၊ ချောင်းရိုတထူး၊ အညာခွင်ကို၊ မဝင်ဖူးကော၊ ဖြား ရူးရေလေ၊ ညရိုးတတ္တိ၊ ညဉ့်ရိုးတထူး၊ မောင်လူပျိုလေ၊ မေ့အိမ်ကြောက်ကို၊ မဝင်ဘူးကော၊ စိတ်ရူးရေလေ။

# (၁၇) ရခိုင်စကားအား ဘာသာစကား သုတေသီတို့ ယူဆချက်

တိုးတက်သောနိုင်ငံကြီးများတွင် သမိုင်းသုတေသီတို့သည် မိမိတို့စိတ်ပါဝင်စားသော လုပ်ရပ်များကို ငွေကြေးအမြောက်အများ အကုန်အကျခံ၍ ကမ္ဘာအရပ်ရပ်နိုင်ငံတကာ လှည့်လည်သွားရောက်လျက် သုတေသနပြုလျက်ရှိကြသည်။

တစ်ချို့အနေဖြင့် ရှေးသမိုင်း အဆောက်အဦးကျောက်ကမ္ပည်းစာများ ရှေးဟောင်း ငွေကြေးဒင်္ဂါးများ ပစ္စည်းများကို သုတေသနပြုရှိကြလေသည်။

တစ်ချို့အနေဖြင့် အဆက်အနွယ်၊ သက်ရှိတိရိစ္ဆာန်တို့၏ ရုပ်ကြွင်းဒြပ်များကို ယခုလူ တိရိစ္ဆာန်တို့ ကိုယ်အင်္ဂါတည်ဆောက်ပုံတို့နှင့် မျိုးနွယ်ဆက်စပ်လျက် သုတေသနပြုရှိကြသည်။ တစ်ချို့အနေဖြင့် စာပေအက္ခရာများကို သုတေသနပြုလုပ်လျက် သမိုင်းရပ်များကို သိပ္ပံနည်းကျ သုတေသနပြုလုပ်လျက် ရှိခဲ့ကြပါသည်။

ရခိုင် ဓညဝတီနှောင်းခေတ်၊ ရခိုင်ဝေသာလီခေတ် ကျောက်ကမ္ပည်းစာ၊ ဗိသုကာ လက်ရာ၊ ငွေဒင်္ဂါးများကို သုတေသနပြုလုပ်ခဲ့ကြသော အီး-အိပ်(ချ်)ဂျွန်စတင်၊ (John stone E.H)၊ အေ-ပီ-ဖေယာ (Phryer A.P)၊ဆီ-အေ-ရပ္စတန် (Ruston C.A)၊ဒီ-ဆီ-ဆာရ်ကာ (Sircar D.C) အစရှိသော ပုဂ္ဂိုလ်တို့၏ သုတေသနပြုလုပ်ခဲ့ကြရာမှ ရရှိသော ကြောင်းရပ်တို့မှာ ယင်းအချိန်ကာလသမိုင်းကြောင်းရပ်များ၏ အထောက်အထားများကို ဖော်ထုတ်နိုင်ခဲ့ကြလေသည်။

&c i o;l

တစ်ချို့ သုတေသီတို့မှာ ကမ္ဘာအရပ်ရပ်နိုင်ငံအသီးသီးမှ လူမျိုးစုတို့၏ ဘာသာစကားများကို လေ့လာသုတေသနပြုလုပ်ရှိခဲ့ကြလေသည်။ ရခိုင်မြန်မာစကားများကို လွန်ခဲ့သော နှစ်ပေါင်း ၁၇၀-ခန့်က လေ့လာသုတေသနပြုခဲ့သော အမ်-ဒီ-လီဒန် (Leyden M.D) ၏ အာရှသုတေသနစာစောင်အတွဲ (၁၀) (၁၈၁၁) (A Siatue Researches Volx (1181) တွင် (On the longueges and literature of the lmdo chinese nation) ဆိုသော ဆောင်းပါးမှ ကောက်နုတ်ဖော်ပြလိုက်ပါသည်။ ယင်းဆောင်းပါးတွင် မြန်မာကို (Myama)၊ ရခိုင်ကို (Rekine) ဟု ရေးသားရှိပါသည်။

ရခိုင်စကားသည် ရခိုင်ပြည်တွင် ရှေးပဝေသနီအချိန်ကပင် နေထိုင်ရှိခဲ့ကြသော ရခိုင်လူမျိုးတို့ပြောသောစကာပင် ဖြစ်သည်။ ရခိုင်လူမျိုးတို့၏ ရှေးဟောင်းစာပေတို့တွင် ဗုဒ္ဓအကြောင်းနှင့် ဗုဒ္ဓဟောကြားခဲ့သော ကျမ်းစာများကို အလေးထားမှုများကို တွေ့ရပါသည်။

ရှေးလွန်ခဲ့သော ခရစ်တော်မပေါ်မီ ရာစုနှစ်များစွာက ရခိုင်ပြည်သည် အိန္ဒိယနိုင်ငံ မာဂဓအင်ပါယာထဲတွင် ပါဝင်ရှိခဲ့သော မာဂဓပြည်သားတို့ တည်ထောင်ခဲ့သော တိုင်းပြည်တစ်ပြည်ဖြစ်သည်။ ယင်းကြောင့် အိန္ဒိယပြည်သားတို့က ရခိုင်လူမျိုးတို့ကို (Magh) မောက်၊ (Mag) မက်ဟူ၍ ခေါ်ကြသည်။ ဘင်္ဂါတွင်ရှိသော (Bangali)၊ဘန်ဂါလီလူမျိုးတို့က (Mugh) မဂ်၊ သို့မဟုတ် (Maga) မဂ်ဂဟူ၍ ခေါ်ကြပါသည်။ ယင်းသို့ခေါ်ဆိုကြသောသဘောမှာ မဂဓပြည်သားများဟု ခေါ်ဆိုခြင်းဖြစ်သည်။ (တစ်နည်းအားဖြင့် မဂဓမျိုးနွယ်ဆက်မှ ဆင်းသက်လာသောလူမျိုးဟူ၍ ခေါ်ဆိုသည့်သဘော သက်ရောက်နိုင်ပါသည်။)

ရခိုင်စကားသံသည် အိန္ဒိယပြည်သားတို့ ပြောဆိုသော စကားသံများကို (Monosy llabie) တစ်သံတည်းထွက်သော စကာသံပင် ဖြစ်သည်။

ရခိုင်တို့၏စကားသံမှာ မွင်နိုဆိုလိုလီဘီဆိုသော တစ်သံတည်းထွက်သောအသံဖြစ်သော်လည်း ရခိုင်တို့အနေဖြင့် ပေါလီဆီလီဘီ (Polysyllabie) တစ်သံထက်ပိုသော အသံနှင့်လည်း ပြောဆိုနိုင်ကြပါသည်။

ရခိုင်လူမျိုးများသည် မြန်မာလူမျိုးများနှင့် အနွယ်အားဖြင့် တူညီနိုင်ကြ ပါသည်ဟု လက်ခံနိုင်ကြပါသည်။ သို့သော် ရခိုင်လူမျိုးတို့၏ ယဉ်ကျေးမှုမှာ မြန်မာလူမျိုးတို့၏ ယဉ်ကျေးမှုထက် ရှေးကျသည်ဟု နားလည်ရပေသည်။ မြန်မာတို့ ကိုယ်တိုင် ကလည်း သူတို့ရင်းမြစ်သည် ရခိုင်ဟုယူဆသောကြောင့် ရခိုင်ကို မြမ္မာကြီး (Myanmagui) ဟု ခေါ်ဝေါ်ခဲ့သည်ဟု ဆိုပါသည်။

;lu;pay

# အသျှင်စက္ကိန္ဒ

ရခိုင်စကားသည် အလွန်ရှေးကျသော ဘာသာစကားတစ်ခုဖြစ် ယဉ်ကျေးမှုလည်း အလွန်ရှေးကျသော လူမျိုးတစ်မျိုး ဖြစ်ပေလိမ့်မည်။

မူရင်း အမ်-ဒီလီဒန်၏ မှတ်တမ်းဆောင်းပါးမှာ အတော်ရှည်လျားစွာပါရှိခဲ့သော် လည်း၊ လိုအပ်ချက်များကို အကျဉ်းကောက်နုတ်ဖော်ပြခြင်း ဖြစ်ပါသည်။ အမ်-ဒီ-လီဒန်သည် ဤဆောင်းပါးကို ခရစ်သက္ကရာဇ် ၁၈၁၁-ခုနှစ်တွင် ရေးသားခဲ့ခြင်းဖြစ်ရာ၊ သူသည် ၁၈၀၉-၁၀-ခုနှစ်ခန့်တွင် လေ့လာခဲ့ခြင်းဖြစ်မည်ဟု ခန့်မှန်းယူဆမိပါသည်။

ယင်းနောက် အမ်-ဒီ-လီဒန်၏ မှတ်တမ်းပါအချက်များနှင့် ယှဉ်ရှိုင်းဆက်စပ်လေ့လာနိုင်ကြပါရန် ဆက်လက်၍မှတ်တမ်းအချို့ကို တင်ပြလိုက်ပါသည်။

ဤမှတ်တမ်းမှာ ၁၉၄၇-ခုနှစ် (S.S Tureit) အတ်(စ်)၊ အတ်(စ်)တာရပ်အမည်ရှိ ဂရိတ်သင်္ဘောမှ သင်္ဘောအရာရှိတစ်ဦးထံမှ ရရှိခဲ့သော ဂရိတ်ဘာသာဖြင့်ရေးသားထား သော ထူးဆန်းသော ရှေးခေတ်အတတ်ပညာများဆိုသော စာအုပ်မှယင်းအရာရှိသည် မှတ်စုအနည်းငယ်ကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားပေးခဲ့ခြင်းပင်ဖြစ်ပါသည်။

မူရင်းစာအုပ်မှာ ၁၈၆၉-ခုနှစ် ဂရိတ်စာပေရှင် ဒူးလက်စ် (Dulux) ဆိုသောပုဂ္ဂိုလ် ရေးသားခဲ့သော စာအုပ်ဖြစ်သည်။ တာရပ်သင်္ဘောအရာရှိထံမှ တွေ့ရသောစာအုပ်မှာ ယင်းဒူးလက်စ်စာအုပ်ကို ၁၉၃၆-ခုနှစ်က စာပေဝါသနာရှင်တစ်ဦးက ၆-ကြိမ်မြောက် ပြန်လည်ရိုက်နှိပ်ခြင်းမှု ဖြစ်သည်။

မူရင်းမှတ်တမ်း ရေးသားခဲ့သူမှာ ခရစ်သက္ကရာဇ် ၁၆၂၉-ခု၊ သီရိသုဓမ္မရာဇာ (ရခိုင်-မြောက်ဦးဘုရင်)မင်း လက်ထက် ဆိပ်ကမ်းရေကြောင်းတာဝန်များကို ထမ်းဆောင်ခဲ့သည်ဆိုသော ဂရိတ်လူမျိုး အီလက်ဇန္ဒရိုဒီဖေယာ (Elex Zendro Defain) ဆိုသူ၏ မှတ်တမ်းကိုအခြေခံ၍ ရေးသားထားရှိခဲ့ခြင်းပင် ဖြစ်သည်။

စာပါအကြောင်းမှာ ရခိုင်အဂ္ဂိနိ (Auetgince) ခေါ် ရွှေများကို အိမ်တွင်းလက်မှုပညာတစ်ရပ်အနေဖြင့် ပြုလုပ်ခဲ့သော တိုင်းပြည်ဟု ဖြစ်ပါသည်။ ယင်းအခန်းတွင် ရခိုင်စကားနှင့်ပတ်သက်၍ ဒီဖေယာ၏ မူရင်းမှတ်တမ်းတွင် တွေ့ရသည်မှာ-

"ကျွန်ုပ်အား ရခိုင်ဘုရင် ရှီရိဆုဒန် (Shiri Suden) (သီရိသုဓမ္မရာဇာ)မင်း၏ ဆီဒပန်ဒန် (Sidapanden) ခေါ် ဘုရင်၏ငွေဒင်္ဂါးသွန်းလုပ်သောလုပ်ငန်းမှာ အကြီးအကဲတစ်ဦးဖြစ်သော အိန္ဒိယနိုင်ငံသားတစ်ဦး၏ ပြောပြချက်အရ၊ အဂ္ဂိနိဆိုသည်မှာ

အိန္ဒိယ ရှေးဟောင်းစကားတွင် မီးကိုခေါ်သည်။ အိန္ဒိယရှေးဟောင်းစကားနှင့် ရခိုင် ရှေးဟောင်းများသည် လည်းကောင်း၊ ဗုဒ္ဓကျမ်းစာပေစာများပါစကား (ပါဠိဘာသာကို ဆိုဟန်တူသည်) များသည် လည်းကောင်း၊ အလွန်တူကြောင်း၊ အဂ္ဂိနိဆိုသော ပညာမှာ မီးကိုအဓိကထား၍ ရှွေဖော်စပ်သော ရှေးခေတ်အိန္ဒိယနိုင်ငံမှ ဆင်းသက်လာသော ပညာရပ်တစ်ခုဖြစ်ကြောင်းဟု သိရှိရပါသည်။

ဒူးလက်စ်နောက်၊ ယင်းစာအုပ်ကို ပြန်လည်ရေးသားခဲ့ကြသော ဂရိတ်စာပေရှင် တစ်ဦးက၊ ယင်းမှတ်တမ်းတွင် မှတ်ချက်အနေဖြင့် ဖြည့်စွက်ရေးသားထားသည်မှာ-

"ရှေးခရစ်မပေါ်မီ ရာစုနှစ်များစွာကပင်၊ ရခိုင်သို့ အိန္ဒိယ အင်ဒိုမွန်ဂိုလွိုက်များသည် ဝင်ရောက်ရှိခဲ့ကြောင်း၊ ယင်း အင်ဒိုမွန်ဂိုလွိုက်နွယ်ဝင်တို့မှာ ရခိုင်တို့ ယုံကြည်ကိုးကွယ်ရှိနေသော ဗုဒ္ဓ၏မျိုးနွယ်များပင် ဖြစ်သည်ဆိုပါသည်။ ယင်း အင်ဒိုမွန်ဂိုလွိုက်များသည် (ခီရာဋ Khirata များကို ဆိုလိုပါသည်။) အိန္ဒိယမြောက်ပိုင်းတွင် အစောပိုင်းကပင် ဝင်ရောက်လျက် ဒေသတစ်ခုလုံးပျံ့နှံ့နေထိုင်ရှိသော အရီယာန်လူမျိုးတို့၏ စကားနှင့် ယဉ်ကျေးမှုဓလေ့ထုံးစံများကို ပြောဆိုကျင့်သုံးရှိသောသူများဖြစ်၍ အိန္ဒိယမြောက်ပိုင်းစကားများနှင့် ရှေးဟောင်းခေတ် ရခိုင်စကားများ တူရှိခြင်းဖြစ်ပေလိမ့်မည်။ သို့သော် ခရစ်အေဒီဆယ်ရာစုအစပိုင်းက အရှေ့ဘက်မှတိုင်ခေါ် မွန်ဂိုနွယ်ဝင်တို့ အလုံးအရင်းဝင်ရောက်ခဲ့ပြီး ရှိရင်းလူမျိုးအပေါ် လွှမ်းမိုးသွားခြင်းဖြင့် ရခိုင်စကားသည် အရှေ့ဘက်နိုင်ငံစကားများနှင့် တူညီခဲ့ခြင်းသာ ဖြစ်ပေလိမ့်မည်။ ဇာတိ မူရင်းရခိုင်တို့၏ပြောစကားမှာ ရှေးခေတ် အိန္ဒိယမြောက်ပိုင်းသားတို့ ပြောစကားသာ ဖြစ်နိုင်ဖွယ်ရှိသည်ဟု' ရေးသားထားရှိပါသည်။

ယခုဖော်ပြရှိသည်များမှာ ယင်းနိုင်ငံခြားသုတေသီတို့ ယူဆချက်များသာ ဖြစ်ပါသည်။ ဤစာအုပ်ပြုစုသူများအနေဖြင့် ဝေဖန်တင်ပြခြင်း မပြုလိုပါ။ လေ့လာသူတို့အနေဖြင့်လည်း စိစစ် အကဲဖြတ်နိုင်ကြပေသည်။

ရခိုင်စကားများနှင့်ပတ်သက်၍ သိသင့်သိထိုက်ဖွယ်ရာများကို ကဏ္ဍရပ်များလည်း စုံလင်စေရန် သိမ်းကျုံးလျက် အနည်းအကျဉ်းစီစုဆောင်း တင်ပြလိုက်ခြင်းပင် ဖြစ်ပါသည်။

ယင်းကြောင့် ရခိုင်သားတို့သည် မိမိတို့ မျိုးဇာတိယဉ်ကျေးမှုမဏ္ဍိုင် ကိုယ့်ရခိုင်စကားကို စဉ်လာမပျက် ထိန်းသိမ်းသွားကြရန် လိုအပ်ကြပေသည်။

အသျှင်စက္ကိန္ဒ

# (၁၈)ကိုးကားချက်ကျမ်းများ

## (စာအုပ်၊စာတမ်း၊ ဆောင်းပါးများလည်း ပါဝင်ကြသည်)


၁။ မာန်အောင်ပီယ - ရခိုင်ဝေါဟာရ အယူအဆများ (ရခိုင်သာစွလေ)
၂။ အေးကြာညွန့် - ရခိုင်စကားပုံများ (ရခိုင်ညွန့်ဖူး)
၃။ ထွန်းအောင် - ရခိုင်စကားပုံနှင့် စကားစုများ (ရခိုင်ညွန့်ဖူး)
၄။ အသျှင်စက္ကိန္ဒ - ရခိုင်ယဉ်ကျေးမှုများ (၁)(၂)(၃)
၅။ မင်းပြားယုဝေ - ရခိုင်ဝေါဟာရဘာဏ်ဖွင့်လှစ်ရေး (၁၉၇၄၊ ရခိုင်မဂ္ဂဇင်း၊ အမှတ်(၁))
၆။ မဟာပညာကျော်လျှောက်ထုံး။
၇။ ၂၁-ကြိမ်မြောက်၊ ကျောက်ဖြူမြို့နယ်မှ တင်ဆက်ကပြသော ရထားပန်းယိုင်ယိမ်းစာတမ်း။
၈။ ၂၂-ကြိမ်မြောက်၊ ပြည်ထောင်စုနေ့ မာန်အောင်မြို့နယ်မှ တင်ဆက်ကပြသော ဇမ်းယိမ်းစာတမ်း။
၉။ ၂၄-ကြိမ်မြောက် ပြည်ထောင်စုနေ့ စစ်တွေမြို့နယ်မှ တင်ဆက်ကပြသော အယသမင်္ဂီသီချင်းစာတမ်း။
၁၀။ သန္တာမြိအောင်ခိုင် - သမိုင်းစကာပုံများ (ရခိုင်ယဉ်ကျေးမှုမဂ္ဂဇင်း)
၁၁။ မင်းယုကျော် - ရခိုင်နှင့်ဇမ်း (ရခိုင်တန်ဆောင်အတွဲ ၁၊ အမှတ်၇)
၁၂။ သက်ရွှေ - ရမ္မာမြေမှ ကျေးလက်တေးကဗျာများ (ရခိုင်မဂ္ဂဇင်း အမှတ် ၁)
၁၃။ မောင်ဇင်ယော် - ရမ္မာဝတီမှ တိမ်မြုပ်နေသော ပြည်သူ့တေးကဗျာများ
၁၄။ မောင်တင်လှ - ရခိုင်ဒေသန္တရစကား အဘိဓာန်၊ (ရခိုင်တန်ဆောင် အမှတ်-၆)
၁၅။ မောင်တင်လှ - ရခိုင်သံ (ရခိုင်တန်ဆောင်အမှတ်-၅)
၁၆။ မောင်ဇင်ယော် - ရမ္မာမြေမှ ကျေးလက်သဘာဝတေးသံ (ရခိုင်တန်ဆောင် အမှတ် ၁၄)


&c||o:;|

၁၇။ - ရခိုင်ဝေါဟာရ အဘိဓာန်
(ရခိုင်တန်ဆောင် အမှတ် ၁၁)

၁၈။ မောင်ကြည်တင် - ရခိုင်စကားနောက်ဆက် (၁၂-၁၂-၆၇ နေ့ထုတ် ဗိုလ်တထောင်သတင်းစာ)

၁၉။ ပြည်ထောင်စုနေ့ မြန်မာနိုင်ငံတိုင်းရင်းသားလူမျိုးများ ယဉ်ကျေးမှု ဓလေ့ထုံးစံများ (ရခိုင်)

၂၀။ တန်ခိုးဆရာထွန်း - ဥဒိန္နသာခြင်း

၂၁။ အသျှင်စက္ကိန္ဒ - ရခိုင်သဘာဝတေးကဗျာ

၂၂။ ဦးစံသာအောင် - အာနန္ဒစန္ဒြရှစ်ရာစု ဝေသာလီမင်း

၂၃။ အမ်၊ ဒီ၊ လီဒန်၏ အာရှသုတေသနစာစောင် (အတွဲ ၁၀၊၁၈၁၁)ပါ ဆောင်းပါး

၂၄။ ဂရိတ်-အီလက်ဇန္ဒရိုဒီဖေယာ၏မှတ်တမ်း (၆-ကြိမ်မြောက်ထုတ်)

၂၅။ အနောက်ဘင်္ဂလားနိုင်ငံတွင် သီတင်းသုံးနေထိုင်ရှိနေကြသော ရဟန်းတော်တစ်ချို့ထံမှရရှိသော ရှေးခေတ်ရခိုင်စကားပုံများနှင့် ငွေကြေးအသုံး အဆောင်မှတ်စုများ။

၂၆။ ရှေးခေတ် ရခိုင်စာပေစာစုများမှ ကောက်နုတ်တင်ပြချက်များ။

၂၇။ အဘက်ဘက်မှ ကူညီပေးခဲ့ကြသော ဆရာသတိုးလှ၊ ဦးဦးစော ကျန်းမာရေးအရာရှိ (အငြိမ်းစား)နှင့် အီလက်ဇန္ဒရိုဒီဖေယာ မှတ်တမ်းကို အစီအစဉ်ချ၍ ပြုပြင်ပေးခဲ့သော ဦးချိန်ထွန်း (အငြိမ်းစား၊ လမ်းဘက်အင်ဂျင်နီယာ)ကွယ်လွန်တို့အား အထူးကျေးဇူးတင်ရှိပါသည်။

u;pay

# အသျှင်စက္ကိန္ဒ
# (၁၉) နိဂုံး

ဤစာအုပ်သည် ရခိုင်၏အခြေခံဘာသာစကားများကို လေ့လာနိုင်ရန် လိုရင်း အချက်အလက်များကို ပြဆိုထားခြင်း ဖြစ်လေသည်။

ထို့ကြောင့် ရခိုင်လူမျိုးတို့၏ ဘာသာစကားများကို လေ့လာလိုသူများ၊ ဒေသန္တရ ဗဟုသုတလိုက်စားလိုသူများ၊ ချစ်ကြည်ရင်းနှီး ပေါင်းသင်းမှုကို ဖြစ်စေလိုသူများ၊ ရခိုင် ရောက်ခရီးသည်များ၊ ရခိုင်သွားလိုသူများ၊ လက်စွဲပြုထားရမည်လည်း ဖြစ်ပါသည်။

ဤစာအုပ်ကို အခြေပြု၍ ရခိုင်နှင့်ဆိုင်ရာ သိသင့်သိရာတို့ကို ဆက်လက်၍ လေ့လာနိုင်ပြီးရာကား ရခိုင်၏အဖော် ဧည့်မိတ်ဆွေလမ်းညွှန်အဖြစ် လက်ကိုင်နိုင်ပေပြီဟု ယုံကြည်မျှော်လင့်ပါသတည်း။

**အသျှင်စက္ကိန္ဒ**
**(ရခိုင်မြေ)**

&c i o;lu;p